# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့် ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၃၇)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အိန္ဒိယသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၆

အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဩရိသပြည်နယ်များသို့ ဖြတ်ကျော်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

### Covid ၏ အကျိုးဆက်များကို အောင်နိုင်စွာ ကိုင်တွယ်ဆောင်ရွက်ရေး စီမံချက်များထဲတွင် အလုပ်အကိုင် ဖန်တီးရေးကို အထူးအလေးပေးမည် ဖြစ်ကြောင်း ရေးသားဖော်ပြ

နေပြည်တော် မေ ၂၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ၏ အကျိုးဆက်များကို အောင်နိုင်စွာ ကိုင်တွယ်ဆောင်ရွက်ရေး စီမံချက်များထဲတွင် အလုပ်အကိုင်ဖန်တီးရေးကို အထူးအလေးပေးမည်ဖြစ်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသား ဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ ယခုလုပ်ဆောင်မှုများသည် နောင်အတွက် ရင်းနှီးမှုများဖြစ်စေချင်သည်ဟု မနေ့က ရေးခဲ့ပါကြောင်း၊ ဘယ်အခြေအနေမဆို အဆိုးဘက်ကို ရောက်သွားမလား၊ အကောင်းဘက်ကို ရောက်သွားမလားဆိုတာ ကာယကံရှင်များအပေါ် အများကြီး မူတည်ပါကြောင်း။

ပြည်ပမှ မိမိတို့နိုင်ငံသားတွေ အများအပြား ပြန်လာနေချိန်မှာ အတွေးလေးတွေ ဝင်လာပါကြောင်း၊ ပြန်လာသူများအတွက် ကျန်းမာရေး၊ ခရီးသွားရေးအစီအစဉ်တွေ ချမှတ်ဆောင်ရွက်ရတာ ကြီးမားတဲ့တာဝန်ဖြစ်ပေမဲ့၊ အခက်အခဲနဲ့ ကြုံချိန်မှာ ကိုယ့်နိုင်ငံကို အားကိုးစိတ်နဲ့ ပြန်လာကြတာကို ကျေနပ်ဂုဏ်ယူမိပါကြောင်း၊ အချို့ အင်အားကြီးနိုင်ငံများ၏ ပြည်သူများသည် နိုင်ငံရပ်ခြားရောက်တုန်း ပြဿနာတစ်ခုခုဖြစ်လျှင် "ကျုပ်တို့က ဘယ်နိုင်ငံသား" ဆိုပြီး မိမိတို့နိုင်ငံ၏ အင်အားအရှိန်ကိုယူကြပါကြောင်း၊ မိမိကတော့ ဘယ်သူ့ကိုမှ ကျော်ချင်တဲ့စိတ်နှင့်မဟုတ်ဘဲ ဘယ်လိုအခြေအနေမှာမဆို ဒို့နိုင်ငံက ဒို့ကိုပစ်ထားမှာ မဟုတ်ဘူးဆိုသည့် စိတ်လုံခြုံမှုမျိုး မိမိတို့ ပြည်သူများမှာ ရှိစေချင်ပါကြောင်း။

စီးပွားရေးလိုအပ်ချက်ကြောင့် မိမိတို့ပြည်သူများ တိုင်းတစ်ပါးကိုသွားရသည့် အခြေအနေများကိုလည်း ပြောင်းချင်ပါကြောင်း၊ Covid ၏ အကျိုးဆက်များကို အောင်နိုင်စွာ ကိုင်တွယ်ဆောင်ရွက်ရေး စီမံချက်များထဲတွင် အလုပ်အကိုင်ဖန်တီးရေးကို အထူး အလေးပေးမှာ ဖြစ်ပါကြောင်း၊ အရာရာတိုင်းမှာလိုပဲ ရည်ရွယ်ချက်တွေအောင်မြင်ဖို့ ပြည်သူ၏ ပူးပေါင်းအားပေးမှုသည် အဓိက ဖြစ်ပါကြောင်း၊ ပြည်တွင်း အလုပ်အကိုင်တွေအတွက် ရမဲ့ဝင်ငွေက ချက်ချင်းတော့ ပြည်ပမှာ ရနိုင်တာကို မမီတာဖြစ်နိုင်ပါကြောင်း၊ ဒါပေမဲ့ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံမှာနေရတဲ့ သုခအကျိုးအမြတ်တွေရဲ့ တန်ဖိုးလည်း ရှိပါသေးကြောင်း။

ယခုလို မိမိတို့နိုင်ငံ၏ ပြန်လည်ထူထောင်ရေးကာလလို့ ဆိုနိုင်သည့်အချိန်မှာ တစ်ထောင့်တစ်နေရာက ပါဝင်နိုင်သည့်အခွင့်အရေး၏ တန်ဖိုးကလည်းကြီးမားပါကြောင်း၊ နောင်မျိုးဆက်တွေအတွက် ရုပ်ပိုင်းဆိုင်ရာသာမက၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်တွေ စုဆောင်းရေးမှာ ပါဝင်ကြစေချင်ပါကြောင်း ရေးသားဖော်ပြထားသည်။

- ❑ ပြန်လာသူများအတွက် ကျန်းမာရေး၊ ခရီးသွားရေး အစီအစဉ်တွေ ချမှတ်ဆောင်ရွက်ရတာ ကြီးမားတဲ့ တာဝန်ဖြစ်ပေမဲ့၊ အခက်အခဲနဲ့ ကြုံချိန်မှာ ကိုယ့်နိုင်ငံကို အားကိုးစိတ်နဲ့ ပြန်လာကြတာကို ကျေနပ်ဂုဏ်ယူ
- ❑ မိမိကတော့ ဘယ်သူ့ကိုမှ ကျော်ချင်တဲ့စိတ်နှင့် မဟုတ်ဘဲ ဘယ်လိုအခြေအနေမှာမဆို ဒို့နိုင်ငံက ဒို့ကိုပစ်ထားမှာ မဟုတ်ဘူးဆိုသည့် စိတ်လုံခြုံမှုမျိုး မိမိတို့ ပြည်သူများမှာ ရှိစေချင်

## ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၇၇၂၀ အား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် စီစဉ်ပို့ဆောင်ပေးနိုင်ခဲ့




လားရှိုး မေ ၂၆

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့ရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန် ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှ စတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့မှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျ စိစစ်၍ လားရှိုးမြို့အထိ

*စာမျက်နှာ ၃ ကော်လံ ၅* ❖


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ခုန်ပျံကျော်လွှားတိုးတက်ရေးသို့

တခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းလျှင် မိမိတို့က ခြေလှမ်းလေး၊ ငါး၊ ဆယ်လှမ်း လှမ်းလိုက်နိုင်မှ နောင် ၁၀ နှစ်၊ အနှစ် ၂၀ တွင် တန်းတူညီတူဖြစ်သွားမည်ဟု လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော် ကာလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့သည်။ ဤသို့ ရလဒ်မျိုးရရှိရန်အတွက် သူများ လမ်းလျှောက်နေချိန်တွင် မိမိတို့က သူ့ထက်လေးငါးဆယ်ဆမြန်သော နှုန်းရအောင် ပြေးရမှာဖြစ်သည်။ သူ့ထက်လေးငါးဆယ်ဆသာသော အားထုတ်မှုဖြင့် ကြိုးပမ်းရမည် ဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး၏ အမှာအကြားသည် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်အတွင်း အကောင်အထည်မဖော်နိုင်ခဲ့ကြသည့်အလျောက် မျက်မှောက်ကာလထိအောင်လည်း အလုပ်ကြွေးကျန်အဖြစ် ကျန်နေဆဲဖြစ်သည်။ အများက ခြေလှမ်းမှန်မှန် လှမ်းလျှောက်သွားကြချိန်တွင် မိမိတို့က ပြေးရန်မဆိုထားဘိ ဦးတည်ချက်မှန်မှန်နှင့် ခြေလှမ်းမှန်မှန်ပင် မလျှောက်နိုင်ခဲ့။ သို့ဖြစ်သည့်အတွက် မိမိတို့နိုင်ငံသားအားလုံးတို့ ပခုံးပေါ်တွင် သမိုင်းပေးတာဝန်ကြွေးကျန်တို့ ထမ်းဆောင်ရန်ကျန်ရစ်နေဆဲ။ အရာရာတွင် နောက်ကျကျန်ရစ်နေသည့်အခြေအနေမှ လွတ် မြောက်ရန် အားကုန်ထုတ်၍ ရုန်းကန်ကြရဦးမည်။ ရှေ့သို့ ခပ်ဝေး ဝေးရောက်နေပြီဖြစ်သည့် နိုင်ငံများကို အမီလိုက်နိုင်ရန် အပြေးတက်ကြရဦးမည်။

နိုင်ငံများစွာတို့က စတုတ္ထစက်မှုတော်လှန်ရေးဆီသို့ တက်လှမ်းနေကြပြီ။ ပထမစက်မှုတော်လှန်ရေးသည် လက်မှုလုပ်ငန်းများနေရာတွင် ရေနွေးငွေ့စွမ်းအားသုံးသည့် စက်မှုလုပ်ငန်းများ အစားထိုးဝင်ရောက်လာခြင်းဖြစ်သည်။ ဒုတိယစက်မှုတော်လှန်ရေးတွင်မူ လျှပ်စစ်စွမ်းအားနှင့် အလိုအလျောက်စက်ယန္တရားများကို အသုံးပြုကာ ကုန်ပစ္စည်းအမြောက်အမြားထုတ်လုပ်မှုတို့ပေါ်ပေါက်လာသည်။ တတိယစက်မှုတော်လှန်ရေးက ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာခေတ်သို့ ရောက်ရှိစေခဲ့ပြီး စတုတ္ထစက်မှုတော်လှန်ရေးက ဉာဏ်ရည်တုနှင့် နာနိုနည်းပညာ၊ အရာရာအင်တာနက်(Internet of Things– IOT) တို့ ကဏ္ဍများစွာ၊ နယ်ပယ်များစွာတို့တွင် အသုံးချကာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြင့်မားလာစေခဲ့ပြီဖြစ်သည်။ နောက်မှလိုက်ကြရသည့် နိုင်ငံများမှာ မိမိတို့တွင်ရှိသည့် ပကတိအခြေအနေနှင့် အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးပြုပြီး ခုန်ပျံကျော်လွှားအမီလိုက်ကြရခြင်းဖြစ်သည်။ ယင်းသို့ ခုန်ပျံကျော်လွှားရာတွင်လည်း အဓိက အကျဆုံးမှာ လူသားအရင်းအမြစ်ဖြစ်သည်။ ကျွမ်းကျင်ပြီး လုံ့လဝီရိယအားကောင်းသည့် လူ့စွမ်းအားအရင်းအမြစ်သည် တန်ဖိုးမြင့်လူသားအရင်းအမြစ်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်သည့် အင်အားလည်း ဖြစ်သည်။

ယခုအခါ ကူးစက်မြန်ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံး ကမောက်ကမဖြစ်နေကြရသည့်အချိန်ဖြစ်ပြီး ကပ်ရောဂါကာလပြီးဆုံးသွားပြီးနောက် မဝေးလှသည့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ကမ္ဘာ့မြင်ကွင်းကို ကြိုတင်ပုံဖော်မှန်းဆလျက်ရှိကြသည်။ ထို့ပြင် လက်ရှိကာလသည် အခက်အခဲထဲမှ ထွက်ပေါ်လာနိုင်သည့်အခွင့်အလမ်း၊ အကျပ်အတည်းထဲမှ ရရှိလာနိုင်သည့် အကျိုးအမြတ်တို့ကို ရှာဖွေကြရမည့် ကာလလည်းဖြစ်သည်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက ကိုဗစ် – ၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကုစားနိုင်ရေးနှင့် ကိုဗစ်လွန်ကာလတွင် ပြန်လည်ထူထောင်နိုင်ရေးတို့အတွက် မိမိတို့တွင် ရှိနေသည့် အရင်းအမြစ်များကိုအသုံးချကာ စီမံချက်လုပ်ငန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း ကိုဗစ်အလွန်ကာလတွင် စီးပွားရေးကုစားမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆန္ဒ၊ စိတ္တ၊ ဝီရိယနှင့် ဝီမံသ(ပညာ)တို့ ဦးစီးကာ စုပေါင်းညီညာစွာဆောင်ရွက်ကြသည်နှင့်အမျှ ကိုဗစ်အိပ်မက်ဆိုးမှ လွတ်မြောက်နိုင်မည်ဖြစ်သည့်အပြင် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားနိုင်မည်ဖြစ်သည်။ ရုတ်တရက် ပျောက်ကွယ်သွားဦးမည်မဟုတ်သေးသည့် ကိုဗစ်–၁၉ ရောဂါ အပြန်အလှန်ကူးစက်ပြန့်ပွားမှုများမဖြစ်အောင် အလိုက်သင့်နေထိုင်ကြရင်း၊ နေ့စဉ်ဘဝများ ရှင်သန်နိုင်ကြစေရန် အားထုတ်ကြရင်း အခက်အခဲများကြားမှ အခွင့်အလမ်းများကို ရှာဖွေကြရပါမည်။ မိမိတို့နိုင်ငံ၏ သယံဇာတအရင်းအမြစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များသည်ပင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပဓာနအကျဆုံး အရင်းအမြစ်များဖြစ်ပြီး ထိထိရောက်ရောက် အသုံးချနိုင်သည်နှင့်အမျှ ခုန်ပျံကျော်လွှား တိုးတက်မှုတို့ ဖော်ဆောင်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း ။ ။

## ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် နှာခေါင်းစည်းများ လှူဒါန်း

**နေပြည်တော် မေ ၂၆**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ အသုံးပြုနိုင်ရန် ယူနန်ပြည်နယ်၊ ယူနန်တီဗွီမှ နှာခေါင်းစည်း ၅၀၀၀ နှင့် Myanmar – China Lancang Mekong Culture Communication Co.,Ltd. က နှာခေါင်းစည်း ၅၀၀၀ စုစုပေါင်း နှာခေါင်းစည်း ၁၀၀၀၀ ကို မေ ၂၅ ရက်က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးတွင် လာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေး ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။



## အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့သို့ စေတနာ့ဝန်ထမ်းလက်စွဲစာအုပ်၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၂၆**

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများအတွက် စေတနာ့ဝန်ထမ်း လက်စွဲစာအုပ်များ၊ လက်သန့်ဆေးနှင့် နှာခေါင်းစည်းများကို ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံးသို့ လာရောက်လှူဒါန်းသည်။

ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းနှင့်အဖွဲ့က စေတနာ့ဝန်ထမ်းလက်စွဲစာအုပ် ၂၀၀၀၊ နှာခေါင်းစည်း ၅၀၀၀၊ လက်သန့်ဆေးရည် ငါးလီတာဘူး ၁၂၀၊ ၅၀၀ မီလီ လီတာဘူး ၁၀ ဘူးတို့ကို ပေးအပ်လှူဒါန်းရာ စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၊ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းစဉ်



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် နှင့် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director Ms. Mariam J. Sherman တို့ Video Conference စနစ်ဖြင့် ချိတ်ဆက်ဆွေးနွေးစဉ်။

## ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်အကူအညီပေးသွားမည်

**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director Ms. Mariam J. Sherman အား ယနေ့တွင် Video Conference ဖြင့် ချိတ်ဆက်ဆွေးနွေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်မှ ပံ့ပိုးပေးခဲ့သည်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် အဆင့်မြင့်ငွေစက္ကူ ရေတွက်စစ်ဆေးစက်များ တပ်ဆင်ခြင်းနှင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သင်တန်းကျောင်းများ တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းများအတွက် ပံ့ပိုးပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Country Director Ms. Mariam J. Sherman က ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ် (Reform Agenda) အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက် အကူအညီပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးမင်း၊ ဦးစိုးသိန်းတို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ ဖတ်ရှုမှီငြမ်းပြုနိုင်ရန်နှင့် လွှတ်တော်စာကြည့်တိုက်များတွင် ထားရှိနိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ အခြေခံပညာအထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက ရုံးခန်း၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် တန်ဖိုးထားပြီး လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန်၊ မိမိတို့ လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သော အတွေးအမြင်များရရှိစေရန်နှင့် ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွင်း အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ယခုလို ရည်ညွှန်းစာစောင်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရေးသားပြုစုခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ရည်ညွှန်းစာစောင် လေးအုပ်ပါအစုံ ၇၀၀ ကို ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

### လိုအပ်ချက်ကို ဖြည့်ဆည်း

ပြည်ထောင်စုလွှတ်တော်နာယကက အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ရည်ညွှန်းစာအုပ်များ ရေးသားပြုစု၍ လွှဲပြောင်းပေးအပ်ခြင်းအတွက် ဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဤရည်ညွှန်းစာစောင်များ ရေးသားပြုစုဖြန့်ဝေနိုင်ခြင်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်များအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ကော်မရှင်နှင့် ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းပြောကြားသည်။



အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် ရည်ညွှန်းစာစောင် လေးအုပ်ပါ အစုံ ၇၀၀ ကို ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်ထံ လွှဲပြောင်းပေးအပ်စဉ်။ သတင်းစဉ်

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ Korean Food for the Hungry International (KFIHI) and Be My Friend (Myanmar) မှ Mask နှင့် PPE များ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက် Korean Food for the Hungry International (KFIHI) and Be My Friend (Myanmar) မှ Mask နှင့် PPE များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission, Minister Counsellor Mr. Hahm Jeonghan တို့က အမှာစကားပြောကြားပြီး အလှူရှင် Korean Food for the Hungry International (KFIHI) and Be My Friend (Myan–mar) မှ Mr. Won, Sunghee က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။




ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission, Minister Counsellor Mr. Hahm Jeonghan နှင့် အလှူရှင်တို့က နှာခေါင်းစည်းနှင့် ရောဂါကာကွယ်ရေးဝတ်စုံများ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ယနေ့ လှူဒါန်းပွဲတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ Korean Food for the Hungry International (KFIHI) and Be My Friend (Myanmar) မှ အမေရိကန်ဒေါ်လာ ၅၆၀၀၀ နှင့်ညီမျှသော နှာခေါင်းစည်း ၅၀၀၀၀ နှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**

**ဓာတ်ပုံ–ဇော်မင်းလတ်)**

❖ ရှေ့ဖုံးမှ

မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မေ ၂၆ ရက်က နေရပ်ပြန်ပြည်သူ အမျိုးသား ၆၄ ဦး ၊ အမျိုးသမီး ၄၆ ဦး စုစုပေါင်း ၁၁၀ တို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

### လွှဲပြောင်းပို့ဆောင်

အဆိုပါ နေရပ်ပြန် ပြည်သူ ၁၁၀ တို့တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ နေပြည်တော်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၃ ဦး ၊ မကွေးတိုင်းဒေသကြီးမှ ၆၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ လေးဦး ၊ ဧရာဝတီတိုင်းဒေသကြီးမှ လေးဦးတို့ဖြစ်သည်။ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ မေ ၂၆ ရက်အထိ အမျိုးသား ၄၉၂၅ ဦး၊ အမျိုးသမီး ၂၇၉၅ ဦး စုစုပေါင်း ၇၇၂၀ တို့အား လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

### ပူးပေါင်းကူညီ

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန် ပြည်သူများအား လားရှိုးမြို့၌ ခေတ္တညအိပ်တည်းခိုနိုင်ရေးအတွက် ပညာရေးကောလိပ်တွင်စီစဉ်ထားရှိကာ စားသောက်ရေးကိစ္စရပ်များ၊ ကျန်းမာရေးစစ်ဆေးခြင်းများ ၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းတို့ကို ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လားရှိုးခရိုင်နှင့်မြို့နယ် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန (တွဲဖက်ပြည်နယ်ရုံး) လားရှိုးမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်ပုဂ္ဂလိက ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ၊ စေတနာရှင်အလှူရှင်များက လိုအပ်သည်များကို ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျပြန်လည်လက်ခံ၍ ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်လုပ်ငန်းများ ပိုမိုထိရောက်စွာပေါင်းစပ်ဆောင်ရွက်ရေးအတွက် လူမှုရေးဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျပြန်လည်လက်ခံ၍ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်လုပ်ငန်းများ ပိုမိုထိရောက်စွာ ပေါင်းစပ်ဆောင်ရွက်ရေး တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးသည်။ (ယာပုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်တွင် ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသားများ အလုံးအရင်းဖြင့် ပြန်လည်ဝင်ရောက်လာလျက်ရှိသဖြင့် ထိုသို့ဝင်ရောက်မှုများအပေါ်တွင် ချိန်သားကိုက် စနစ်တကျစီမံခန့်ခွဲမှုများပြုလုပ်ကာ ကိုဗစ်–၁၉ ပြန့်ပွားကူးစက်မှုများ မရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့အထိ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ လူနာ ၂၀၃ ဦးရှိပြီး ယခုရက်ပိုင်းတွင်တွေ့ရှိရသော လူနာသစ်များသည် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့အထိ ဓာတ်ခွဲစစ်ဆေးခဲ့သည့် သံသယ/ စောင့်ကြည့်လူနာများ၌ ၁ ဒသမ ၃ ရာခိုင်နှုန်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့်ထိတွေ့ခဲ့သူများ၌ ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် အသွားအလာကန့်သတ်ထားရှိသူများ၌ ၀ ဒသမ ၃ ရာခိုင်နှုန်းတို့တွင် ရောဂါပိုးတွေ့ရှိခဲ့ပါကြောင်း၊ ယနေ့အထိ ကိုဗစ်–၁၉ ဓာတ်ခွဲစစ်ဆေးမှုများတွင် သံသယ/ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများ အားလုံးကိုလည်းကောင်း၊ အသွားအလာကန့်သတ်ထားသူများ၏ ၅ ဒသမ ၄ ရာခိုင်နှုန်းကိုလည်းကောင်း စစ်ဆေးခဲ့ပြီး စစ်ဆေးခဲ့သည့်ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၀၃၁၉ ခုအနက် တစ်ရာခိုင်နှုန်းတွင် ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း။

## တိကျစွာလိုက်နာ

လက်ရှိအခြေအနေတွင် အတိုင်းအတာတစ်ခုအထိလက်ခံနိုင်သော ရောဂါထိန်းချုပ်နိုင်မှုအဆင့်တစ်ခုကို ရရှိနေသော်လည်း ကိုဗစ်–၁၉ နှင့် ရောဂါပိုး၏ သဘောသဘာဝကို အပြည့်အစုံမသိရှိသေးသဖြင့် မိမိတို့အနေဖြင့် လက်ရှိလုပ်ဆောင်နေသည့်လုပ်ငန်းများကို လုံးဝ အားလျှော့၍မရဘဲ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၏ ပညာရပ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဌာန/ အဖွဲ့အစည်းများ၊ လူမှုရေးပရဟိတအဖွဲ့အစည်းများအားလုံး၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ ပေးပို့လာသော စာရင်းဇယားနှင့် သတင်းအချက်အလက်များကို နေ့စဉ်ပြည်သူ့ကျန်းမာရေးနှင့် ရောဂါဗေဒရှုထောင့်မှ ဆန်းစစ်မှုများပြုလုပ်၍ စီမံခန့်ခွဲမှု၊ လမ်းညွှန်မှုများကို ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများ၊ တာဝန်ရှိသူများအနေဖြင့် မှန်ကန်သော သတင်းအချက်အလက်များ၊ အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးအပ်စေလိုပါကြောင်း၊ နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို နယ်စပ်ဝင်၊ ထွက်ဂိတ်များတွင် လက်ခံမှတ်တမ်းယူမှု၊ အသွားအလာကန့်သတ်ထားရှိရန် နေရာများသို့ သီးခြားယာဉ်များဖြင့် သတ်မှတ်စည်းကမ်းများနှင့်အညီ ပို့ဆောင်မှု၊ အသွားအလာကန့်သတ်ထားရှိခြင်း စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များထုတ်ပြန်ထားပြီး အဆိုပါလမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၊ လုပ်ငန်းပါဝင်ဆောင်ရွက်သူများအကြား အချိတ်အဆက်မိစွာဖြင့် စနစ်တကျဆောင်ရွက်နေကြသည်မှာ ကောင်းမွန်ပါကြောင်း။

## တိကျစွာစည်းကမ်းလိုက်နာ

ယခုအချိန်အခါ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုနှင့် ချိန်သားကိုက် စနစ်တကျပူးပေါင်းဆောင်ရွက်မှုတို့သည် ပိုမို၍အရေးကြီးလာပါကြောင်း၊ လက်ရှိတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသွားအလာကန့်သတ်ထားရှိရာနေရာ ၁၀၀၀၀ ခန့်တွင် အသွားအလာကန့်သတ်ထားရှိသူ ၅၆၀၀၀ ခန့်ရှိနေပြီး ယနေ့အထိ အသွားအလာကန့်သတ်ထားရှိခံခဲ့ရသူ စုစုပေါင်း ၂၂၀၀၀၀ ခန့်ရှိပါကြောင်း၊ အသွားအလာကန့်သတ်ထားရှိရာနေရာများကို စီမံခန့်ခွဲမှုပြုလုပ်ရာတွင် အသွားအလာကန့်သတ်မှုခံရသူများ စည်းကမ်းလိုက်နာမှုရှိရေးအတွက် ကြိုးကြပ်ဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါကြောင်း၊ ထိုသို့ တိကျစွာစည်းကမ်းလိုက်နာမှုရှိမှသာလျှင် ကိုဗစ်–၁၉ ကို ကောင်းစွာထိန်းချုပ်နိုင်ပြီး ဤကပ်ရောဂါဘေးကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

## ပွင့်လင်းစွာဆွေးနွေး

အသွားအလာကန့်သတ် ထားရှိရာနေရာများ၏ အခြေအနေကို စစ်ဆေးသည့်ပုံစံစာရင်း (checklist) များကို အသုံးပြု၍ စောင့်ကြည့်ဆန်းစစ်မှုများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများ၏ ၆၀ ရာခိုင်နှုန်းခန့်တွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသေးသော်လည်း ရောဂါပိုးရှိနေသည်ဆိုသည့်အချက်ကို နေရပ်ပြန်လာသည့် အသွားအလာကန့်သတ်ထားရှိခံရသူများသိရှိရန် အထူးအလေးပေး၍ ပြောကြားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID–19 ဓာတ်ခွဲစစ်ဆေးမှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် လာမည့်လအတွင်း ဓာတ်ခွဲစစ်ဆေးမှုများ စတင်ပြုလုပ်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ အလားတူ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် စစ်ဆေးနိုင်ရေးကိုလည်း စီစဉ်လျက်ရှိပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် ပြည်ပမှ နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်ချက်များ၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့် အထွေထွေကိစ္စရပ်များကို ပွင့်လင်းစွာဆွေးနွေးပြောကြားကြစေလိုပါကြောင်း ပြောကြားသည်။

## အခက်အခဲများကို ဆွေးနွေး

ဆက်လက်၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပြည်ပမှ နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအခြေအနေများ၊ အသွားအလာကန့်သတ်ထားရှိမှုလုပ်ငန်းစဉ် အဆင့်ဆင့် ဆောင်ရွက်နေမှုများ၊ အသွားအလာကန့်သတ်ထားရှိသည့်ဦးရေ၊ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လုပ်ငန်းအတွေ့အကြုံများ၊ တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးပြောကြားသည်။

## ပြန်လည်ဆွေးနွေး

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးတို့က ပြန်လည်ဆွေးနွေးကြသည်။

## အသီးသီးဆွေးနွေး

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသွားအလာကန့်သတ်ထားရှိမှုလုပ်ငန်းများတွင် ကျန်းမာရေးကဏ္ဍ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ဓာတ်ခွဲနမူနာများ ရယူဆောင်ရွက်နေမှု၊ သံသယ/ စောင့်ကြည့်လူနာအရေအတွက်၊ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က လက်ရှိဓာတ်ခွဲစစ်ဆေးမှုအခြေအနေများ၊ ဓာတ်ခွဲပစ္စည်းများ အမျိုးအစားအလိုက် ရရှိမှု၊ ဝယ်ယူမှု၊ ကျန်ရှိစာရင်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း၊ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး)၊ ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံကြီးတို့မှ ဆေးပညာ ပါမောက္ခများက ကိုဗစ်–၁၉ ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် အထွေထွေကိစ္စရပ်များကိုလည်းကောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အထွေထွေဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း အသီးသီးဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်သူများ၏ ဆွေးနွေးအကြံပြုချက်များကို မှတ်တမ်းတင်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် မြဝတီမြို့၌ နေရပ်ပြန်များ ကြိုဆိုလက်ခံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြဝတီ မေ ၂၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက မြဝတီမြို့သို့ ရောက်ရှိပြီး ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များကြိုဆိုလက်ခံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြဝတီမြို့ ရွှေမြဝတီ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စခန်းသို့ သွားရောက်ပြီး နေရပ်ပြန်များအား ကန့်သတ်စောင့်ကြည့်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား BCF ဇုန်သို့ သွားရောက်ကာ ပြန်လည်ကြိုဆိုလက်ခံနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြဝတီခရိုင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က နေရပ်ပြန်လာသူများကို ကြိုဆိုရေးလုပ်ငန်း၊ ကန့်သတ်စောင့်ကြည့်ထားရှိရေးလုပ်ငန်း၊ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရေးလုပ်ငန်းနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေး အခြေအနေများနှင့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာအလိုက် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မဲကနယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းနှင့် မဲကနယ်တိုးချဲ့ကွက်သစ်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ရပ်ကွက် ၆/၇ ကွက်သစ်ဖော်ဆောင်နေသည့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြဝတီမြို့ရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်သည့် သမ္မဂ္ဂသုခကျောင်း၊ တောရကျောင်းနှင့် အေးစေတီတောင်ပေါ်ကျောင်းများသို့ သွားရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် ပဲများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ထိန်လင်းအောင်**

**(ပြန်/ဆက်)**

## ထူးခြားသည့်နေ့အပူချိန်များ

**နေပြည်တော် မေ ၂၆**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့၊ ဂန့်ဂေါမြို့နှင့် ပေါက်မြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ ညောင်ဦးမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် ကြေးမုံ(စိုက်ပျိုးရေးမိုးလေဝသ)၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ တံတားဦး (လေကြောင်းမိုးလေဝသ)၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၈၃ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၇၈ လက်မ၊ မချမ်းဘောမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၇၂ လက်မစီ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၅၅ လက်မနှင့် ပေါင်မြို့တွင် ၁ ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒ့ါအပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အခြေခံပညာလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၀) ကျင်းပ

**နေပြည်တော် မေ ၂၆**

ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အခြေခံပညာလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၀) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ တာဝန်ရှိသူများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် Video Conferencing ဖြင့် ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အခြေခံပညာလုပ်ငန်းညှိနှိုင်းအစည်း အဝေး (၄/၂၀၂၀) တွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

### ဖွင့်လှစ်နိုင်ရေး ကြိုးပမ်း

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိဘဲ၊ မည်သူတစ်ဦး တစ်ယောက်ကိုမျှချန်မထားဘဲ၊ ကျောင်းထွက်သူ မရှိရေးတို့ကို အခြေခံ၍ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော သင်ယူမှုအခွင့်အလမ်း မြင့်မားစေရေးကိုဦးတည်လျက် အခြေခံပညာကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဇူလိုင်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အထက်တန်းအဆင့်ကို ဦးစားပေး ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော လုံခြုံဘေးကင်း၍အရည်အသွေးကောင်းမွန်သည့်အခြေခံပညာအထက်တန်းအဆင့်ကျောင်းများဖွင့်လှစ်ရာတွင် တွေ့ကြုံရမည့် လိုအပ်ချက်၊ အားနည်းချက်များကို ပြင်ဆင်ပြီးမှသာ အလယ်တန်းနှင့် မူလတန်းများ တစ်ဆင့်ချင်းစီ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အချိန်မီပြုစုတင်ပြရမည်

အခြေခံပညာကျောင်းများဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်၊ တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေး ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များဖြစ်သည့် ကျောင်းသို့ မလာမီနှင့် လာရောက်စဉ် မိဘနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် အချက်များ၊ ကျောင်းသို့ရောက်ရှိပြီး စာသင်ကြားချိန်တွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ မုန့်စားနားချိန်နှင့် ထမင်းစားနားချိန်တွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ စာသင်ကြားပြီးကျောင်းမှအပြန်တွင် မိဘနှင့် ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ ကျောင်းတွင်းရှိ စာသင်ခန်းများတွင် ပြင်ဆင်ထားရှိရမည့် အချက်များတို့ကို လိုက်နာဆောင်ရွက်ရန် အတွက် အချိန်မီပြုစုတင်ပြရမည် ဖြစ်ပါကြောင်း။

### စနစ်တကျပြုစု

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါဖြင့် ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိသူများတွေ့ရှိနေရသဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် အထူးသတိပြု လိုက်နာစီစဉ်ဆောင်ရွက်ရမည်မှာ လူတိုင်းပြန်လည်အသုံးပြု၍ရသော နှာခေါင်းစည်း တပ်ဆင်ရန်နှင့် နေ့စဉ်လူအများတွေ့ဆုံမှု လျှော့ချရန်၊ လူအုပ်စုများဖြစ်ပေါ်လာနိုင်မှုကိုလျှော့ချရန် အရေးကြီးပါကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး၊ ကျောင်းသား အချင်းချင်း၊ ကျောင်းသား၊ ဆရာတို့အနည်းဆုံး ခြောက်ပေ ကွာခြားရန်လိုပါကြောင်း၊ အလယ်တန်း၊ အထက်တန်း စာသင်ခန်းများမှာလည်း တစ်ခန်းလျှင်(၃၀ x ၂၄) ပေဖြစ်သဖြင့် အနည်းဆုံး ခြောက်ပေ ကွာခြားနိုင်ရေးအတွက် အများဆုံး ၂၀ အတွက်သာ ခုံစီရန်နှင့် မူလတန်းစာသင်ခန်းများတွင်လည်း အနည်းဆုံး ခြောက်ပေ ကွာခြားနိုင်ရေးကိုသာ ဦးစားပေး၍ ခုံစီရမည်ဖြစ်ပါကြောင်း၊ ကျောင်းအလိုက် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြဆရာဦးရေနှင့် စုစုပေါင်း အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ကျောင်းသားဦးရေ၊ ကျောင်းအလိုက်နှင့် အတန်းလိုက် အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် ဆရာ၊ ကျောင်းသားအချိုးနှင့် စာသင်ခန်း ကျောင်းသားအချိုးတို့ကိုအခြေခံ၍ ပုံမှန်ဖွင့်လှစ်နိုင်မည့်ကျောင်းများ၊ တစ်ပတ်ခြားတက်နိုင်မည့် ကျောင်းများ၊ ကျောင်းချိန်နှစ်သုတ်တက်(2 Shifts) ဖွင့်လှစ်နိုင်မည့်ကျောင်းများ၊ ကျောင်းချိန်နှစ်သုတ် (2 Shifts) တက်၍ တစ်ပတ်ခြား ဖွင့်လှစ်နိုင်မည့်ကျောင်းများ၊ အခက်အခဲရှိသော ကျောင်းများ စသဖြင့် စာရင်းပြုစုတင်ပြရမည်ဖြစ်ပါကြောင်း၊ လက်တွေ့ကျကျ အခြေခံပညာကျောင်းများအားလုံး အဆင့်အလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် ကျောင်းအလိုက်၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ အခြေခံပညာဦးစီးဌာနအလိုက် စီမံချက်များ စနစ်တကျ ပြုစု၍ တင်ပြရန်လိုအပ်ပါကြောင်း။။

### လိုအပ်သည်များပြင်ဆင်ထား

ကျောင်းတွင်းစာမေးပွဲများနှင့် G-5, G-9 စာမေးပွဲများ၊ စာစစ်လုပ်ငန်း၊ အောင်စာရင်းထုတ်ပြန်ရေးလုပ်ငန်းများကို စနစ်တကျ အလေးထားကြီးကြပ် ဆောင်ရွက်ရန်၊ တက္ကသိုလ်ဝင်စာမေးပွဲ ကုဒ်လုပ်ငန်း၊ စာစစ်လုပ်ငန်း၊ အောင်စာရင်းထုတ်ပြန်ရေးလုပ်ငန်းများကိုလည်း စနစ်တကျ အလေးထား ကြီးကြပ်ဆောင်ရွက်ရန်လိုပါကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များ ကျောင်းများသို့ အချိန်မီပုံနှိပ်ဖြန့်ဝေနိုင်ရန်၊ ဗလာစာအုပ်များ အချိန်မီ ပုံနှိပ်ဖြန့်ဝေနိုင်ရန်၊ အခြေခံပညာကျောင်း ၆၀၂၁ ကျောင်းတွင် ကန့်သတ်စောင့်ကြည့်စခန်းများ အဖြစ်အသုံးပြုပြီး ပိုးသတ်ဆေးဖျန်းပြီးပါက ၄ွန် ၁၅ ရက်တွင် ပြန်လည်လွှဲပြောင်း လက်ခံ၍ လိုအပ်သည်များပြင်ဆင်ထားကြရန်၊ ရေ၊ ဆပ်ပြာ၊ လက်ဆေးဂျယ်၊ သန့်စင်ခန်း၊ ကိုယ်ပူချိန်တိုင်းကိရိယာများ ဖြည့်ဆည်းထားရှိရန်၊ ဆရာများနှင့် ကျောင်းသားများအားလုံးကို ပြန်လည်အသုံးပြုနိုင်သော အဝတ်နှာခေါင်းစည်း နှစ်ခုစီနှင့် မျက်နှာကာ တစ်ခုစီ အခမဲ့ဖြန့်ဝေရန်၊ ရောဂါကာကွယ်ရေးဝတ်စုံများ ဖြည့်ဆည်းရန်၊ ကျန်းမာရေးဌာနနှင့် ဆေးခန်းများသို့ ဆက်သွယ်နိုင်ရေး ဖုန်းနံပါတ်များကို ပြုစုထားရှိရန်နှင့် လိုအပ်သည်များဖြည့်ဆည်းပေးရန် စသည် တို့ကို စီစဉ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမများအား တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ခန့်အပ်သွားရေး၊ ဆရာ၊ ဆရာမများ ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်း၊ ကျောင်းအဆင့်တိုးခြင်းစာရင်းများတို့ကို ထုတ်ပြန်ပေးရေးနှင့် တာဝန်ကျရာနေရာဒေသသို့ အဆင်ပြေစွာသွားရောက် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားရန်၊ သင်ရိုးသစ် G-4, G-7, G-10 ကျောင်းသုံးဖတ်စာအုပ်အသစ်များ၊ ဆရာလမ်းညွှန်စာအုပ်အသစ်များ၏ ကာလတို သင်ကြားသင်ယူမှုနည်းလမ်း မွမ်းမံသင်တန်းများအတွက်လည်း အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီမှ တာဝန်ရှိသူများနှင့်ပူးပေါင်းလျက် ယခုပညာသင်နှစ်အတွက် စီစဉ်ဆောင်ရွက်မှုများနှင့်ကိုက်ညီသော သင်ရိုးမာတိကာ၊ သင်ခန်းစာများ စီစဉ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ကျန်းမာရေးအသိပညာပေးဆိုင်ရာ မွမ်းမံသင်တန်းများကိုလည်း စီစဉ်ဆောင်ရွက်သွားရန်နှင့် စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာပေးသင်တန်းများ စီစဉ်ဆောင်ရွက်ရန်၊ အခြေခံပညာကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့်ကိုက်ညီသော ဈေးဆိုင်များကိုသာ ဖွင့်လှစ်ရောင်းချရေး စီမံဆောင်ရွက်သွားရန်၊ ကျောင်းကြို/ ပို့ယာဉ်များရှိ နှစ်ယောက်တွဲခုံများတွင် ကျောင်းသား၊ ကျောင်းသူ တစ်ယောက်စီသာ စီးနင်းလိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် ကျောင်းကြို /ပို့ယာဉ်များ လုံလောက်ခြင်းမရှိပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ယာဉ်ငှားရမ်းအသုံးပြုရေး ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ကျောင်းများတွင် အရန်ခန်းထားရှိရေးစီစဉ်ဆောင်ရွက်၍ ကျောင်းတွင် ရောဂါပိုးရှိသည့် ကျောင်းသား၊ ကျောင်းသူတွေ့ရှိမည်ဆိုပါကလည်း ကျောင်းကို ယာယီပိတ်ထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ ကျောင်းအပ်နှံရေးသီတင်းပတ်တွင် လိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များကိုလည်း အောင်မြင်အောင် မိဘ၊ အုပ်ထိန်းသူ၊ ဆရာများ၊ ပြည်သူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ညှိနှိုင်းဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မျိုးကြွယ်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာ မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# လိုက်လံစွာကြိုဆိုရမည့် မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်း

မြင့်မြတ်ရန်ပိုင်

**နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လူဦးရေမှတ်ပုံတင်စနစ်**

ယနေ့ မျက်မှောက်ကာလတွင် မှန်ကန်သည့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိရေးသည် ဌာနတိုင်း၊ နိုင်ငံတိုင်းအတွက် တစ်နေ့တခြား အရေးပါလျက်ရှိသည်။ အချက်အလက်များများ ပိုင်ဆိုင်သည့် နိုင်ငံသည် အင်အားရှိသည့်နိုင်ငံဟူ၍ပင် ဆိုစမှတ်ပြုလာကြသည်။ ထို့အတူ ကမ္ဘာ့နိုင်ငံ အသီးသီး၌ မှီတင်းနေထိုင်ကြသူများအတွက် မှတ်ပုံတင်စာရင်းထားရှိခြင်းကို ကွန်ပျူတာအချက်အလက်၊ နည်းပညာတိုးတက်ဖြစ်ပေါ်မှုနှင့်အတူ အီလက်ထရွန်နစ်ကတ်ပြားများကို အသုံးပြုလာခဲ့ကြပါသည်။ ယခင်က မိမိတို့ သက်ဆိုင်ရာဌာနအလိုက် Database အချက်အလက်များ တည်ဆောက်၍ ဗီဇာစနစ်၊ အမျိုးသားမှတ်ပုံတင်စနစ်၊ မွေးစာရင်းမှတ်ပုံတင်စနစ် စသည်ဖြင့် သီးခြားလုပ်ဆောင်ခဲ့ကြပါသည်။ ၎င်းစနစ် အမျိုးမျိုးချိတ်ဆက်ရန် လိုအပ်လာသောအခါ ကြားခံစနစ်များဖြင့် တူညီသော မှတ်ပုံတင်အမျိုးမျိုးကို ချိတ်ဆက်ရန် ကြိုးစားလာခဲ့ကြသည်။

ယနေ့အခြေအနေတွင် နည်းပညာတိုးတက်မှုနှင့် ယခင်အတွေ့အကြုံများကို အခြေခံ၍ Digital Unique ID number သို့မဟုတ် လူတစ်ဦးတစ်ယောက်အတွက် သီးခြားသတ်မှတ်ပေးသော မှတ်ပုံတင်အမှတ်ကို ဗဟိုပြု၍ အခြားသော မှတ်ပုံတင်အချက်အလက် မှတ်တမ်းများနှင့် ချိတ်ဆက်နိုင်သည့် (Digital) နည်းပညာသုံး ID မှတ်ပုံတင်ကို အသုံးပြုလာကြပါသည်။ Digital Unique ID ၏ အဓိက အားသာမှုမှာ ဌာနတစ်ခု အသုံးချရန်အတွက်သာ သီးသန့်ပြုလုပ်သော ID တစ်ခုမဟုတ်ဘဲ လက်ရှိ သို့မဟုတ် နောက်နောင်အသုံးပြုမည့် Use Cases နှင့် Application ခေါ် အသုံးချဝန်ဆောင်မှုအားလုံး အကျုံးဝင် အသုံးပြုနိုင်ခြင်းဖြစ်သည်။ လူတစ်ဦးချင်းအား Unique ID တစ်ခု သတ်မှတ်ပေးခြင်းဖြင့် ဌာနအသီးသီးတွင်ရှိသော စနစ်များနှင့်ချိတ်ဆက်မှုများ မြန်ဆန်လွယ်ကူစေပြီး အားလုံးခြုံငုံ၍ ရွေးချယ်စိစစ်နိုင်သော မှတ်ပုံတင်စနစ်တစ်ခု တည်ဆောက်နိုင်ပါသည်။

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရာတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို အထောက်အကူပြုရန်အတွက် တိကျမှန်ကန်သော လူဦးရေနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များသည် မရှိမဖြစ် လိုအပ်လာပါသည်။ နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ (၁၂)ရပ်တွင် Data ID Card System, Digital Government Strategy e-Government System ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဆိုသည့် အချက်တစ်ချက်ကို မူဝါဒတစ်ရပ်အဖြစ် သတ်မှတ်ထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ မှီတင်းနေထိုင်ကြသူများအားလုံးကို Unique ID တစ်ခုစီ သတ်မှတ်ပေးရန် လက်ရှိအသုံးပြုနေသော စက္ကူသုံး မှတ်ပုံတင်စနစ်အား Digital အဖြစ်ပြောင်းလဲရန်နှင့် e-Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းများမှာ တိုင်းပြည်၏ ဦးစားပေးလုပ်ငန်းများ ဖြစ်ပါသည်။ ၎င်းဦးစားပေးအချက်များမှာ UN မှ ထုတ်ပြန်ထားသော Sustainable Development Goal များထဲမှ တစ်ခုဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်း မွေးစာရင်းအပါအဝင် တရားဝင်အထောက်အထား လက်မှတ်ပံ့ပိုးပေးရန် (provide legal identity for all by 2030) ရည်မှန်းချက်နှင့်လည်း ကိုက်ညီနေပါသည်။ တရားဝင်မှတ်ပုံတင်စနစ်သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသော အစိုးရများ ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများမှာ တူညီနေသည်ကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ စိန်ခေါ်မှုများမှာ အတုအပကင်းသောနံပါတ်ဖြစ်အောင်ဆောင်ရွက်ခြင်း၊ ကျယ်ပြန့်ကြီးမားသော စနစ်ကြီးတစ်ခုဖြစ်အောင် တည်ဆောက်ရခြင်း၊ ကုမ္ပဏီတစ်ခု၊ ရောင်းချသည့်ဌာနတစ်ခု၏ တစ်ဦးတည်းအပေါ် အရာရာမှီခိုနေရမှုမရှိအောင် စနစ်ကို တည်ဆောက်ရန် လိုအပ်ခြင်း၊ အကုန်အကျသက်သာခြင်းရှိသော စနစ်တစ်ခု တည်ဆောက်ထိန်းသိမ်းခြင်းတို့ ဖြစ်ပါသည်။

**Digital ID ဆိုင်ရာ အခြေခံသဘောတရားများ**

Digital ID ကိုမွေးဖွားချိန်မှ သေဆုံးချိန်အထိ နိုင်ငံအတွင်းရှိ ပါဝင်သင့်သူများအားလုံးကို ခွဲခြားဆက်ခံမှုကင်းစွာဖြင့် စာရင်းသွင်းနိုင်ရမည် ဖြစ်ပါသည်။ သတင်းအချက်အလက်များနှင့် နည်းပညာများရယူခြင်း၊ သုံးစွဲခြင်းနှင့် ကွဲလွဲမှုများတွင် တွေ့ရှိနိုင်သည့် အခက်အခဲများအား ဖယ်ရှားနိုင်ပြီး အတုအပကင်းသော၊ လုံခြုံမှုရှိသော တိကျခိုင်မာသည့် ID စနစ်တစ်ခု တည်ဆောက်နိုင်ရမည် ဖြစ်ပါသည်။ ထို့ပြင် အသုံးပြုလိုသည့် ဌာနအသီးသီးသည် လိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်နိုင်ပြီး အခြားစနစ်များနှင့်ပါ တွဲဖက်အသုံးပြုရန် လွယ်ကူစွာချိတ်ဆက်နိုင်သည့် စနစ်တစ်ခုလည်း ဖြစ်ရပါမည်။ Open Standards များအသုံးပြုခြင်းနှင့် Vendor နှင့် နည်းပညာတစ်ခုတည်းအပေါ်တွင် မှီခိုမှု မရှိသည့် စနစ်တစ်ခုတည်ဆောက်ရန်လည်း လိုအပ်ပါသည်။ စနစ်၏ ဒီဇိုင်းဖြင့် အသုံးပြုသူ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ထိန်းချုပ်နိုင်မှုအား ကာကွယ်နိုင်ရမည်ဖြစ်ပါသည်။ အလားတူ ဒေတာလျှို့ဝှက်မှု၊ လုံခြုံမှုနှင့် အသုံးပြုသူ၏ အခွင့်အရေးများကို ပြည့်စုံသော ဥပဒေမူဘောင်များ ပြဋ္ဌာန်းပြီး ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သကဲ့သို့ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်း မူများနှင့် တာဝန်ယူမှုများအား ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းသတ်မှတ်ပေးရန်လည်း လိုအပ်ပါသည်။

**ဝန်ကြီးဌာန၏ လူဦးရေမှတ်ပုံတင်စနစ်တည်ဆောက်ရန် ဆောင်ရွက်မှု**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ လူဦးရေမှတ်ပုံတင်ရေးလုပ်ငန်းအား e-ID စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လေ့လာဆန်းစစ်မှုများကို ပြုလုပ်ခဲ့ရာ ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် ဧပြီလအထိ လာရောက်ဆွေးနွေးရှင်းလင်းတင်ပြခဲ့သည့် ကမ္ဘာ့ဘဏ်အပါအဝင် ကုမ္ပဏီအဖွဲ့အစည်းပေါင်း (၅၈)ခုရှိပြီး ရှင်းလင်းဆွေးနွေးခဲ့သည့် အကြိမ်အရေအတွက် (၈၁)ကြိမ် ရှိခဲ့ပါသည်။ ထို့အပြင် Digital စနစ်ကူးပြောင်းရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်သိရှိနိုင်ရန်အတွက် HD Center၊ ကမ္ဘာ့ဘဏ်နှင့် Omidyar Network၊ NEC Corporation၊ Thales ကုမ္ပဏီ အိန္ဒိယသံရုံးတို့၏ အကူအညီဖြင့် အလုပ်ရုံဆွေးနွေးပွဲ ခုနစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီမည့် Digital စနစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အကြံပြုစာတမ်းတစ်ခုကိုလည်း ပြုစုပေးခဲ့ပါသည်။ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာ့နိုင်ငံများတွင် အဓိကအားဖြင့် ကျင့်သုံးနေသည့် စနစ် နှစ်မျိုးရှိပြီး လူဦးရေမှတ်ပုံတင်ခြင်း(Population Registration) နှင့် နိုင်ငံသားမှတ်ပုံတင်ခြင်း (Citizen Registration) တို့ဖြစ်ပါသည်။ အချို့သောနိုင်ငံများမှာ နိုင်ငံသားများကိုသာ မှတ်ပုံတင်ကတ်ထုတ်ပေးသော်လည်း အများစုသည် ပြည်တွင်း နေထိုင်သူအားလုံးကို အသိအမှတ်ပြု မှတ်ပုံတင်ကတ်တစ်မျိုးမျိုး ထုတ်ပေးလျက်ရှိသည်ကို တွေ့ရပါသည်။ နိုင်ငံသားဖြစ်မှုသည် အချို့သောနိုင်ငံများတွင် ရှုပ်ထွေးအငြင်းပွားဖွယ်ဖြစ်သည့်အတွက် နိုင်ငံသားမှတ်ပုံတင်များကို အလွယ်တကူ ထုတ်ပေးနိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။

> **“မြန်မာနိုင်ငံအတွင်းရှိ မှီတင်းနေထိုင်ကြသူများအားလုံးကို Unique ID တစ်ခုစီ သတ်မှတ်ပေးရန် လက်ရှိအသုံးပြုနေသော စက္ကူသုံး မှတ်ပုံတင်စနစ်အား Digital အဖြစ် ပြောင်းလဲရန်နှင့် e-Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းများမှာ တိုင်းပြည်၏ ဦးစားပေးလုပ်ငန်းများဖြစ်၊ ၎င်းဦးစားပေးအချက်များမှာ UN မှ ထုတ်ပြန်ထားသော Sustainable Development Goal များထဲမှ တစ်ခုဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်း မွေးစာရင်းအပါအဝင် တရားဝင်အထောက်အထားလက်မှတ်ပံ့ပိုးပေးရန် (provide legal identity for all by 2030) ရည်မှန်းချက်နှင့်လည်း ကိုက်ညီနေ၊ တရားဝင်မှတ်ပုံတင်စနစ်သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်”**

**လူဦးရေမှတ်ပုံတင်ခြင်း (Population Registration)**

လူဦးရေမှတ်ပုံတင်ခြင်းဆိုသည်မှာ နိုင်ငံအတွင်း နေထိုင်သူအားလုံးကို မှတ်တမ်းတင်စာရင်း ပြုစုခြင်းဖြစ်ပါသည်။ အိမ်ထောင်စုလူဦးရေစာရင်းဖြင့်နေထိုင်သူ (နိုင်ငံသား/ ပြည်တွင်းနေ နိုင်ငံခြား သား/ အမြဲတမ်းနေထိုင်ခွင့်ရရှိသူ)၊ အိမ်ထောင်စုလူဦးရေစာရင်းမရှိသူဟူ၍ နှစ်မျိုးနှစ်စား ပါဝင်နိုင်ပါသည်။ လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အိမ်ထောင်စုစာရင်းကို အခြေခံစရာမလိုဘဲ မွေးစာရင်း (သို့မဟုတ်) မြန်မာနိုင်ငံအတွင်း နေထိုင်ကြောင်း ခိုင်မာသောအထောက်အထားကိုသာ အခြေခံ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို ကောက်ယူ၍ တစ်ဦးချင်းစီကို Unique Identity (UID) Number တစ်ခုစီပေးပြီး အီလက်ထရွန်နစ်စနစ်ဖြင့် Main Database တွင် မှတ်တမ်းတင်သိမ်းဆည်းထားခြင်း ဖြစ်ပါသည်။ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မသက်ဆိုင်ဘဲ နိုင်ငံအတွင်းနေထိုင်သူအားလုံးကို မှတ်တမ်းတင်စာရင်း ပြုစုခြင်း ဖြစ်ပါသည်။

**ကမ္ဘာ့နိုင်ငံအချို့တွင် ကျင့်သုံးနေသည့် အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်**

**အိန္ဒိယနိုင်ငံ** – A adhaar ဟုအမည်ဖြင့် နိုင်ငံသားများအပါအဝင် ပြည်တွင်းနေထိုင်သူ အားလုံးကို Biometric အချက်အလက်နှင့် ဂဏန်း ၁၂ လုံးကို ကျပန်းစနစ်ဖြင့် သတ်မှတ်ထားသည့် မှတ်ပုံတင်ကတ်ထုတ်ပေးပါသည်။ ယင်းကတ်သည် နိုင်ငံသားဖြစ်မှုနှင့် မသက်ဆိုင်သည်ကို တွေ့ရှိရပါသည်။

**အမေရိကန်** – ပြည်တွင်းနေထိုင်သူအားလုံးကို Social Security နံပါတ်တစ်ခုစီ ထုတ်ပေးထားပါသည်။ လူတစ်ဦးစီ၏ ဆက်သွယ်ဆောင်ရွက်မှုအားလုံး၊ အလုပ်အကိုင်အခွင့်အလမ်း၊ အခွန်ပေးဆောင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း စသည့် ကိစ္စရပ်အားလုံးကို အဆိုပါနံပါတ်ဖြင့် ဆောင်ရွက်ရပါသည်။

**ဂျပန်နိုင်ငံ** – နိုင်ငံခြားသားမဟုတ်သူများကို My Number ဟုခေါ်သည့် Unique ID တစ်ခု ထုတ်ပေးပါသည်။ ဂျပန်နိုင်ငံတွင် နိုင်ငံသားနှင့် နိုင်ငံခြားသား နှစ်မျိုးသာ ရှိပါသည်။

**ထိုင်းနိုင်ငံ** – မှတ်ပုံတင်ကတ်ပြား (ID) များကို ပိုမိုလုံခြုံမှုရှိသည့် Smart Card ဒစ်ဂျစ်တယ်လက်ဗွေစနစ်ဖြင့် ပြုပြင်ပြောင်းလဲခဲ့ပါသည်။ ထိုင်း ID ကတ်၏ အားသာချက်မှာ လက်ဗွေစိစစ်ရာတွင် လက်ဗွေဖတ်ကိရိယာအတွင်း၌ Data ပြောင်းလဲထည့်သွင်းစိစစ်ခြင်းမျိုးမဟုတ်ဘဲ ကတ်အတွင်း၌ စိစစ်နိုင်ခြင်းဖြစ်သည်။ Precise Match-on Card နည်းပညာအသုံးပြုထားသည်။ ဤနည်းဖြင့် လက်ဗွေစိစစ်မှုအချက်အလက် ပြောင်းလဲခြင်းမပြုလုပ်နိုင်တော့ပေ။ ၂၀၀၅ ခုနှစ်မှ စတင်ခဲ့သော Biometric သုံး Smart ID သည် ကတ် ၁၀ သန်းကျော် ထုတ်ပေးပြီးဖြစ်ပြီး ထိုင်းနိုင်ငံသား ၆၄ သန်းကို ထုတ်ပေးသွားမည်ဖြစ်သည်။ ထိုင်းနိုင်ငံအတွင်း ရေရှည်နေထိုင်သူ နိုင်ငံခြားသားများအတွက် ပန်းရောင် ID ကတ်ကို သတ်မှတ်ထားရှိသည်။

**မလေးရှား** – နိုင်ငံတွင် My Kad အမည်ဖြင့် National ID ကတ်ကို အစိုးရဆိုင်ရာသာမက ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းသုံး Application များပါ ပူးပေါင်းအသုံးပြုနိုင်သည့် Smart Card ကို အသုံးပြုသည်။ ၁၂ နှစ်အထက် နိုင်ငံသားအားလုံး ID ကတ်ကိုင်ဆောင်ရပြီး ယခင်က National ID ကတ်အပြင် ယာဉ်မောင်းလိုင်စင်ကတ်၊ အစိုးရခံစားခွင့်ကတ် စသည်ဖြင့် ကတ်အမျိုးမျိုး သယ်ဆောင်နေခဲ့ရသည်ကို My Kad က တစ်ခုတည်းဖြင့် အားလုံးပူးပေါင်းပါဝင်သည့် ကတ်အဖြစ် ပြောင်းလဲပေးခဲ့သည်။

**စင်ကာပူ** – အီလက်ထရွန်နစ်စနစ် ID စနစ်များကို လူဝင်မှုကြီးကြပ်ရေး (Population Registration) အတွက်သာမကဘဲ အခြားစနစ်အမျိုးမျိုးနှင့် ချိတ်ဆက်၍ အသုံးပြုလျက်ရှိသည်။ မကြာသေးခင်က ၎င်း၏ Singpass စနစ်ကို ဒစ်ဂျစ်တယ် ID စနစ်သစ် ထပ်မံအဆင့်မြှင့်ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားများနှင့် အမြဲနေထိုင်ခွင့်ရရှိသူများကို မှတ်ပုံတင်ကတ်ထုတ်ပေးသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘောဒီးယား** – Khamar Identification Code (KIDC) ဟုခေါ်သည့် ဂဏန်းကိုးလုံး ကျပန်းစနစ်ဖြင့် သတ်မှတ်ထားသည့် နံပါတ်တစ်ခုကို နေထိုင်သူအားလုံးကို ထုတ်ပေးပါသည်။ ယင်းသည် နိုင်ငံသား ဖြစ်ခြင်း/မဖြစ်ခြင်းနှင့် မသက်ဆိုင်ဘဲ လူတစ်ဦးချင်းအတွက် သတ်မှတ်ထားသော ဂဏန်းတစ်ခု ပေးခြင်းသာ ဖြစ်ပါသည်။

**အင်ဒိုနီးရှား** – နိုင်ငံသားများကိုသာမက အမြဲနေထိုင်သူများကိုပါ မှတ်ပုံတင်ကတ် ထုတ်ပေးသည်ကို တွေ့ရှိရပါသည်။

**e– Government ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှု**

မြန်မာနိုင်ငံတွင် နည်းပညာအသုံးပြု၍ နိုင်ငံအတွင်းနေထိုင်ကြောင်း အသိအမှတ်ပြုကတ်ထုတ်ပေးသည့်စနစ်တွင် နိုင်ငံအတွင်းနေထိုင်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic Data) နှင့် လက်ဗွေ၊ မျက်လုံးသူငယ်အိမ်၊ မျက်နှာဓာတ်ပုံ (Biographic Data) များကို သိမ်းဆည်း၍ လူတစ်ဦးချင်းစီအတွက် သီးခြားနံပါတ်တစ်ခု (Unique ID Number) ထုတ်ပေးပြီး Database တွင် မှတ်တမ်းတင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ပထမအဆင့်အနေဖြင့်ဆောင်ရွက်ပြီး မှတ်တမ်းတင်ပြီးသည့်သူများကို နိုင်ငံသားစိစစ်ပြီး နိုင်ငံသားကတ်ကို Smart Card ဖြင့် ထုတ်ပေးသည့်လုပ်ငန်းကို ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်သွားရန် စဉ်းစားဆောင်ရွက်သင့်ကြောင်း ဝန်ကြီးဌာနက e– Government ဗဟိုကော်မတီသို့ တင်ပြခဲ့ပါသည်။ အဆိုပါတင်ပြချက်အပေါ် ၂၇–၆–၂၀၁၈ ရက်နေ့တွင် ကျင်းပသော e–Government ဦးဆောင်ကော်မတီ၌ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူဦးရေနှင့်မှတ်ပုံတင်ခြင်းနှင့် နိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှစ်ခုအနက် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး နိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းကို Digital စနစ်ဖြင့် ပြောင်းလဲခြင်းအား ဒုတိယအနေဖြင့် ဆောင်ရွက်ရန်၊ e–ID အတွက် ကတ်တစ်ကတ်ထုတ်ပေးရန် ဆုံးဖြတ်လမ်းညွှန်ခဲ့ကြောင်း သိရပါသည်။ ထို့ပြင် e–ID စနစ် လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ ခြောက်ခုကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း တွေ့ရှိရပါသည်။ အလားတူပင် အဆိုပါလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ထိရောက်အောင်မြင်စွာ

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

## နိုင်ငံတော်၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာ

**နေပြည်တော် မေ ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် အစားထိုး တာဝန်ပေးအပ်ရန်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုချေးငွေသည် ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းရန်အတွက် အဓိကသုံးစွဲမည့် ချေးငွေဖြစ်ပါကြောင်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် လိုငွေသည် ၂၀၂၀ စက်တင်ဘာလကုန်ပြီးမှသာ သိရှိနိုင်မည်ဖြစ်သည့်အတွက် ယင်းအချိန်တွင် မည်သို့ဖြည့်ဆည်းမည်ကို သိရှိနိုင်မည်ဖြစ်ပြီး လွှတ်တော်သို့လည်း အစီရင်ခံရန် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ COVID–19 ၏ သက်ရောက်မှုများသည် ယနေ့အထိ တိကျစွာ ခန့်မှန်းတွက်ချက်၍ မရသေးပါကြောင်း၊ လိုအပ်သည့် အစီအမံများကို ကြိုတင်ဆောင်ရွက်နေကြသည့် အဆင့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မည်သည့်နေရာတွင် မည်မျှသုံးမည်ဆိုသည်ကို အတိအကျ မပြောနိုင်သေးခြင်း ဖြစ်ပါကြောင်း။

### ပြန်လည်ရောက်ရှိလာသည့် မိမိနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်

စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအတွက်လည်း မကျန်အောင် စီစဉ်ရမည်ဖြစ်ပါကြောင်း၊ ၇၀ ရာခိုင်နှုန်းသော လယ်သမားများအတွက်လည်း လူမှုစီးပွားဘဝများ တိုးတက်စေရန် ထည့်သွင်းစီစဉ်ရမည် ဖြစ်ပါကြောင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် မိမိနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေကို IMF နှင့်ညှိနှိုင်းပြီး ဘတ်ဂျက်လိုငွေဖြည့်ဆည်းရေးအတွက် ဦးတည်သုံးစွဲသွားမည် ဖြစ်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးကို နိုင်ငံတော်၏ ရေရှည်အကျိုးအတွက် ရယူဆောင်ရွက်လိုပါသဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယ ဥက္ကဋ္ဌ ဦးစိုးမင်းက COVID – 19 သက်ရောက်မှုကုစားရေးအတွက် IMF မှ ထုတ်ချေးမည့် ချေးငွေအစီအစဉ်များသည် နိုင်ငံသားများအတွက် ကျန်းမာရေး အသုံးစရိတ် တိုးမြှင့်ရေး၊ စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှု သက်သာစေရန် ဘဏ္ဍာရေးတွန်းအားပေးမှု အစီအစဉ်များဆောင်ရွက်ရေး၊ COVID – 19 ကြောင့် စားဝတ်နေရေးအတွက် အခက်အခဲကြုံနေရသူများ ထောက်ပံ့ရေးတို့ကို အဓိကထားဆောင်ရွက်နိုင်ရေးအတွက် ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းရန် ဖြစ်ပါကြောင်း၊ IMF ထံမှ ချေးငွေရယူမည်ဆိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ရှေ့ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးစနစ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က အဆိုပါစီမံကိန်းကို မိမိတို့ဝန်ကြီးဌာန အောက်ရှိ စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးဆောင်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

စီမံကိန်းကာလကို ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၅ နှစ်ခွဲအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းအနေဖြင့် နှစ် ၃၀၊ ဆိုင်းငံ့ကာလ ၅ နှစ်၊ ပြန်ဆပ်ကာလ ၂၅ နှစ်ဖြစ်ပြီး အတိုးနှုန်းမှာ ၁ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်ခမှာ ၀ ဒသမ ၇၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးမြှင့်လာနိုင်ခြင်း၊ ကွင်းဆက်တစ်လျှောက် စိုက်ပျိုးမွေးမြူ ထုတ်ကုန်များ၏ အရည်အသွေး ပိုမိုကောင်းမွန်လာပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်မှု တိုးမြှင့်လာနိုင်ခြင်း၊ အစားအစာဘေးကင်းလုံခြုံမှုနှင့် အာဟာရပြည့်ဝမှုအတွက် ပံ့ပိုးပေးနိုင်ခြင်း၊ COVID–19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ရေတိုရေရှည် ကုစားပေးနိုင်မည့် အစီအမံများကို ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အပံ့ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကမ္ဘာ့ဘဏ်၏ IDA–18 အစီအစဉ်အောက်ရှိ အတိုးနှုန်းသက်သာသည့် အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးငွေရယူနိုင်ရေးအပေါ် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးခွင့်ပြုနိုင်ရေးအတွက် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

### COVID – 19 အလွန်ကာလတွင် စီးပွားရေးအလျင်အမြန် ပြန်လည်နာလန်ထူထောင်နိုင်ရန် အခွင့်အလမ်း အကောင်းဆုံးကဏ္ဍတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍလည်းပါဝင်

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ယခုချေးငွေစီမံကိန်းသည် တည်ဆဲဥပဒေများနှင့်လည်း ကိုက်ညီပြီး ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒများ၊ MSDP၊ CERP လုပ်ငန်းစဉ်များနှင့်လည်း ကိုက်ညီသည့် ချေးငွေဖြစ်ပါကြောင်း၊ COVID – 19 အလွန်ကာလတွင် စီးပွားရေးအလျင်အမြန် ပြန်လည်နာလန်ထူထောင်နိုင်ရန် အခွင့်အလမ်း အကောင်းဆုံးကဏ္ဍတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍလည်းပါဝင်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍကိုနိုင်ငံ့ဘဏ္ဍာရန်ပုံငွေများအပြင် ယခုကဲ့သို့ ပြင်ပချေးငွေများဖြင့်လည်း ပံ့ပိုးဆောင်ရွက်ပေးသင့်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၂၀၀ ရယူနိုင်ရေး ကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်ပြီး အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်းနှင့် မေ ၂၈ ရက်တွင်ဆွေးနွေးရန် လျာထားကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချေးငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံ အတွင်း ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချိုက ဗဟိုဘဏ်ချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ၀၆၄ ဘီလီယံသည် သတ်မှတ်စည်းမျဉ်းဘောင်အတွင်းမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးယူခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ချေးငွေအားလုံး အသုံးစရိတ်အဖြစ် ကျခံသုံးစွဲရမည်မဟုတ်ဘဲ နိုင်ငံ၏ ငွေသားအသုံးစရိတ် လိုအပ်ချက်အပေါ်မူတည်ပြီး သုံးစွဲနိုင် ရေးနှင့် ပြည်ထောင်စုအစိုးရ၏ အပ်ငွေစာရင်းလိုငွေဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးတို့အတွက် ချေးယူခြင်းဖြစ်သောကြောင့် ဗဟိုဘဏ်မှ ချေးယူမည့် ချေးငွေအပေါ် ကန့်ကွက်ရန်မရှိပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး စံဝင်းခိုင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။ သတင်းစဉ်

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID – 19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ၊ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA)ထံမှ ဂျပန်ယန်း ၃၀ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် က COVID – 19 ကြောင့် လူမှုစီးပွားရေးထိခိုက်မှုများအတွက် ပြန်လည်ကုစားရန် ပြည်ပချေးငွေရယူခြင်းကိစ္စကို ယေဘုယျအားဖြင့် သဘောတူထောက်ခံပါကြောင်း၊ စီးပွားရေး၊ အလုပ်အကိုင်နှင့် လူမှုရေးဆိုင်ရာ အကျိုးဆက်များကို ကိုင်တွယ်ရာတွင် အမြော်အမြင်ရှိသည့် စီးပွားရေးမူဝါဒများ ချမှတ်ပေးရန် လိုအပ်ပါကြောင်း၊ မူဝါဒများချမှတ်သည့်အခါတွင်လည်း ယုံကြည်စိတ်ချရပြီး မြန်ဆန်သည့် ဆန်းစစ်မှုများအပေါ် အခြေခံချမှတ်ရန် အရေးကြီးပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က COVID – 19 ကြောင့် ပြည်သူများ လူမှုစီးပွားထိခိုက်မှုများ ရှိပါကြောင်း၊ ယင်းအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကိုလည်း သိရှိလိုပါကြောင်း၊ နိုင်ငံတော် အနေဖြင့်လည်း နိုင်ငံ့စီးပွားရေးတည့်မတ်အောင် ဆောင်ရွက်ပေးရခြင်းနှင့် လူမှုစီးပွား အဆင်ပြေစေရန် ဆောင်ရွက်ပေးရသဖြင့် ငွေကြေးလိုအပ်မှုများ ရှိမည် ဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတော်မှ ချေးယူမည့် JICA ချေးငွေသည် ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ် ကာလ နှစ် ၃၀၊ ချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်ပြီး အတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် ၀ ဒသမ ၀၁ ရာခိုင်နှုန်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် CERP တွင်ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် JICA ထံမှ ဂျပန်ယန်း ၃၀ ဘီလီယံ ချေးယူမည့်ကိစ္စကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်ညို၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ ရှားတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ တပ်မတော် သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးသန့်တို့က ဆက်လက် ဆွေးနွေးကြသည်။

### မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်း တည်ထောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန် ဒေါ်လာသန်း ၆၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်းတည်ထောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၆၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။ *စာမျက်နှာ ၈ သို့*

# ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်း

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဓမ္မဝိဇိတ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ညောင်ကုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ဆရာတော် ငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ဈေးဦးစွာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ညောင်ကုန်းကျောင်းတိုက်ပဓာန နာယက ဘဒ္ဒန္တပဏ္ဍိတထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန် တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရှားတောကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဥတ္တရထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ် များက အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အဆိုပါ ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ် ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်း တို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၃၁၇ ပါး၊ သီလရှင် တစ်ပါး စုစုပေါင်း ၃၁၈ ပါးတို့အတွက် ဆွမ်းဆန်တော် ၆၃ အိတ်နှင့် ဒက္ခိဏသီရိ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၄၀ နှင့် သီလရှင် တစ်ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၄၇၈ ပါး၊ သီလရှင် ၅၉ ပါး စုစုပေါင်း ၅၃၇ ပါးတို့အတွက် ဆွမ်းဆန်တော် ၁၁၁ အိတ် စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၈၅၅ ပါးတို့အတွက် ဆွမ်းဆန် တော် ၁၇၄ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းစဉ်။

---

*ပြည်ထောင်စုလွှတ်တော်မှ*

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာအားကာမိုး က SME ဆိုသည်မှာ ဒေသအလိုက်၊ လုပ်ငန်းအလိုက် လုပ်ကိုင်နေသည့် private sector အစစ်အမှန်များဖြစ်သည့်အတွက် SME များကို ထိထိရောက်ရောက် ပံ့ပိုးနိုင်မှသာ နိုင်ငံ၏စီးပွားရေးအောင်မြင်မည်ဖြစ်ပါကြောင်း၊ SME ဖွံ့ဖြိုးရေးမှသည် နိုင်ငံ၏စီးပွားရေး တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန်အတွက် ချေးငွေအာမခံ ကော်ပိုရေးရှင်း စီမံကိန်းကို အမြန်ဆုံးထိရောက်အောင်မြင်စွာ ဆောင်ရွက်ရန် တိုက်တွန်းရင်း ADB ထံမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ချေးယူရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး က COVID – 19 ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကျဆင်းမှုဒဏ်ကို ခံစားရပါကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးကို နှိုးဆွရန်အတွက် နည်းပေါင်းစုံဖြင့် ဆောင်ရွက်နေသကဲ့သို့ COVID – 19 အလွန်တွင် နိုင်ငံ့စီးပွားရေး ဦးမော့စေရန် ယခုကဲ့သို့ ချေးငွေအာမခံ ကော်ပိုရေးရှင်းတည်ထောင်ဆောင်ရွက်ခြင်းသည် အချိန်အခါသင့်၍ ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သွင်စိုး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ် ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ပြည့်ထွန်း၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးထွန်းထွန်းဦး က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် COVID – 19 ကာလအတွင်း ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုထားသည့် လုပ်ငန်းများကို ကြီးကြပ်မှု၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးမှုများ၊ ကြီးကြပ်မှုများ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆောင်ရွက်ချက်များနှင့် COVID – 19 ကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားမှုဆောင်ရွက်ချက်များကို Website တွင် အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ပြန်လည်ရှင်းလင်းတင်ပြချက်တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

---

*စာမျက်နှာ ၆ မှ*

လုပ်ဆောင်နိုင်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးဆောင်ကြီးကြပ်မှုအဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အထိ လုပ်ငန်းအဖွဲ့အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဩစတြီးယား၏ အတိုးမဲ့ချေးငွေဖြင့် ဆောင်ရွက်မည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်း**

၂၀၁၉ ခုနှစ် ဧပြီလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် BRI Forum တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဩစတြီးယားနိုင်ငံ ဝန်ကြီးချုပ်တို့ ဆွေးနွေးပွဲမှ e– ID စနစ်ကို အစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းခဲ့ကြပြီး ဩစတြီးယားနိုင်ငံ OeSD မှ e– ID စနစ် တည်ဆောက်ရန်အတွက် ယူရို ၃၃ သန်း အတိုးမဲ့ချေးငွေ ပေးအပ်သွားမည်ဖြစ်ပြီး လုပ်ငန်းကို အဆင့် (၃)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ အဆင့် (၁)သည် ၁၀ လ ကြာမည်ဖြစ်ပြီး အသေးစိတ်အစီအစဉ်ရေးဆွဲခြင်း၊ ပင်မအခြေခံစနစ် တည်ဆောက်ခြင်း၊ Database နှင့် ကွန်ရက်တည်ဆောက်ခြင်း၊ Hardware မှာယူခြင်းနှင့် တင်သွင်းခြင်း၊ စမ်းသပ်ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းများတပ်ဆင်ခြင်းနှင့် ဖြန့်ဝေခြင်း၊ သင်တန်းများပေးခြင်း၊ အချက်အလက်များ ကောက်ယူခြင်း၊ ဗဟိုရုံးရှိ Database သို့ အချက်အလက်များပေးပို့ခြင်း၊ UID နံပါတ်တစ်ခုစီ သတ်မှတ်ပေး၍ မှတ်ပုံတင်သိမ်းဆည်းခြင်း၊ ထပ်တူဖြစ်ခြင်းမှ ကာကွယ်မည့် (Deduplication) ကို အသုံးပြုခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။ အဆင့် (၂)တွင် ခုနှစ်လကြာမြင့်မည်ဖြစ်ပြီး စာရင်းကောက်ခြင်း၊ မှတ်ပုံတင်ခြင်းစနစ် အဆင့်မြှင့်တင်ခြင်း၊ ဗဟိုမှတ်ပုံတင်စနစ် အဆင့်မြှင့်တင်ခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ပါသည်။ အဆင့် (၃)၌ စာရင်းကောက်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် လိုအပ်သည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**လူဦးရေမှတ်ပုံတင်ခြင်း၏ အကျိုးကျေးဇူးများ**

Unique ID ကိုအသုံးပြုမည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်စနစ်သည် နိုင်ငံသားများနှင့် စီမံအုပ်ချုပ်သည့် အစိုးရ၏ စွမ်းဆောင်ရည်ကို အလွန်တိုးမြင့်စွာ အသုံးပြုလာနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ လျင်မြန်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် ခိုင်မာသည့် Digital စီးပွားရေးအသွင်သို့ ပြောင်းလဲနိုင်ရန်လိုအပ်သော အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်ပါသည်။ ဤစနစ်ကြောင့် ဝေးလံခေါင်ဖျားသော ဒေသများမှ နေထိုင်သူများနှင့် ဆက်သွယ်ရသော ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ပါသည်။ အစိုးရအတွက် ပိုမိုသက်သာခြင်း၊ မြန်ဆန်ခြင်း၊ ပိုမိုထိရောက်ခြင်းနှင့် နေထိုင်သူအားလုံးကို ထိထိရောက်ရောက် ဆက်သွယ်နိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ မဲပေးခြင်းနှင့် ငွေကြေးဝန်ဆောင်မှုများကို အကျိုးရှိစွာဖြင့် လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် အကျင့်ပျက်ခြစားမှုများနှင့် ဘေးသို့ယိုထွက်ခြင်းတို့ကိုလည်း လျှော့ကျပေးနိုင်မည် ဖြစ်ပါသည်။ Digital နည်းပညာဖြင့် မည်သူမည်ဝါဟုတ်မှန်ကြောင်း စစ်ဆေးနိုင်ခြင်း၏ အကျိုးကျေးဇူးကြောင့် ဤစနစ်သည် အစိုးရဌာနများမှ ထောက်ပံ့ငွေ၊ ဝန်ဆောင်မှုများအား ရည်ရွယ်သူများထံသို့သာ ပေးဆောင်နိုင်ခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်ပါသည်။ ၎င်းစနစ်သည် ကြားခံလူ ပါဝင်ဆောင်ရွက်ရခြင်းကို လျှော့ချပေးပြီး မမြင်ရသောအကျိုးတရားများကိုလည်း ရရှိအောင် အကူအညီပေးမည်ဖြစ်ပါသည်။ ဥပမာ အိန္ဒိယအစိုးရသည် ဤစနစ်ကို အသုံးပြုခြင်းဖြင့် ဘေးသို့ ယိုထွက်မည့်စရိတ် တစ်နှစ်လျှင် ဒေါ်လာ ၁၁ ဘီလီယံ သက်သာမည်ဟု ခန့်မှန်းထားပါသည်။ ဤစနစ်သည် နိုင်ငံသားများကို ခေတ်မီ Digital စီးပွားရေးဝန်ဆောင်မှုများတွင် လိုအပ်သော မည်သူမည်ဝါ မှန်ကန်ကြောင်းကို Online နှင့် ပြင်ပ နှစ်မျိုးစလုံးဖြင့် စစ်ဆေးနိုင်ပါသည်။ ၎င်းသည် လုပ်ငန်းကုန်ကျစရိတ် နည်းပါးစေနိုင်သဖြင့် ကုန်သွယ်မှု နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ တိုးပွားလာနိုင်ပါသည်။

ယခုလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရအဖွဲ့အစည်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို မြှင့်တင်နိုင်ခြင်း၊ ပြည်သူ့ဝန်ထမ်းကဏ္ဍကို ပြုပြင်ပြောင်းလဲနိုင်ခြင်း၊ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းအတွက် များစွာအထောက်အကူပြုခြင်း၊ နေရာအတည်တကျ မရှိသည့် ရွှေ့ပြောင်းသွားလာသူများအတွက် လူမှုရေးအခက်အခဲများကို ဖြေရှင်းပေးနိုင်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် သက်ဆိုင်မှုမရှိသည့်အတွက် အငြင်းပွားဖွယ်ရာကိစ္စများကို လျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိလာမည် ဖြစ်ပါသည်။

**ပြည်သူကိုဗဟိုပြုသည့်စနစ်**

လူဦးရေမှတ်ပုံတင်စနစ် e– ID လုပ်ငန်းသည် e– Government စနစ် အောင်မြင်ရန် အခြေခံကျသည့်လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် လုပ်ငန်းဖြစ်ပါသည်။ ဒီစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်မှသာ ပြည်သူကို မှန်ကန်မြန်ဆန်ထိရောက်စွာနှင့် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သကဲ့သို့ အဂတိလိုက်စားမှုလည်း လျော့နည်းသွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့်ကော်မတီဝင်များသာမက အစိုးရအဖွဲ့အစည်းအားလုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လူမှုအဖွဲ့အစည်းအားလုံး၊ ပြည်သူအားလုံး၏ တက်ညီလက်ညီ ပူးပေါင်းပါဝင် လုပ်ဆောင်မှုသည် အထူးလိုအပ်ပါသည်။ ထို့ပြင် နိုင်ငံတစ်ဝန်းနေထိုင်ကြသည့် ပြည်သူအားလုံး အသိတရားနှင့် ပူးပေါင်းပါဝင်လာရေး လုပ်ဆောင်သည့် လုပ်ငန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို သိရှိရေးအတွက် အသိပညာပေးမှုများ၊ သတင်းထုတ်ပြန် အသိပေးမှုများကို မီဒီယာများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ယခုဆောင်ရွက်မည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေ မှတ်ပုံတင်ခြင်း လုပ်ငန်းသည် နိုင်ငံတော်အတွက် မှတ်တမ်းတင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေ အလွန်လုပ်သင့်သည့်လုပ်ငန်း တစ်ခုလည်းဖြစ်ပါသည်။ ထိုလုပ်ငန်းအောင်မြင်ရေးအတွက် ပြည်သူကိုဗဟိုပြုသည့်စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်မထားရမည့် လုပ်ငန်းဖြစ်လေရာ လုပ်ငန်းများချောမော အောင်မြင်ရေးအတွက် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ထို့အပြင် အဆိုပါ အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်သည့်လုပ်ငန်းသည် ခေတ်ကာလအချိန်အခါနှင့်အညီ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်နေသည့် ဦးစားပေးလုပ်ငန်းဖြစ်ပေရာ နိုင်ငံတော်အစိုးရက စတင်ဆောင်ရွက်တော့မည့် အဆိုပါလုပ်ငန်းအား လှိုက်လှဲစွာကြိုဆိုပါကြောင်း ရေးသားလိုက်ပါသည်။

ရည်ညွှန်းကိုးကား။ – World Bank – Identity Management System Analysis, Country Report of Myanmar
– ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးတင်ပြချက်များ
– သတင်းစာဆောင်းပါးများ

# သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ က ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် အဝတ်အထည်နှင့် ပစ္စည်းများအား နယ်စပ်ဒေသများရှိ ဒေသခံပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှတစ်ဆင့် ဖြန့်ဝေ

**နေပြည်တော် မေ ၂၆**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ (D.Litt.) (Ph.D.) သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရထံ ကိုရီးယားသမ္မတနိုင်ငံမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများမှ စုပေါင်းလှူဒါန်းသည့် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများအား မြန်မာနိုင်ငံအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်အတွင်း ဝေးလံခေါင်ဖျားသည့် ဒေသများရှိ ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှတစ်ဆင့် ဖြန့်ဝေရန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူဆရာတော်ကြီးက ဩဝါဒကထာမိန့်ကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခေါင်ဖျား၍ သွားလာရေးအလွန်ခက်ခဲကာ အအေးလွန်ကဲသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးခြင်းဖြစ်ကြောင်းနှင့် ယခုလို မိုးဦးကာလ၌ ရင်ဆိုင်ကြုံတွေ့ရမည့် ရာသီဥတုဒဏ်ကို အန်တုနိုင်ရန်အတွက် လှူဒါန်းသည့် အအေးဒဏ်ခံ အဝတ်အထည်နှင့် လူအသုံးအဆောင်ပစ္စည်းများအား အမြန်ဆုံးဖြန့်ဝေပေးပို့နိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် မိန့်ကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရှေးယခင်ကတည်းကပင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် ပူးပေါင်း၍ နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး အစရှိသည့် လှူဒါန်းထောက်ပံ့မှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခု သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မိန့်ကြားချက်အရ အဆိုပါ အဝတ်အထည်နှင့် လူအသုံးအဆောင်ပစ္စည်းများအား အအေးဓာတ်များပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အပြင် ဝေးလံခေါင်ဖျားသော ဒေသများဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း)၊ ချင်းပြည်နယ် (မင်းတပ်၊ မတူပီ) ဒေသအတွင်းရှိ ဒေသခံပြည်သူတို့ လက်ဝယ်အရောက် ဖြန့်ဝေပေးခြင်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ ပူးပေါင်းစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော်ကြီးက ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းထောက်ပံ့သည့် အဝတ်အထည်နှင့် လူအသုံးအဆောင်ပစ္စည်းအမျိုးအစား ၁၆ မျိုး စုစုပေါင်းအရေအတွက် ၄၉၈၉၈ တို့အား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**



ယနေ့ လှူဒါန်းပေးခဲ့သော ပစ္စည်းများမှာ လူကြီးဝတ် (ကျား) အင်္ကျီနှင့် အနွေးထည် ၂၇၄၅ ထည်၊ ဘောင်းဘီ ၆၆၇ ထည်၊ ခေါင်းစွပ် ၅၂ ခု၊ ဦးထုပ် ၃၂၇ လုံး၊ လူကြီးဝတ် (မ) အင်္ကျီနှင့် အနွေးထည် ၁၁၈၁၁ ထည်၊ ဘောင်းဘီ ၄၃၃၇ ထည်၊ မာဖလာ ၆၆၉ ခု၊ စွပ်ကျယ် ၁၅၁ ထည်၊ လည်စည်း ၈၅ ခု၊ စကပ် ၈၃၄ ထည်၊ အင်္ကျီ+ဘောင်းဘီဝမ်းဆက် ၂၈ စုံ၊ ပိုက်ဆံအိတ် ၈၄ ခု၊ ဖိနပ် ၃၅ ရန်၊ ခါးပတ် ၁၆ ခု၊ ကလေးဝတ်(ကျား) အင်္ကျီနှင့် အနွေးထည် ၁၄၈၆ ထည်၊ ဘောင်းဘီ ၁၇၅ ထည်၊ ခေါင်းစွပ် ၁၀၀၊ ကလေးဝတ် (မ) အင်္ကျီနှင့် အနွေးထည် ၅၃၉ ထည်၊ ဘောင်းဘီ ၅၈၈ ထည်၊ အင်္ကျီ+ဘောင်းဘီဝမ်းဆက် အစုံ ၃၀၀၊ ဦးထုပ် ၁၆၃၄ လုံး၊ ကျောပိုးအိတ် ၁၄၃ လုံး၊ ဘောပင် ၁၇၂၂ ခုနှင့် ယပ်တောင် ၅၈၇၀ စုစုပေါင်းအရေအတွက် ၄၉၈၉၈ ခု ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၆**

မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ကိစ္စများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ် အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်တင်သွင်းရေး လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## ကမ္ဘာ့အထင်ကရမှတ်တမ်း

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအရ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ ဒေသခံယဉ်ကျေးမှု ထိန်းသိမ်းရေးအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယခုတိုင်ဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို UNESCO ၏ အသိအမှတ်ပြုစာရင်းများ တင်သွင်းခြင်းသည် အမျိုးသားအဆင့် (National Level) ထိန်းသိမ်းစောင့်ရှောက်မှု သာမက နိုင်ငံတကာအဆင့် (International Level) ထိန်းသိမ်းစောင့်ရှောက်မှုများအဖြစ် တိုးမြှင့်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေနှင့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို မပျက်စီး မပျောက်ပျက်စေရေး ထိန်းသိမ်းခြင်း ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီသည့် အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်ဖြစ်ရန်နှင့် ကမ္ဘာ့အထင်ကရ မှတ်တမ်းအမွေအနှစ်များဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ အဓိကရည်မှန်းချက်သည် မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်ရေးဖြစ်သည့်အတွက် အဆိုပြုစာတွဲ (Nomination Dossier)တွင် ပါဝင်သည့် အကြောင်းအရာများအပေါ် လက်ရှိကာလအထိ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ လျာထားချက်များကို မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြု ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်ပိုင်းကစပြီး ယနေ့အထိ ရှစ်လတာကာလအတွင်း ကဏ္ဍအလိုက်၊ အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသတွင်း လက်နက်ကိုင် ပဋိပက္ခပြဿနာကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရမှုများ၊ ကွင်းဆင်းလုပ်ငန်း၊ အချက်အလက် ကောက်ခံရေးလုပ်ငန်းများမှာ အခက်အခဲရှိသည်များကို မိမိတို့ဌာနအနေနှင့် တတ်စွမ်းသလောက် လုပ်ကိုင်ဆောင်ရွက်ကြသည်ကိုလည်း မြင်တွေ့ရပါကြောင်း။

## ညီညီညွတ်ညွတ်ဆောင်ရွက်

မြောက်ဦးဒေသ၏ ရှေးဟောင်းအမွေအနှစ်များသည် သမိုင်းတန်ဖိုးကြီးမားသည့်အပြင် အမွေအနှစ်များ၏ လက်ရာ၊ ဗိသုကာ တည်ဆောက်ပုံအရ တန်ဖိုးဖြတ်၍ မရနိုင်သည့် ထူးခြားထင်ရှားသည့် အမွေအနှစ်အရင်းအမြစ်များ ဖြစ်ပါကြောင်း၊ မြောက်ဦးဒေသ၏ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ယခုအချိန်မှာ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ အပါအဝင် အခြားအခြားသော အကြောင်းများကြောင့် အခက်အခဲများရှိမည်ဖြစ်သော်လည်း ပါဝင်ဆောင်ရွက်ကြသူများ အားလုံးက ဝိုင်းဝန်း၍ ညီညီညွတ်ညွတ်နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသ၏ အဆိုပြုစာတွဲ (Nomination Dossier) တင်သွင်းထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်က မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသ၏ အဆိုပြုစာတွဲ (Nomination Dossier)၊ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများနှင့်မြောက်ဦးဒေသအတွက် ရေးဆွဲထားသည့် Time Frame နှင့် Work Plan များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကမ္ဘာ့အမွေအနှစ် ဒေသများဌာနခွဲမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ဦးက Integrated Management Framework (Management Plan) နှင့် ဆက်စပ်စာတွဲများကို ဆက်လက်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ရန်ကိစ္စများနှင့် ပတ်သက် ၍ ရှင်းလင်းတင်ပြသည်။

## ရှေးဟောင်းနေရာဖော်ထုတ်ရေး

ထို့နောက် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)မှ ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က Nomination Dossier Chapter IV State of Conservation and factors affecting the Property နှင့်ပတ်သက်၍ လည်းကောင်း၊ စစ်တွေဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က Nomination Dossier Volume I၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဒေသခံများနှင့် ဆက်စပ်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ၊ Mrauk-U Com ရုံးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ မြောက်ဦးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက မြောက်ဦးဒေသ၏ အဆိုပြုစာတွဲများတွင် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများနှင့် ပတ်သက်၍ လည်းကောင်း၊ သရေခေတ္တရာ ဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက မြောက်ဦးဒေသ၏ မြေပုံရေးဆွဲရေးလုပ်ငန်း၊ ရှေးဟောင်းနေရာများ ဖော်ထုတ်ရေးလုပ်ငန်းနှင့် Geographical Information System (GIS) Data ကောက်ယူရေး လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ ဟန်လင်းဌာနစုမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအေးက မြောက်ဦးဒေသ၏ Attribute များနှင့် ပတ်သက်၍ လည်းကောင်း၊ ပုဂံဌာနခွဲမှ လက်ထောက်အင်ဂျင်နီယာ ဦးသူရဗိုလ်က မြောက်ဦးဒေသ၏ Monument Inventory ကောက်ယူပြီးစီးမှုနှင့်ပတ်သက်၍ လည်းကောင်း Video Conferencing ဖြင့် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် အမြဲတမ်း အတွင်းဝန် ဦးထွန်းအုံတို့က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမိသားစုနှင့် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေများလှူဒါန်း



နေပြည်တော် မေ ၂၆

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း များအတွက် လှူဒါန်းမှုများအား လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား နိုင်ငံခြားရေးဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စု ဝန်ကြီးက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမိသားစုနှင့် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများမှ လှူဒါန်းသည့် ငွေကျပ် ၃၈၄ သိန်းတန်ဖိုးရှိ Hand Med Portable X–Ray machine နှင့် အလှူငွေကျပ် ၄၂ ဒသမ ၂၇ သိန်းကို လက်ခံခဲ့ပြီး (ယာပုံ) ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

✳ *ကျောဖုံးမှ*

၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀ ၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦးနှင့် ယနေ့တွင် ၁၃၉၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၅၁၇၇ ဦး အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွတ်မြောက်လာသူများ ဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်း ပို့ဆောင်ပေးခြင်း ဖြစ်သည်။



မြဝတီနယ်စပ် ချစ်ကြည်ရေးတံတား အမှတ်(၂) မှ ယနေ့ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တွေ့ရစဉ်။

ယနေ့ ပြန်လည်ဝင်ရောက်သူများ အနေဖြင့် ကချင်ပြည်နယ်မှ ခြောက်ဦး၊ ကယားပြည်နယ်မှ ၁၂ ဦး၊ ကရင်ပြည်နယ်မှ ၁၉၀၊ မွန်ပြည်နယ်မှ ၁၃၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၇၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၃၄ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၀၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၂ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၈၅ ဦး၊ နေပြည်တော်မှ ၄၈ ဦး၊ ရှမ်းပြည်နယ်မှ ၄၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ကိုးဦး၊ ရခိုင်ပြည်နယ်မှ ၂၂ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၈၀ စုစုပေါင်း ၁၃၉၄ ဦးဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# မြိတ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများအား ဆန်၊ ဆီ၊ ငါးသေတ္တာများ ထောက်ပံ့

မြိတ် မေ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ငါးသေတ္တာများ ထောက်ပံ့ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း ဗိုလ်တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများနှင့် ပြည်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာနှင့် CB ဘဏ် တိုင်းဒေသကြီး တာဝန်ခံ ဦးလှသန်းတို့က ဆန် ၁၀ ပြည်အိတ် ၁၁၀၀၊ ဆီဘူး ၁၁၀၀ နှင့် ငါးသေတ္တာ ၁၀ ဘူးပါ အတွဲ ၁၁၀၀ကို ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း စုစုပေါင်း ၁၆၉၀ အတွက် ဂုဏ်ပြုထောက်ပံ့ လှူဒါန်းသည်။

ဂုဏ်ပြုထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဒေါ်ရီရီချို နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးကျော်မင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာနှင့် CB ဘဏ် တိုင်းဒေသကြီး တာဝန်ခံ ဦးလှသန်းက လှူဒါန်းထောက်ပံ့သည့်ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့အတူ မြိတ်ဒေသ ကိုဗစ်–၁၉ ကာကွယ် ထိန်းချုပ် ကုသရေး အထောက်အကူပြုကော်မတီမှ မြိတ်ပြည်သူ့ ဆေးရုံကြီးသို့ Video Laryngoscope နှစ်လုံးကို လှူဒါန်းပေးအပ်ရာ ဆေးရုံ အုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# ပြည်တွင်း မတ်ပဲနှင့် ပဲစင်းငုံဈေး အနည်းငယ်ပြန်ကျ

မူဆယ် မေ ၂၆

ပြည်တွင်း မတ်ပဲနှင့် ပဲစင်းငုံဈေး အနည်းငယ်ပြန်ကျကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက မေ ၂၅ တွင်ပြောသည်။ ပြီးခဲ့သည့်လ အတာသင်္ကြန်အပြီး မတ်ပဲ တစ်တန်လျှင် ကျပ် ၉၉၅၀၀၀ မှ ကျပ် ၁၀၀၀၀၀၀ အထိ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် မတ်ပဲတစ်တန်လျှင် ကျပ် ၉၆၀၀၀၀ မှ ကျပ် ၉၆၅၀၀၀ အထိ အနည်းငယ် ကျဆင်းခဲ့သည်။

အလားတူ ပြီးခဲ့သည့်လ အတာသင်္ကြန်အပြီး ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၈၀၀၀၀၀ အထိ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိတွင် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၇၇၀၀၀၀ အထိ အနည်းငယ်ကျဆင်းခဲ့သည်။ ထိုသို့ ပဲဈေးအနည်းငယ်ပြန်ကျခြင်းမှာ အိန္ဒိယ၏ ပဲတင်သွင်းမှု မူဝါဒအပြောင်းအလဲများကြောင့်ဖြစ်ကြောင်း ဦးမင်းကိုဦး က ဆက်ပြောသည်။ အိန္ဒိယအစိုးရအနေဖြင့် ယခင် ပြည်ပမှ တင်သွင်းမည့် မတ်ပဲတန်ချိန် လေးသိန်းကို လာမည့် ၂၀၂၁ ခုနှစ် မတ်လအတွင်း အပြီး တင်သွင်းရမည်ဟု ကြေညာခဲ့သော်လည်း မေ ၂၂ ရက်ကမှ အချိန်သုံးလအတွင်း အပြီးတင်သွင်းရမည်ဟု အသိပေးစာထုတ်ပြန်၍ မူဝါဒထပ်မံ ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။

"ပြောရင်တော့ ဒီကမ္ဘာ့အင်အားကြီးနိုင်ငံ တော်တော်များများကလည်း အခု ကိုယ့်နိုင်ငံအကျိုးစီးပွားအတွက် မူဝါဒကို ခပ်ပြတ်ပြတ်ချနေကြတာ။ အခု လက်ရှိ ကောက်ပဲသီးနှံမှာ ဒါတွေ မြင်လာရပြီးတော့ ဒီဟာဆိုလည်း ကျွန်တော် တို့ သုံးသပ်တာ သူ(အိန္ဒိယ)က စက်တင်ဘာမှာ ထွက်လာမယ့်ပဲကို သွားပြီး အခက်အခဲဖြစ်မှာစိုးရိမ်တဲ့အတွက် ဩဂုတ်လကုန် နောက်ဆုံးထားပြီး ပို့ဆိုတဲ့ ပုံစံမျိုး လုပ်တာပေါ့လေ။ အကယ်၍ စက်တင်ဘာ ပဲထွက်ရာသီမှာ အထွက်နှုန်း မကောင်းခဲ့ရင်တော့ ကျိန်းသေတာပေါ့၊ နောက်ထပ် Extension ရက်တွေ တိုးပေးပြီး ထပ်ပြီးသွင်းခိုင်းမှာပေါ့၊ အကယ်၍ စက်တင်ဘာ ပဲထွက်ရာသီမှာ အထွက်နှုန်းကောင်းသွားရင်တော့ ဒါနဲ့ပဲ ရပ်ရင်ရပ်မလား မပြောတတ်ဘူး။ သူတို့ရဲ့ မူဝါဒဖြစ်သွားပြီ"ဟု ဦးမင်းကိုဦးက ပြောသည်။

အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူမည့် မတ်ပဲသည် မြန်မာနိုင်ငံကသာ အဓိက စိုက်ပျိုးပြီး အခြား ပဲစင်းငုံ၊ ပဲတီစိမ်း၊ စားတော်ပဲများကိုမူ မြန်မာနိုင်ငံအပြင် အာဖရိကတိုက်နှင့် ဩစတြေးလျနိုင်ငံများလည်း စိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

**ငြိမ်းငြိမ်း**

✳ *ကျောဖုံးမှ*

ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အမျိုးသားအလုပ်သမားများအား ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ၊ သဘာဝဘေး အရေးပေါ်ခိုလှုံရာ အဆောက်အအုံနှင့် အမျိုးသမီးအလုပ်သမားများအား ဒေးရိပ်ငြိမ်ရပ်ကွက်၊ ကြက်တောင်အားကစားရုံ ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၂၁ ရက်ထားရှိ စောင့်ကြည့်ကာ အလုပ်သမားအားလုံး၏ အာခေါင်တို့ဖတ်နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေး၍ ရောဂါ ဖြစ်ပွားမှုကင်းရှင်းပါက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အဖွဲ့အစည်း များထံသို့ ချိတ်ဆက်ကာ အိမ်တွင် ခုနစ်ရက်ထားရှိ စောင့်ကြည့်နိုင်ရေး စနစ်တကျထပ်မံလွှဲပြောင်း ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

❒ *ကျောဖုံးမှ*

ငါးလုပ်ငန်းဦးစီးဌာန၏ Website တွင် (၅)ကြိမ်တိုင်တိုင် အသိပေးကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တည်နေရာသတင်းအချက်အလက်ပေးပို့မှု မရှိသည့် ရေယာဉ်များ(Silent Vessels) ၏ ပိုင်ရှင်များ၊ တရားဝင် ကိုယ်စားလှယ်များအား ရေယာဉ်၏ တည်နေရာ သတင်း အချက်အလက်ပေးပို့မှု ပြတ်တောက်စေမည့် စက်ဖြုတ်ခြင်း၊ စက်ပိတ်ခြင်းတို့ကို လုံးဝမပြုလုပ်စေရန်၊ ရေယာဉ်၏ တည်နေရာ ပြန်လည်ပေးပို့စေရန်နှင့် အလားတူ ကိစ္စရပ်မျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန်အတွက် ဖုန်းဖြင့် သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ ခံဝန်ကတိ လက်မှတ်ရေးထိုးစေခြင်းအပြင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကိုလည်း အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ စည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေးငါးဖမ်း/ငါးသယ် ရေယာဉ်များအား(၁–၆–၂၀၂၀)ရက်နေ့မှ စတင်၍ ငါးလုပ်ငန်းဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၅/၂၀၁၈)နှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

❂ *ကျောဖုံးမှ*

တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ အီတလီ အခြေစိုက်သတင်းများတွင် နာပိုလီအသင်းသည် အဲဗာတန်၏ ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်ကြောင်း ဖော်ပြထားသည်။ အသင်းဥက္ကဋ္ဌ အူရီလီယို ဒီလောရန်တီအနေဖြင့် ပြောင်းရွှေ့ကြေး ပေါင် ၆၃ သန်း (ယူရို သန်း ၇၀) သာ အလိုရှိနေကြောင်း သိရသည်။

အယ်လန်သည် ၂၀၁၅ ခုနှစ်တွင် အူဒီးနိစ်အသင်းမှ နာပိုလီအသင်းကို ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကစား လျက်ရှိကြောင်း သိရသည်။ ၎င်းသည် နာပိုလီအသင်း အတွက် ပြိုင်ပွဲအရပ်ရပ် ၂၀၃ ပွဲ ပါဝင်ကစားထားပြီး ၁၀ ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ဂိုးရရှိအောင်လည်း ၁၆ ကြိမ်အထိ ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

အဲဗာတန်အသင်းနည်းပြ အန်ဆယ်လော့တီသည် နာပိုလီအသင်းကို ၂၀၁၈ ခုနှစ် နွေရာသီတွင် တာဝန်ယူ ကိုင်တွယ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အသင်းနည်းပြ အဖြစ်မှ ထုတ်ပယ်ခံခဲ့ရကြောင်း သိရသည်။ သို့သော်လည်း အသက် ၆၀ အရွယ်ရှိ အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီသည် အယ်လန်၏ ခြေစွမ်းကို နှစ်သက်သည့် အတွက် ယခုနွေရာသီတွင် အဆိုပါကစားသမားကို ဂွတ်ဒီဆင်ပတ်ခ်သို့ ခေါ်ယူလိုနေခြင်းဖြစ်သည်။

အယ်လန်သည် ယခုနှစ်ရာသီတွင် နည်းပြဂတ်တူဆိုနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်ပြီးနောက် စီးရီးအေပြိုင်ပွဲတွင် ၁၆ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားကြောင်း သိရသည်။ ထို့အပြင် အယ်လန်သည် နာပိုလီအသင်းနှင့် နှစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသော တိုက်စစ် ကစား သမား ဒရိုင်းစ်မာတင်စ်နှင့်လည်း ဆက်ဆံရေးအဆင်မပြေ ကြောင်း သိရသည်။ ထို့ကြောင့် ဆက်ဆံရေးအဆင်မပြေ ဖြစ်နေသည့် အယ်လန်သည် ဂွတ်ဒီဆင်ပတ်ခ်သို့ ယခုနှစ် နွေရာသီတွင် ရောက်ရှိလာမည်လား စိတ်ဝင်စားစရာ ဖြစ်သည်။

**အောင်ဇော်**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

**ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆ ။)**

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကို ဖြစ်စေ၊ အခြား စွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သောယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ဆိုင်ကယ်၊ နောက်တွဲယာဉ်၊ စက်ယန္တရားများနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ယာဉ်များလည်း ပါဝင်သည်။

(ခ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်** ဆိုသည်မှာ စီးပွားရေး အလို့ငှာ ငှားရမ်းခ သို့မဟုတ် သယ်ယူပို့ဆောင်ခရယူ၍ ခရီးသည် သို့မဟုတ် ကုန်စည်ကို သယ်ယူပို့ဆောင်သော မော်တော်ယာဉ်ကို ဆိုသည်။

(ဂ) **နောက်တွဲယာဉ်** ဆိုသည်မှာ မော်တော်ယာဉ်ဖြင့် ချိတ်ဆွဲသည့် ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဃ) **မော်တော်ဆိုင်ကယ်** ဆိုသည်မှာ ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ အနည်းဆုံးဘီးနှစ်ဘီးဖြင့် မောင်းနှင်သော မော်တော်ယာဉ် ကို ဆိုသည်။

(င) မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း ဆိုသည်မှာ မော်တော် ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ဘောင်၊ ဝင်ရိုး နှင့် မောင်းနှင်တံ အထိုင်စနစ်တို့ကို ဆိုသည်။

(စ) **ဝန်တင်အား** ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန်၊ ခရီးသည် အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည် အရေအတွက် စုစုပေါင်းတို့ကို ဆိုသည်။

(ဆ) **ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ(Dangerous Goods)** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် နိုင်ငံတော် လုံခြုံရေးကို ထိခိုက်စေသည့် ပစ္စည်းများ၊ အရာဝတ္ထုများ၊ အရည်များနှင့် အခိုးအငွေ့များကို ဆိုလိုသည်။

(ဇ) **ကနဦးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင် အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ ပထမဦးဆုံး မှတ်ပုံတင် ခြင်းကို ဆိုသည်။

(ဈ) **ယာယီမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်ကို ကနဦးမှတ်ပုံ တင်ခြင်းမပြုမီ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များ နှင့်အညီ မှတ်ပုံတင်ခြင်း သို့မဟုတ် ပြည်ပနိုင်ငံများတွင် မှတ်ပုံတင် ထားသော မော်တော်ယာဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြု ချက်ဖြင့် မြန်မာနိုင်ငံအတွင်း နေ့ရက်၊ အချိန်နှင့်နေရာ ကန့်သတ်ချက် များဖြင့် ခေတ္တဝင်ရောက်နိုင်ရေးနှင့် ခေတ္တဖြတ်သန်းသွားလာနိုင်ရေး အတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်တင်ပို့ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများမှ ယာယီတင်သွင်း လာသော မော်တော်ယာဉ်များကို သတ်မှတ်ကာလအတွင်း အသုံးပြု နိုင်ရေးအတွက် လည်းကောင်း သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းတို့ကို ဆိုသည်။

(ည) **သက်တမ်းတိုးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသော မော်တော်ယာဉ်ကို သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိ ထံ သတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးဆောင်ရွက်ခြင်းကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာနမှတ်ပုံတင်အရာရှိ သို့မဟုတ် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိကို ဆိုသည်။

(ဌ) **ဦးစီးဌာနမှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဦးစီးဌာန၏ အရာရှိတစ်ဦးဦး အား မှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန်ပေးသော သူကို ဆိုသည်။

(ဍ) **ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများရှိ အရာရှိတစ်ဦးဦးအား ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန် ပေးထားသောသူကို ဆိုသည်။

(ဎ) **လိုင်စင်ထုတ်ပေးသူ အရာရှိ** ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ထား သော အရာရှိကို ဆိုသည်။

(ဏ) **မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (Registration Logbook of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်ထားသူ ကို ထုတ်ပေးသည့် မှတ်ပုံတင်ထားသော မော်တော်ယာဉ် ဆိုင်ရာ အချက်အလက်များ ပါဝင်သည့် မှတ်တမ်းစာအုပ်ကို ဆိုသည်။

(တ) **မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (Registration Certificate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်း၊ အများပြည်သူ ဆိုင်ရာနေရာနှင့် အခြား သွားလာခွင့်ပြုနိုင်သောနေရာများတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထား သက်သေခံ လက်မှတ်ကို ဆိုသည်။

(ထ) **မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ် (Vehicle Inspection Certificate)** ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်းက ထုတ်ပေးသော မော်တော်ယာဉ်ကြံ့ခိုင်မှုရှိကြောင်း အထောက်အထား သက်သေခံလက်မှတ်ကိုဆိုသည်။

(ဒ) **မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား (Registration Number Plate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့် အနောက်တွင် တပ်ဆင်အသုံးပြုရန် လည်းကောင်း၊ မော်တော် ဆိုင်ကယ်၏ မှတ်ပုံတင်အမှတ်ကိုဖော်ပြလျက် မော်တော် ဆိုင်ကယ်၏အနောက်တွင် တပ်ဆင်အသုံးပြုရန် လည်းကောင်း ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကို ဆိုသည်။

(ဓ) **မော်တော်ယာဉ် မှတ်ပုံတင်ထားသူ** ဆိုသည်မှာ မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြ ထားသူကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စက်မှုဇုန်ဥပဒေပြဋ္ဌာန်း

**စက်မှုဇုန်ဥပဒေ**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)**

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို စက်မှုဇုန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **စက်မှုဇုန်** ဆိုသည်မှာ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန် ၍ စက်မှုဇုန်အဖြစ် နယ်နိမိတ်ပိုင်းခြား သတ်မှတ်တည်ထောင် သည့်နေရာကို ဆိုသည်။

(င) **တည်ထောင်ပြီးစက်မှုဇုန်** ဆိုသည်မှာ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သော စက်မှုဇုန်၊ စက်မှုဇုန်ခွဲ၊ စက်မှုနယ်မြေ၊ စက်မှု ရပ်ကွက် သို့မဟုတ် စက်မှုဥယျာဉ်ကို ဆိုသည်။

(စ) **ဗဟိုကော်မတီ** ဆိုသည်မှာ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤဥပဒေအရ ဖွဲ့စည်းသော စက်မှု လုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့တွင် ဒေသအလိုက် စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးအတွက် ဤဥပဒေ အရ ဖွဲ့စည်းသောဒေသဆိုင်ရာစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဇ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာစက်မှုဇုန်တွင် စီမံ ခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းသော စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီကို ဆိုသည်။

(ဈ) **အခြေခံအဆောက်အအုံများ** ဆိုရာတွင် စက်မှုဇုန်နှင့်ဆက်စပ်သည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး၊ ရေရရှိရေး၊ ရေဆိုးသန့်စင်ရေး၊ မီးဘေးလုံခြုံရေး၊ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ ဆက်သွယ်ရေးကွန်ရက်စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံလိုအပ် ချက်များနှင့် ကွန်ပျူတာအစီအစဉ်များ၊ လုပ်ငန်းများလွယ်ကူ ထိရောက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် စီမံခန့်ခွဲရေး ဆိုင်ရာ အစီအစဉ်များစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာမဟုတ်သည့် အခြေခံလိုအပ်ချက်များ ပါဝင်သည်။

(ည) **ရင်းနှီးတည်ဆောက်သူ** ဆိုသည်မှာ စက်မှုဇုန်ထူထောင်တည်ဆောက် သည့်လုပ်ငန်း၊ စက်မှုဇုန်အတွင်း အခြေခံအဆောက်အအုံ တည် ဆောက်သည့် လုပ်ငန်းနှင့်လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် မွမ်းမံ ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကိစ္စရပ်တစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ ဒေသဆိုင်ရာကော်မတီ၏ သတ်မှတ်ချက် များနှင့်အညီ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက် သည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့်စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ခ) စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျစီမံထူထောင်၍ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်စေရန်၊

(ဂ) ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း များ၏ လိုအပ်ချက်များကို ပြည့်စုံစွာ စီမံဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များအတွင်း လုပ်ငန်းချိတ်ဆက်မှု အားကောင်း၍ ဈေးကွက်အရ ယှဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများ ဖြစ်လာ စေရန်၊

(ဃ) စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်း အခြေချလုပ်ကိုင် ဆောင်ရွက်လာစေရန်နှင့် စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ် စေရေး၊ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်း ဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ် တကျ စီမံဆောင်ရွက်စေရန်၊

(င) စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ် အကိုင်အခွင့်အလမ်း တိုးမြှင့်လာစေပြီး နိုင်ငံသားများ၏ လူနေမှု အဆင့်မြင့်မားလာစေရန်နှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျော့နည်းစေရန်၊

(စ) စက်မှုဇုန်များ၏ ကွန်ရက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းရန်နှင့် တာဝန်ယူ၊ တာဝန်ခံမှုစနစ် ထွန်းကားလာစေရန်၊

(ဆ) အသုံးပြုခွင့်ရရှိထားသောမြေများကို လက်တွေ့အသုံးပြုခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်။

**အခန်း(၃)**

**ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည် –

(က) စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦး ကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ၁၅ ဦး ထက် မပိုသော ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ် တာဝန်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို ကိုဗစ်-၁၉ ကုသဆေးအဖြစ် ဆေးရုံ၊ ဆေးခန်းများတွင် အသုံးမပြုရန် တားမြစ်

ဂျီနီဗာ မေ ၂၆

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ငှက်ဖျားတိုက်ဖျက်ဆေးဖြစ်သည့် ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို ကိုဗစ်- ၁၉ ကုသဆေးအဖြစ် ဆေးရုံ၊ ဆေးခန်းများတွင် အသုံးမပြုရန် တားမြစ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၆ ရက်က ဖော်ပြလိုက်သည်။**


ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် ဂီဘရီယက်စ်ဆုစ်

ကိုဗစ်-၁၉ ကို ကုသသည့်နေရာတွင် ဟိုက်ဒရောက်စီ ကလိုရိုကွင်းဆေးဖြစ်ဖြစ်၊ ကလိုရိုကွင်းဆေးဖြစ်ဖြစ်အသုံးပြုလျှင် ရလာမည့်အကျိုး ကျေးဇူးများကို အတည်မပြုနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏ သုတေသီများက သောကြာနေ့က ဖော်ပြလိုက်ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ယခုလို တားမြစ်လိုက်ခြင်းဖြစ်သည်။

ငှက်ဖျားတိုက်ဖျက်ဆေးဖြင့် ကုသမှုခံယူနေသော ကိုဗစ်-၁၉ လူနာ ၉၆၀၀၀ တို့၏ အချက်အလက်များကို သုတေသီများက သုတေသနပြုလုပ်ခဲ့ပြီး ၎င်းတို့ထဲကအချို့တွင် နှလုံးခုန်နှုန်းပုံမှန်မဟုတ်ကြောင်း ဖော်ပြခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအေဂျင်စီအနေဖြင့် လတ်တလောတွင် စိတ်ချရလောက်သည့် အနေအထားမတွေ့ရမချင်း ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို ကိုဗစ်-၁၉ ကုသမှုတွင် အသုံးမပြုဘဲ ရပ်ထားရန် ပြောကြားထားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် ဂီဘရီယက်စ်ဆုစ်က သတင်းထောက်များကို တနင်္လာနေ့က ပြောကြားလိုက်သည်။

ထို့အပြင် ငှက်ဖျားဆေးများသည် ကိုယ်တွင်း၌သဘာဝအရရှိနေသော အရာများကို ဆန့်ကျင်သည့် ပဋိပစ္စည်းများကြောင့်ဖြစ်သော ရောဂါများနှင့် ငှက်ဖျားရောဂါတို့ကို တိုက်ဖျက်ရာတွင် အသုံးပြုနိုင်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၎င်းအနေဖြင့် ရမ်ဒီဆီဗာ အပါအဝင် တခြားစစ်ဆေးမှုများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။


**အင်န်အိတ်ချ်ကေ**

# လာအိုနိုင်ငံတွင် ကန့်သတ်မှုများ ဖြေလျှော့ပြီးနောက် နိုင်ငံအတွင်း ဝင်ခွင့် ထွက်ခွင့်ပေး

**ဗီယင်ကျင်း မေ ၂၆**

ကျောင်းသားများ၊ လာအိုနိုင်ငံသားများ၊ ကျွမ်းကျင်သူများနှင့် သံတမန်များကို လာအိုနိုင်ငံအတွင်းသို့ ဝင်ခွင့်ထွက်ခွင့်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနက ထုတ်ပေးသော ခရီးသွားလာခွင့်ဆိုင်ရာ အချက်အလက်များနှင့် နိုင်ငံအတွင်းမှ ဝင်ခွင့်ထွက်ခွင့်ပေးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် သေချာစေရန် ပြည်သူများသည် အစိုးရမှ အမိန့်ထုတ်ထားသည့် တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။


ဗီယင်ကျန်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသွားများအားအပူချိန်စစ်ဆေးနေမှုကို တွေ့ရစဉ်။

လာအိုနိုင်ငံအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူနောက်ထပ်မတွေ့ရှိရတော့သည်မှာ ၄၄ ရက်ရှိပြီဟု မေ ၂၆ ရက်တွင် လာအိုနိုင်ငံ ရောဂါထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ရက်တန်ဇေ ပန့်ဆာဗန်နက်က ပြောသည်။

မေ ၂၅ ရက်တွင် နယ်စပ်မှတစ်ဆင့်လာအိုနိုင်ငံသို့ ဝင်ရောက်လာသူ ၁၉၃၄ ဦးရှိပြီး ထိုင်းနိုင်ငံနယ်စပ်မှ ၁၀၉၃ ဦး ဝင်ရောက်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံမှ ဝင်ရောက်လာသူ ၇၇၇ ဦးရှိပြီး တရုတ်နိုင်ငံမှ လာအိုသို့ ပြန်လာသူလေးဦးရှိကြောင်း သိရသည်။ ဝင်လာသူတိုင်းကို အပူချိန်တိုင်းတာမှုများ ပြုလုပ်ပေးခဲ့ပြီး မည်သူ့တွင်မှ ရောဂါလက္ခဏာမတွေ့ရှိရဟု သိရသည်။

**ဆင်ဟွာ**

# ကန့်ကွက်မှုများရှိသော်လည်း ထိုင်းအစိုးရက နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားမှုကို အချိန်ထပ်တိုး

**ဘန်ကောက် မေ ၂၆**

ထိုင်းနိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာပြီးနောက် နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာထားမှုကို ရုပ်သိမ်းရန် အတိုက်အခံများက တောင်းဆိုနေသော်လည်း စစ်အစိုးရက အရေးပေါ်အခြေအနေကြေညာချက်ကို ဇွန်လကုန်အထိဆက်လက်ထားရှိရန် အချိန်ထပ်တိုးလိုက်ကြောင်း သိရသည်။

တစ်နိုင်ငံလုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုကို ဖြေလျှော့လိုက်သည့်အတွက် နောက်ထပ်ကိုဗစ်-၁၉ ဒုတိယလှိုင်း ထပ်မံဖြစ်ပွားနိုင်သည့် အန္တရာယ်ကို လျှော့ချနိုင်ရန် ယင်းသို့မဖြစ်မနေ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ နာရူမွန်ပင်ရိုဆင်ဝပ်က မေ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအတွင်း အစိုးရက စီးပွားရေး ပြန်လည်စတင်ဖွင့်လှစ်နိုင်ရေးအတွက် ကန့်သတ်ပိတ်ဆို့မှုများကို တစ်ဆင့်ချင်းပြန်လည်ဖြေလျှော့ပေးလျက်ရှိပြီး အရေးပေါ်အခြေအနေကြေညာချက်က ကပ်ရောဂါကို ရင်ဆိုင်နိုင်မည့် နိုင်ငံရေးမပါသည့် လက်နက်တစ်ခုဖြစ်ကြောင်း သိရသည်။ အတိုက်အခံများက လွန်စွာ တင်းကျပ်လွန်းခြင်းမရှိသည့် ဥပဒေဖြင့်သာ ကပ်ရောဂါကူးစက်မှုကို ကိုင်တွယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နောက်ဆုံး လုပ်ဆောင်ခဲ့သည့် နိုင်ငံတော် အရေးပေါ်အခြေအနေကြေညာချက် အချိန်ထပ်တိုးမှုသည် မလိုလားအပ်ဘဲ အာဏာကိုအသုံးပြုခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ အကြီးဆုံး အတိုက်အခံပါတီဖြစ်သည့် ပျူထိုင်းပါတီမှ ပြောရေးဆိုခွင့်ရှိသူ အနူဆွန် အမ်ဆာအတ်က ပြောကြားခဲ့သည်။

အစိုးရက အရေးပေါ်အခြေအနေကြေညာချက်အောက်တွင် အစိုးရထံမှ ဘတ်ငွေတစ်ထရီလီယံငွေချေးမည့် အစီအစဉ်နှင့် ထိုင်းဘဏ်မှ ဘတ်ငွေ ၉၀၀ ဘီလီယံငွေချေးမည့် စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်ကိုပါ ထုတ်ဖော်ခဲ့သည်။

**ဘန်ကောက်ပို့စ်**


ထိုင်းနိုင်ငံတောင်ပိုင်း နာရာဝပ်ပြည်နယ်၌ အကာအကွယ်ဝတ်ဆင်ထားသည့် ထိုင်းတပ်ဖွဲ့ဝင်များတန်းစီနေစဉ်။

## ဂျပန်နိုင်ငံက ဆေးဝါးအထောက်အပံ့ပစ္စည်းများနှင့် ဆေးဘက်အဖွဲ့အစည်းများအတွက် ငွေကြေး ၁ ဒသမ ၇ ဘီလီယံ သုံးစွဲမည်

**တိုကျို မေ ၂၆**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရေးအတွက် ဆေးကုသရေးဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် ဆေးဘက်အဖွဲ့အစည်းများအတွက် ဝန်ဆောင်ခအနေဖြင့် ငွေကြေး ၁ဒသမ ၇ ဘီလီယံကို သုံးစွဲရန် အစိုးရက အတည်ပြုလိုက်ကြောင်း သိရသည်။

သီးသန့်ရန်ပုံငွေထဲမှ ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကို ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်ရေးတွင် သုံးစွဲရေးအတွက် အတည်ပြုရန် မေ ၂၅ ရက်တွင် အစိုးရအဖွဲ့က သဘောတူလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အစိုးရက နှာခေါင်းစည်းများ၊ ဗိုင်းရပ်စ်အကာအကွယ်ဝတ်ရုံများ၊ ဆေးရုံသုံးလက်အိတ်များ ဝယ်ယူရန်နှင့် ကိုဗစ်-၁၉ လူနာများကို လက်ခံကုသနေသည့် အဖွဲ့အစည်းများကို ဦးစားပေးလျက် ကုန်ပစ္စည်းများပို့ဆောင်မည်ဖြစ်သည်ဟု သိရသည်။

ရောဂါလက္ခဏာမပြင်းထန်သည့်လူနာများမှအရေးကြီးလူနာများအထိ လူနာအမျိုးမျိုးကို လက်ခံကုသပေးနေသည့် ဆေးဘက်အဖွဲ့အစည်းများတွင် ကုန်ကျစရိတ်ကြီးမြင့်မှုကို အစိုးရအဖွဲ့ကအသိအမှတ်ပြုခဲ့သည်။သို့ဖြစ်ရာ ယင်းကုန်ကျစရိတ်များကို ကာမိစေရန်နှင့် အများပြည်သူကျန်းမာရေးအာမခံစနစ်အောက်တွင် အစိုးရက ဒေါ်လာ ၁၄၈ သန်းခန့်ကို အကုန်အကျခံရန် သဘောတူလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် တစ်နေ့တည်းသေဆုံးမှုစံချိန်တင်

**ဆော်ပိုလို မေ ၂၆**

ဘရာဇီးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မေ ၂၅ ရက်က ထပ်မံသေဆုံးသူပေါင်း ၈၀၇ ဦးရှိခဲ့ကြောင်းနှင့် တစ်နေ့တည်းသေဆုံးမှုအများဆုံးနိုင်ငံဖြစ်ခဲ့ကြောင်း သိရသည်။

**အမေရိကန်ထက်ပိုများ**

ဘရာဇီးအစိုးရက မေ ၂၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၃၇၄၈၉၈ ဦး ရှိကြောင်း ဖော်ပြခဲ့သည်။ ဘရာဇီးနိုင်ငံတစ်ဝန်းလုံး၌ စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူသည် ၂၃၄၇၄ ဦးရှိခဲ့သည်။ ဘရာဇီးနိုင်ငံ၏ တစ်နေ့တည်းသေဆုံးမှုနှုန်းသည် အမေရိကန်ပြည်ထောင်စု၏ မေလ ၂၅ ရက်တစ်နေ့တည်းသေဆုံးမှုနှုန်းထက် ပိုမိုများပြားကြောင်း သိရသည်။

**ဆင်းရဲသားအများစု**

ဘရာဇီးနိုင်ငံတွင် သေဆုံးသူအများစုသည် ဆင်းရဲသားအများစုနေထိုင်ရာနေရာများတွင် ဖြစ်ပွားခဲ့သည်။

ဘရာဇီးနိုင်ငံသည် အဆိုပါနေရာများတွင် မတ်လ လလယ်မှစကာ အသွားအလာအလုံပိတ်ကန့်သတ်မှုများကို ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် မြို့တော်ဆော်ပိုလိုတွင် အသွားအလာကန့်သတ်မှုများကို ပိုမိုပြုလုပ်ခဲ့သည်။ သို့သော်လည်း ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုသည် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းပြီး လူနေထူထပ်သောနေရာများတွင် ဆက်လက်ပျံ့နှံ့ဖြစ်ပွားခဲ့သည်။

ထို့အတူ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် တခြား တောင်အမေရိကနိုင်ငံများဖြစ်သော အီကွေဒေါနှင့် ချီလီနိုင်ငံတို့တွင်လည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပိတ်ဆို့ကန့်သတ်သည့်ကာလအတွင်း စည်းမျဉ်းချိုးဖောက်ခဲ့သည့် အကြံပေးအရာရှိကို ကာကွယ်ပေးသည့်အတွက် ဗြိတိန်ဝန်ကြီးချုပ်ဝေဖန်ခံရ

**လန်ဒန် မေ ၂၆**

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ၎င်း၏ အကြံပေးအရာရှိကို အကာအကွယ်ပေးခဲ့မှုအတွက် ဝေဖန်ခံရမှုများနှင့် ရင်ဆိုင်နေရသည်။

ဘောရစ်ဂျွန်ဆင်၏ အကြံပေးအရာရှိသည် မတ်လနှောင်းပိုင်းတွင် ပိတ်ဆို့ကန့်သတ်သည့်စည်းမျဉ်းများကို ချိုးဖောက်ကာ မိသားစုနှင့်အတူ ကီလိုမီတာ ရာနှင့်ချီ၍ ခရီးသွားလာမှု ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

ဗြိတိန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုများပျံ့နှံ့နေ၍ နေအိမ်များ၌သာနေရန် အမိန့်ထုတ်ထားချိန်တွင် ဒိုမနစ်ကမ်းမင်းသည် လန်ဒန်မြို့မှ ကီလိုမီတာ ၄၀၀ အကွာရှိ ၎င်း၏မိဘများနေအိမ်သို့ သွားရောက်ခဲ့သည်ဟု ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

မေ ၂၅ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်း၏လုပ်ရပ်အတွက် နောင်တမရဟုပြောကြားခဲ့သည်။ ဇနီးသည်တွင် ကိုဗစ် – ၁၉ လက္ခဏာများတွေ့ရှိလာရပြီးနောက် မိသားစုကိုခေါ်ဆောင်ရန် ခရီးနှင်ခဲ့သည်ကို ဘောရစ်ဂျွန်ဆင်ထံ အသိပေးခဲ့ခြင်းမရှိကြောင်း၊ ဥပဒေဘောင်အတွင်းမှ အကျိုးသင့်အကြောင်းသင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘောရစ်ဂျွန်ဆင်က ၎င်း၏အကြံပေးအရာရှိချုပ်အတွက် ကာကွယ်ပြောဆိုခဲ့ပြီး ကမ်းမင်းသည် ဂုဏ်သိက္ခာရှိစွာဖြင့် တရားဝင်ပြုမူနေထိုင်ခဲ့သည်ဟု ကာကွယ်ပြောဆိုခဲ့သည်။ အတိုက်အခံလွှတ်တော်အမတ်များနှင့် မီဒီယာများကမူ ပြင်းပြင်းထန်ထန်ဝေဖန်လျက်ရှိသည်။

ကွန်ဆာဗေးတစ်ပါတီအတွင်းမှာပင် မေးခွန်းများပေါ်ထွက်လျက်ရှိသည်။ ကမ်းမင်းသည် ဗြိတိန်ဥရောပသမဂ္ဂမှ ထွက်ခွာရေး မဲဆွယ်မှုတွင် မဟာဗျူဟာနည်းလမ်းများ ပေးခဲ့သူလည်း ဖြစ်သည်။

ဘောရစ်ဂျွန်ဆင်၏ အစိုးရအဖွဲ့ကို ကိုဗစ် -၁၉ ရှိမရှိ စစ်ဆေးရာတွင် ယခုလိုဝေဖန်မှုများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ကိုဗစ် – ၁၉ ဆိုင်ရာတုံ့ပြန်မှုများကြောင့် ဘောရစ်ဂျွန်ဆင်ကို လူထုထောက်ခံမှုကျဆင်းနေသည်။

**အင်န်အိတ်ချ်ကေ**



အကြံပေးအရာရှိ ဒိုမနစ်ကမ်းမင်းနှင့်ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

# အမှတ်တရနေ့အထိမ်းအမှတ်အခမ်းအနားတွင် ကျဆုံးစစ်သည်များကို အမေရိကန်သမ္မတထရမ့်ဂုဏ်ပြု



အာလင်တန်အမျိုးသားစစ်သင်္ချိုင်းတွင် ဂုဏ်ပြုပြီးနောက် ပြန်လည်ထွက်ခွာလာသည့် သမ္မတထရမ့်ကို တွေ့ရစဉ်။

**ဝါရှင်တန် မေ ၂၆**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ကျဆုံးခဲ့ပြီးသော အမေရိကန်စစ်သည်များအတွက် အမှတ်တရအထိမ်းအမှတ်နေ့အခမ်းအနားတွင် ဂုဏ်ပြုခဲ့သည်။

မက်ဟင်နရီခံတပ်တွင်ပြုလုပ်သည့် ကျဆုံးစစ်သည်များအတွက်ဂုဏ်ပြုပွဲအခမ်းအနားတွင် အမေရိကန်သမ္မတထရမ့်က ဗိုင်းရပ်စ်ကိုတိုက်ဖျက်သွားမည်ဖြစ်ပြီး အမေရိကန်သည် ယခုကြုံတွေ့နေသည့်အခက်အခဲမှ ရုန်းထွက်နိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။

အာလင်တန်အမျိုးသားစစ်သင်္ချိုင်းတွင် စစ်အတွင်းကကျဆုံးခဲ့သည့်စစ်သည်များအတွက် ငြိမ်သက်စွာနေခြင်းဖြင့် ဂုဏ်ပြုခဲ့ကာ လတ်တလောကြုံတွေ့နေရသည့် ကိုဗစ် -၁၉ ကြောင့် မက်ဟင်နရီခံတပ်လိုပင် စစ်သင်္ချိုင်းတွင်လည်း ပြည်သူများလာရောက် လည်ပတ်ခွင့်ကို ကန့်သတ်ချက်များ ပြုလုပ်ထားသည်။

နှာခေါင်းစည်းတပ်ဆင်ထားသည့် လူများသည် အညတရစစ်သည်သင်္ချိုင်းသို့လာရောက်ခွင့်ရရန် တန်းစီစောင့်ဆိုင်းခဲ့သော်လည်း ဖယ်ရှားခံခဲ့ရသည်။ အမေရိကန်နိုင်ငံသည် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁ ဒသမ ၆ သန်းဖြင့် အများဆုံးနေရာတွင် ရှိနေပြီး လူ ၉၇၀၀၀ သေဆုံးခဲ့ရသည်။

**ပီတီအိုင်**

# မွန်ဂိုလီးယားနိုင်ငံတွင် အရေးပေါ်ကာလကို ဇွန် ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်

**အူလန်ဘာတာ မေ ၂၆**

ကိုဗစ်–၁၉ ဖြစ်ပွားနေစဉ်အတွင်း မွန်ဂိုလီးယားနိုင်ငံက အရေးပေါ်ကာလကို ဇွန် ၃၀ ရက်အထိ တိုးမြှင့်လိုက်ကြောင်း နိုင်ငံ၏အရေးပေါ်ကော်မရှင်က မေ ၂၆ ရက် ထုတ်ပြန်ကြေညာချက်တွင် ပြောကြားလိုက်သည်။

မေ ၂၆ ရက်မှစကာ မွန်ဂိုလီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူပေါင်း ၁၄၁ ဦးရှိခဲ့ပြီး ၎င်းကူးစက်ခံရသူများထဲတွင် နိုင်ငံခြားသားများလည်း ပါဝင်သည်။ ကိုဗစ် – ၁၉ ကူးစက်ခံရသူများတွင် နိုင်ငံခြားပြန်များမှဖြစ်ပြီး အများစုမှာ ရုရှားမှပြန်လာသူများဖြစ်ကြသည်။

ယခုအချိန်အထိ ပြည်တွင်း၌ ကိုဗစ် – ၁၉ ကူးစက်ခံရမှု သို့မဟုတ် သေဆုံးမှုဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။

နိုင်ငံတကာလေကြောင်းလိုင်းများ တားဆီးခြင်းအပါအဝင် ကိုဗစ် –၁၉ ကို ကာကွယ်တားဆီးရန် မွန်ဂိုလီးယားနိုင်ငံတွင် အရေးပေါ်ကာလအခြေအနေကို ဖေဖော်ဝါရီ ၁၂ ရက်ကတည်းက စတင်ခဲ့သည်။

**ဆင်ဟွာ**

# ကာကွယ်ဆေးမရမချင်း ကျောင်းပြန်တက်ဖို့ မစဉ်းစားကြရန် ဖိလစ်ပိုင်သမ္မတ ပြော

မနီလာ မေ ၂၆

**ကိုဗစ်–၁၉ ကူးစက်ရောဂါအတွက် ကာကွယ်ဆေးမရမချင်း ကျောင်းသားများကို ကျောင်းသို့ပြန်တက်ခွင့်ပေးမည်မဟုတ်ကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ပြောကြားခဲ့သည်။ နိုင်ငံအချို့တွင် ကျောင်းများပြန်ဖွင့်ပြီး လူကိုယ်တိုင်သင်ကြားမှုများ ပြန်လည်စတင်နေပြီဖြစ်သော်လည်း ဖိလစ်ပိုင်သမ္မတက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။**

ကပ်ရောဂါ ကူးစက်မှုစတင်ဖြစ်ပွားခဲ့ပြီးနောက် မတ်လတွင် မူလတန်းနှင့်အလယ်တန်းကျောင်းများကို ပိတ်ထားခဲ့ပြီးနောက် ဩဂုတ်လကုန်ခန့်တွင် ကျောင်းသားများကို ကျောင်းသို့ ပြန်လည်တက်ရောက်ခွင့်ပြုရန် မူလက စီစဉ်ထားခဲ့သည်။ သို့ရာတွင် မေ ၂၅ ရက်နှောင်းပိုင်းက မိန့်ခွန်းပြောကြားခဲ့မှုအတွင်း သမ္မတဒူတာတေးက လက်ရှိအခြေအနေတွင် ကျောင်းများ ပြန်ဖွင့်ရန်မှာ လွန်စွာ အန္တရာယ်ကြီးကြောင်းနှင့် ကျောင်းသားများ ဘေးကင်းမည်ဟု အာမမခံနိုင်ကြောင်း သမ္မတက ပြောသည်။

ကာကွယ်ဆေးရရှိမှုက နံပါတ်တစ် ဦးစားပေးကိစ္စဖြစ်ပြီး ကာကွယ်ဆေးရရှိပြီးနောက် အရာရာအဆင်ပြေလိမ့်မည်ဖြစ်ကြောင်း၊ အကယ်၍ တစ်ယောက်မျှ ဘွဲ့မရခဲ့လျှင်လည်း မတတ်နိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ကိုဗစ်–၁၉ အတွက် ကာကွယ်ဆေးရရှိရန် တစ်ကမ္ဘာလုံးမှသုတေသနပညာရှင်များက အသည်းအသန်ကြိုးပမ်းနေကြသော်လည်း မည်သည့်နိုင်ငံက ကာကွယ်ဆေးကိုဦးစွာတီထွင်ဖော်ထုတ်နိုင်ပြီး အမြောက်အမြားထုတ်လုပ်ဖြန့်ချိနိုင်မည်ကို ခန့်မှန်းနိုင်ခြင်း မရှိသေးပေ။ ဖိလစ်ပိုင်နိုင်ငံ၌ အများပြည်သူစာသင်ကျောင်းများကို ပုံမှန်အားဖြင့် ဇွန်လမှ ဧပြီလအထိ ဖွင့်လှစ်သင်ကြားသော်လည်း ရောဂါကူးစက်မှုမြင့်တက်နေသည့် အခြေအနေကြောင့် အာဏာပိုင်များက ကျောင်းများကို ဆက်လက်ပိတ်ထားကာ တစ်နိုင်ငံလုံးကို အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု တင်းကျပ်စွာ ချမှတ်ထားသည်။

**အေအက်ဖ်ပီ**




မတ်လအတွင်း ဖိလစ်ပိုင်ရှိအထက်တန်းကျောင်းတစ်ကျောင်း၌ ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ဆေးဖျန်းနေစဉ်။

## ကိုဗစ် -၁၉ ကင်းစင်ရေးအတွက် နိုင်ငံသားများ ဆက်လက်ပါဝင် ကူညီကြရန် မွန်တီနီဂရိုး ကျန်းမာရေးဝန်ကြီးတိုက်တွန်း

**ပတ်ဂိုရီဆာ မေ ၂၆**

အနာဂတ်ကာလ၌ မွန်တီနီဂရိုးနိုင်ငံတွင် ကိုဗစ် -၁၉ ကင်းစင်ရေးအတွက် နိုင်ငံသားများဆက်လက်ပါဝင်ကူညီပေးကြရန် ကျန်းမာရေးဝန်ကြီးက တိုက်တွန်းခဲ့သည်။

မွန်တီနီဂရိုးနိုင်ငံတွင် နောက်ထပ်ကူးစက်မှုများ မရှိတော့ဟု အာဏာပိုင်များက ကြေညာပြီးနောက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးက ယခုလိုတိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိနိုင်ငံအတွင်း ကိုဗစ် –၁၉ ရောဂါတိုက်ဖျက်ရေးအတွက် အောင်မြင်မှုများ ရရှိနေသည်မှာ ကျန်းမာရေးဝန်ထမ်းများနှင့် နိုင်ငံသားတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ကီနန်ဟာပိုဗစ်က မေ ၂၄ ရက်တွင် ပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း မွန်တီနီဂရိုးနိုင်ငံတွင် ကိုဗစ် –၁၉ စစ်ဆေးမှု ၁၀၄ ခန့် ပြုလုပ်ခဲ့ရာ ရောဂါကူးစက်ခံရသူ မတွေ့ရှိရကြောင်း၊ လတ်တလောတွင် ကိုဗစ်–၁၉ ကြောင့် ဆေးရုံတက်ရသူလည်း မရှိသေးပေ။ ကောင်းမွန်သောအပြုအမူများနှင့် ကျန်းမာရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြခြင်းကြောင့် ကိုဗစ် – ၁၉ တိုက်ဖျက်ရေးတွင် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ် –၁၉ ကင်းစင်သည့်နိုင်ငံအဖြစ် ကြေညာနိုင်ရေး ဆက်လက်ကြိုးစားသွားရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မွန်တီနီဂရိုးနိုင်ငံတွင် လူပေါင်း ၆၂၀၀၀၀ ကို တင်းကျပ်သည့် စည်းမျဉ်း၊ စည်းကမ်းများဖြင့် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ထားသည်။

နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၂၄ ဦးရှိပြီး ကိုးဦးသေဆုံးခဲ့သည်။

**ပီတီအိုင်**

# ဥရောပတစ်လွှား ကိုဗစ်-၁၉ ပိတ်ဆို့မှုကို ဖြေလျှော့ပေးလိုက်ခြင်းနှင့်အတူ အရေးပေါ်ကာလအဆုံးသတ်ခဲ့တဲ့ ဂျပန်

*ထွန်းသစ်စ*

ကမ္ဘာ့နိုင်ငံတွေက ကိုဗစ်-၁၉ ကန့်သတ်မှုတွေ ဖြေလျှော့ပေးလျက်ရှိရာ ဥရောပတိုက်သားတွေလည်း ပန်းခြံတွေ၊ အားကစားခန်းမတွေ၊ ရေကူးကန်တွေဆီကို အုံနဲ့ကျင်းနဲ့ သွားလာနေကြပါပြီ။ ဂျပန်နိုင်ငံမှာလည်း နိုင်ငံတော်အရေးပေါ်အခြေအနေပြဋ္ဌာန်းမှုကို ရုပ်သိမ်းပေးလိုက်သော်လည်း နောက်ထပ် ဒုတိယကူးစက်လှိုင်းရန်ကို ရှောင်ရှားဖို့ သတိနဲ့နေထိုင်သွားကြဖို့ တိုက်တွန်းထားပါတယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း ကိုဗစ်-၁၉ ကြောင့် လူတစ်သိန်းသေဆုံးနှုန်းဟာ ကြောက်စရာကောင်းလောက်အောင် သမိုင်းမှတ်တိုင်စိုက်ထူခဲ့ပါတယ်။

## စိုးရိမ်မှုတွေရှိနေ

အမေရိကန်ပြည်သူအုံနဲ့ကျင်းနဲ့ဟာ မမေ့နိုင်တဲ့ အထိမ်းအမှတ်နေ့အတွက် ကမ်းခြေတွေနဲ့ ပန်းခြံတွေကို သွားရောက်ခဲ့ကြပါတယ်။ အဲဒီလိုသွားရောက်တဲ့အခါ အချို့ကလည်း ပါးစပ်နှာခေါင်းစည်းတွေတပ်ဆင်ပြီး လူမှုရေးအနေဝေးဝေးစည်းမျဉ်းတွေကို လိုက်နာကြသလို တချို့ကလည်း မလုပ်ကြပါဘူး။ လူတွေစည်ကားနေတဲ့ ရေကူးကန်တွေ၊ ပင်လယ်ကမ်းစပ်ပျဉ်ခင်းလမ်းလေးတွေဟာ နောက်တစ်ကြိမ် ကိုဗစ်-၁၉ အသစ် ထပ်မံဖြစ်ပွားလာနိုင်မလားဆိုပြီး စိုးရိမ်မှုတွေလည်း ရှိနေပါတယ်။ ကိုဗစ်-၁၉ ဟာ ကမ္ဘာတစ်ဝန်းလူပေါင်း ၅ ဒသမ ၄ သန်းကျော်ကို ကူးစက်ပျံ့နှံ့ခဲ့ပြီး လူပေါင်း ၃၄၄၀၀၀ ထက်မနည်း သေဆုံးစေနိုင်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးရုံဆေးခန်းတွေမှာ ဟိုက်ဒရောက်စီ ကလိုရိုကွင်းဆေးအသုံးပြုခြင်းကို ဘေးအန္တရာယ်ကင်းစေရန် တားမြစ်လိုက်ပြီးတဲ့နောက်မှာ ငှက်ဖျားရောဂါတိုက်ဖျက်ဆေးဖြစ်တဲ့ ဟိုက်ဒရောက်စီ ကလိုရိုကွင်းဆေးကို ကိုဗစ်-၁၉ ကုသရာမှာ အသုံးပြုနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်ဟာလည်း ပျောက်ဆုံးခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေးလည်း ယိမ်းယိုင်လာတာနဲ့အညီ အစိုးရတွေဟာ အလုံပိတ်ကန့်သတ်မှုတွေကြောင့် သောကဗျာပါဒပူဆွေးနေရတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပြည်သူတွေကိုကူညီထောက်ပံ့ဖို့ ကြိုးစားနေကြပါတယ်။ ကိုဗစ်-၁၉ ကြောင့် အထိနာခဲ့တဲ့ စပိန်၊ မက်ဒရစ်နဲ့ ဘာစီလိုနာတို့ဟာ ကမ္ဘာ့အတင်းကျပ်ဆုံး အလုံပိတ်ကန့်သတ်မှုတွေကနေ လွတ်မြောက်လာသလို ပန်းခြံတွေ၊ ကော်ဖီဆိုင်တွေကို နှစ်လကျော်အချိန်ကာလမှာ ပထမဆုံးအကြိမ်ပြန်လည်ဖွင့်လှစ်လာနိုင်ခဲ့ပါတယ်။ လူရာချီဟာ မက်ဒရစ်ရဲ့ ထင်ရှားကျော်ကြားတဲ့ ရီတီရိုပန်းခြံမှာ အပန်းဖြေလမ်းလျှောက်ရင်း၊ ပြေးရင်းနဲ့ ပျော်ရွှင်နေကြပါတယ်။

## ပြန်လည်ဖွင့်လှစ်

စပိန်နိုင်ငံရဲ့ တခြားအစိတ်အပိုင်းတွေမှာလည်း တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာ နေထိုင်ရမယ့် လူမှုရေးအလှမ်းဝေးလေကောင်းလေဆိုတဲ့ တင်းကျပ်တဲ့လမ်းညွှန်ချက်တွေနဲ့ ပြန်လည်ဖွင့်လှစ်လိုက်ပါတယ်။ စပိန်အစိုးရဟာ ယိမ်းယိုင်နေတဲ့ ခရီးသွားကဏ္ဍကို ပြန်လည်နာလန်ထူအောင်လုပ်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဇူလိုင် ၁ ရက်မှစကာ နိုင်ငံခြားမှ ဆိုက်ရောက်သူတွေအတွက် ကန့်သတ်ချက်တွေကို တစ်စိတ်တစ်ပိုင်းလျှော့ပေါ့မယ်လို့ ကြေညာလိုက်ပါတယ်။

အားကစားရုံတွေနဲ့ ရေကူးကန်တွေကိုလည်း ဂျာမနီ၊ အိုက်စလန်၊ အီတလီနဲ့ စပိန်နိုင်ငံတွေမှာလည်း ပြန်လည်ဖွင့်လှစ်ပေးနေပါပြီ။ ထို့အတူ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း နှေးကွေးလာတဲ့ ဂရိနိုင်ငံမှာလည်း ခန့်မှန်းထားတာထက်စောပြီး မှာယူစားသောက်စနစ်နဲ့ စားသောက်ဆိုင်တွေကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ပါတယ်။

တခြားနိုင်ငံတွေလို ကိုဗစ်-၁၉ ပျံ့နှံ့မှုကို တားဆီးကာကွယ်တဲ့နေရာမှာ အိမ်တွင်း၌သာ နေထိုင်ရန် ဆောင်ရွက်ချက်ကို မပြုလုပ်ခဲ့တဲ့အတွက် နိုင်ငံတကာအာရုံစိုက်ခြင်းကို ခံနေရတဲ့ ဆွီဒင်နိုင်ငံမှာလည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုဟာ ၄၀၀၀ ကျော်လာပါတယ်။ အဲဒီပမာဏဟာ သူ့ရဲ့ အိမ်နီးချင်းနိုင်ငံတွေထက်များတဲ့ပမာဏ ဖြစ်ပါတယ်။

ဗြိတိန်မှာလည်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ အစိုးရအနေနဲ့ လက်လီစတိုးဆိုင်လေးတွေကို ဇွန်လ ၁၅ ရက်မှာ ပြန်ဖွင့်ခွင့်ပေးမယ်လို့ ကြေညာခဲ့ပါတယ်။

## လျှော့မတွက်ဘဲ သတိထား

အမေရိကန်ပြည်ထောင်စုမှာ အမေရိကန်တွေဟာ အစိုးရအနေနဲ့ အသွားအလာကန့်သတ်မှုတွေကို ဘယ်လောက်အထိ လျှော့ချမလဲဆိုပြီး စောင့်ကြည့်နေကြပါတယ်။ အမေရိကန်ပြည်ထောင်စု မစ်ဆူရီပြည်နယ်ရဲ့ ရေကူးကန်ပါတီတစ်ခုကိုရိုက်ပြထားတဲ့ ဗီဒီယိုတစ်ခုဟာ အခုဆိုရင် ယူကျူမှာ ကြည့်ရှုသူ ၁၆ သန်းထက်မနည်း ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ကိုဗစ်-၁၉ ကြောင့်သေဆုံးနှုန်းဟာလည်း ၉၈၂၁၈ အထိ ရောက်ရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ စာရင်းတွေအရ သိရပါတယ်။ ထို့အတူ ကိုဗစ်-၁၉ ကူးစက်မှုမှာလည်း ၁ ဒသမ ၆၆ သန်းနဲ့ ကမ္ဘာ့ကိုဗစ်-၁၉ ဖြစ်ပွားတဲ့ နိုင်ငံတွေမှာ ထိပ်ဆုံးက ရပ်တည်ပြီး အမြင့်ဆုံးစာရင်း တင်ထားပါတယ်။

အာရှမှာလည်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း နှေးကွေးသွားတဲ့အတွက် နိုင်ငံတစ်ဝန်းပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်အရေးပေါ်အခြေအနေကို ရုပ်သိမ်းလိုက်ပါပြီ။ အဲဒီလို ရုပ်သိမ်းလိုက်တဲ့အတွက် ကမ္ဘာ့တတိယအကြီးဆုံးစီးပွားရေးကို နောက်တစ်ဖန် ပြန်လည်အားကောင်းလာစေဦးမှာဖြစ်ပါတယ်။ သို့သော်လည်း ရှင်ဇိုအာဘေးက သူ့ရဲ့ နိုင်ငံသားတွေကို သတိထားဖို့ တိုက်တွန်းနှိုးဆော်ထားပါတယ်။ မိမိတို့ရဲ့ စောင့်ကြည့်မှုတွေကို လျှော့ချလိုက်တာနဲ့ ကိုဗစ်-၁၉ ဟာ လျင်မြန်စွာကူးစက်ပျံ့နှံ့လာနိုင်ကြောင်း၊ မိမိတို့အနေနဲ့ သတိ ဝီရိယနဲ့ နိုးနိုးကြားကြားရှိရန် လိုကြောင်း ရှင်ဇိုအာဘေးက ပြောကြားထားပါတယ်။ ထို့အတူ နီးကပ်တဲ့နေရာ၊ လူထူထပ်တဲ့နေရာနဲ့ နီးကပ်တဲ့ထိတွေ့မှုတွေကို ရှောင်ရှားဖို့ ဆက်လက်ပြီး တိုက်တွန်းထားပါတယ်။

အခုဆိုရင် ကိုဗစ်-၁၉ ကို ကမ္ဘာ့အစိတ်အပိုင်းအတော်များများက ထိန်းချုပ်လာနိုင်ကြပါပြီ။ သို့သော်လည်း ဘရာဇီးမှာတော့ ကိုဗစ်-၁၉ နှေးကွေးသွားတယ်ဆိုတဲ့ လက္ခဏာမတွေ့ရသေးပါဘူး။ ကမ္ဘာ့ဆဋ္ဌမအကြီးဆုံးနိုင်ငံဖြစ်တဲ့ ဘရာဇီးမှာ အခုဆိုရင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၂၆၀၀ ရှိလာပါပြီ။ လက်ယာစွန်းဝါဒသမားတစ်ဦးဖြစ်တဲ့ သမ္မတ ဂျာဘော်ဆိုနာရိုကတော့ ကိုဗစ်-၁၉ ရဲ့ ခြိမ်းခြောက်မှုကို လျှော့မတွက်ဘဲ သတိထားဖို့ ပြောကြားထားပါတယ်။ ထို့အတူ လူမှုရေးဝေးကွာမှု စည်းမျဉ်းများကို ထပ်မံလိုက်နာကြဖို့ နောက်ထပ်တစ်ကြိမ် နှိုးဆော်ထားပါတယ်။

## ဖြေလျှော့မှုတွေကြားဗျာများ

ဘရာဇီးသမ္မတ ဘော်ဆိုနာရိုနဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ဟာ ရင်းနီးတဲ့ မိတ်ဆွေတွေဖြစ်သော်လည်း အိမ်ဖြူတော်က လွန်ခဲ့တဲ့ ၁၄ ရက်အတွင်း ဘရာဇီးနိုင်ငံမှာရောက်နေတဲ့ အမေရိကန်မဟုတ်သူတွေကို အမေရိကန်ပြည်ထောင်စုထဲသို့ ဝင်ရောက်ခွင့်မပြုကြောင်း ပြောကြားလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကြောင့် လူပေါင်းတစ်သိန်း သေဆုံးပြီး ကမ္ဘာ့အမြင့်ဆုံး သေဆုံးသူစာရင်းဝင်နေတာတောင် လွန်ခဲ့တဲ့ အားလပ်ရက်မှာ ဂေါက်သွားကစားခဲ့တဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို မီဒီယာတွေက ပြင်းပြင်းထန်ထန် ခါးခါးသီးသီး ဝေဖန်ထားကြပါတယ်။

ဗိုင်းရပ်စ်ကျွမ်းကျင်ပညာရှင်တွေက လူမှုရေး၊အလုပ်အကိုင်၊ စီးပွားရေးတွေ မြန်မကြာချက်ချင်းပြန်လည်ဖွင့်လှစ်တဲ့အပေါ် သတိပေးထားသလို ကာကွယ်ဆေး သို့မဟုတ် ကုသမှုတိုးတက်လာတဲ့အချိန်အထိ အသွားအလာကန့်သတ်ပိတ်ဆို့မှုပုံစံတစ်မျိုးမျိုးကို ဆောင်ရွက်ထားသင့်ကြောင်းပြောကြားထားသော်လည်း အစိုးရတွေက စီးပွားရေးနာလန်ထူဖို့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ဖြေလျှော့ဖို့ နည်းလမ်းတွေကြား ဗျာများနေခဲ့ရပါတယ်။ ကမ္ဘာ့အကြီးဆုံး အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ပြုလုပ်ခဲ့တဲ့ အာရှတတိယအကြီးဆုံးစီးပွားရေးရှိရာ အိန္ဒိယနိုင်ငံမှာတောင် ပြည်တွင်းလေကြောင်းလိုင်းတွေကို တနင်္လာနေ့မှာ ပြန်လည်ပျံသန်းခွင့်ပြုလိုက်ပါပြီ။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုတွေဟာ အိန္ဒိယနိုင်ငံမှာ ဆက်လက်မြင့်တက်နေဆဲ ဖြစ်ပါတယ်။ ။

အေအက်ဖ်ပီ




မာရီလန်ဒ်တွင် ၂၀၂၀ အထိမ်းအမှတ်နေ့အားလပ်ရက်၌ ပြည်သူများပင်လယ်ကမ်းစပ်တွင် အပန်းဖြေလမ်းလျှောက်နေကြစဉ်။

# နိုင်ငံတကာသတင်းတိုထွာ

## အီရန်တွင် စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်များပြန်ဖွင့်

**တီဟီရန် မေ ၂၆**

ကိုဗစ်-၁၉ ကြောင့် နှစ်လကျော်ကြာ ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက် စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်များကို မေ ၂၆ ရက်က ပြန်လည်ဖွင့်လှစ်ပေးလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီရန် ကျန်းမာရေးဒုတိယဝန်ကြီး မိုဆန်ဖာဟာဒီက သက်ဆိုင်ရာကျန်းမာရေးလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာပြီးနောက် စားသောက်ဆိုင်များအားလုံး ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် ကော်ဖီဆိုင်များတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးမပါဘဲ ၎င်းတို့၏ ဝန်ဆောင်မှုလုပ်ငန်းများကို မကြာမီစတင်တော့မည်ဖြစ်ကြောင်း ဖာဟာဒီက ဗီဒီယို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် ဧပြီလမှစကာ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပိတ်ဆို့မှုများကို တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့ပြီး မတ်လအစောပိုင်း မှစကာ စီးပွားရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ကိုဗစ်-၁၉ ဖြစ်စဉ်ကြောင့် ရပ်တန့်ခဲ့ရသည်။

ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၁ ဦးရှိ

**ဒါကာ မေ ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ၂၁ ဦးရှိခဲ့ပြီး ထပ်မံကူးစက်ခံရသူ ၁၁၆၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိတစ်ဦးက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မေ ၂၆ ရက်က ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစောင့်ရှောက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခနာရှီမာ ဆူလ်တာနာက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုဗစ်အတည်ပြုလူနာအရေအတွက်သည် ၃၆၇၅၂ ဦးအထိရောက်ရှိလာကြောင်း ပြောခဲ့သည်။ ကိုဗစ်-၁၉ ကြောင့်ထပ်မံသေဆုံးသူ ၂၁ ဦးနှင့်ဆိုလျှင် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် နိုင်ငံတွင်း သေဆုံးသူသည် ၅၂၂ ဦး အထိ ရောက်ရှိလာကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း နမူနာပေါင်း ၅၄၀၇ ခုစမ်းသပ်ခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူကပြောကြားခဲ့သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၂၄၅ ဦး ဆေးရုံမှ ဆင်းခဲ့ပြီး စုစုပေါင်း ဆေးရုံမှ ပြန်ဆင်းလာသူ ၇၅၇၉ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၆-၅-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

၁။ (၂၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၃၇၅) ခုအား ထပ်မံစစ်ဆေးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၅-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၆၅၆) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၂၁) ခု၊ စုစုပေါင်း (၇၇၇) ခုအား စစ်ဆေးခဲ့ရာတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦးတွေ့ရှိခဲ့ပါသည်။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

၃။ (၂၆-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၆-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၅-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၆၅၆) ခု |
| (၂၅-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

# မေ ၂၆ ရက် ည ၈ နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၂၀၆ ဦးရှိ

**(၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၆-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၅၉) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၁၁) ခု၊ စုစုပေါင်း (၆၇၀)ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦး တွေ့ရှိရပါသည်။

၂။ (၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၂၀၆) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၆-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁) ဦး (Case-52) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၄) ဦးရှိပြီး ၎င်းတို့အနက် (၁၁၄) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ် ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၂၅-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၆-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၂) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

(၂၆-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 204 | ၃၉ နှစ် | ကျား | မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူများ (မြောက်ဒဂုံမြို့နယ်) |
| 205 | ၆၃ နှစ် | မ | မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |
| 206 | ၆၆ နှစ် | ကျား | မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၂၀၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၁၂၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၆-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၉) ခု |
| (၂၆-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၃) ဦး |

# သီပေါ၌ နှာခေါင်းစည်းများတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**သီပေါ မေ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အလှူရှင် မြို့နယ်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးတင်မောင်မောင် လှူဒါန်းသော ငွေကျပ် ၂၅၀၀၀၀ ကျော်တန်ဖိုးရှိ နှာခေါင်းစည်းများ တပ်ဆင်ရေး လှုပ်ရှားဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံမီးပွိုင့်၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဖြိုးဝေ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းတို့ ဦးဆောင်သည့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ ကိုယ်ပူတိုင်းတာခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို ပူးပေါင်းဆောင်ရွက်ကြပြီး မြို့နယ်ပြန်/ဆက်ဦးစီးဌာနက သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွေ့အခြေအနေကို အပြန်အလှန်ဆွေးနွေးပြောဆိုချက်များ၊ နိုင်ငံကျော်အဆိုတော်နှင့် သရုပ်ဆောင်များမှ ပြည်သူများထံသို့ ပန်ကြားသည့် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် နည်းစနစ်များ၊ ကိုဗစ် – ၁၉ ဖြစ်ပွားမှုအစ၊ ရောဂါလက္ခဏာများ ကူးစက်ပုံ၊ ရောဂါကူးစက်မှုမှ ကာကွယ်ရေး၊ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် သံသယဖြစ်ဖွယ် လက္ခဏာများ ပါဝင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဘားအံဆေးရုံကြီးသို့ ဆေးဘက်ဆိုင်ရာအထောက်အကူပြုပစ္စည်းများလှူဒါန်း

**ဘားအံ မေ ၂၆**

ကရင်ပြည်နယ် ပြည်သူ့ဆေးရုံကြီး(ဘားအံ) ၏ သုံးထပ်တိုးချဲ့လူနာဆောင်သစ်တွင် မေ ၂၆ ရက် နံနက် ၁၀ နာရီက ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ကုသခြင်းလုပ်ငန်းအတွက် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဆေးဘက်ဆိုင်ရာအထောက်အကူပြုပစ္စည်းများကို Latter Day Saint Charities အဖွဲ့နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့က ပေးအပ်လှူဒါန်း ခြင်းဖြစ်ပြီး လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဝင်းနှင့် တာဝန်ရှိသူတစ်ဦးတို့က ပေးအပ်လှူဒါန်းရာ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဘရန်အောင်နှင့် အထူးကုဆရာဝန်ကြီးများက လက်ခံရယူခဲ့ကြကာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ကိုဗစ်-၁၉ ရောဂါကို နိုင်ငံအတွင်း ထိန်းချုပ်နိုင်သလောက်ဖြစ်နေသော်လည်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူအချို့တွင် ရောဂါပိုးကို တွေ့ရှိနေရပြီး ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကရင်ပြည်နယ်ပြည်သူ့ဆေးရုံ(ဘားအံ)ကို စုစုပေါင်းငွေကျပ်သိန်း ၃၈၀ တိတိ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသခြင်းလုပ်ငန်းသုံး ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် ဘားအံပြည်သူ့ဆေးရုံတွင် မလေးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ကိုဗစ် – ၁၉ ပိုးတွေ့လူနာနှစ်ဦးကို အထူးကြပ်မတ် ကုသပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

နေပြည်တော် မေ ၂၆

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၁ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၆၈ မြို့နယ်ရှိ နေရာ ၈၅ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၇ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၄၂ ကီလိုဂရမ်၊ ရေဂါလန် ၅၃၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။



မေ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၂၁ ရက်က မကွေးတိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။




မေ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး မန္တလေးဘူတာတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။



မေ ၂၁ ရက်က ရခိုင်ပြည်နယ် ကျောက်တစ်လုံးဌာနပေါင်းစုံစစ်ဆေးရေးဂိတ်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေးဖျန်းစဉ်။

# မေ ၂၆ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၆ ဦး ရှိသွားပြီ

**နေပြည်တော် မေ ၂၆**

မေ ၂၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃ ဦးတွေ့ရှိပြီး ၎င်းတို့အားလုံးမှာ အိန္ဒိယနိုင်ငံမှ ပြန်လာသည့် မန္တလေးမြို့မှ အသက် ၃၉ နှစ်အရွယ် အမျိုးသား တစ်ဦး၊ အသက် ၆၃ နှစ်အရွယ် အမျိုးသမီး တစ်ဦးနှင့် အသက် ၆၆ နှစ်အရွယ် အမျိုးသား တစ်ဦးတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၆ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၀၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၂၄ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၁၄ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၀၃၂၂ | ၂၀၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၇၂၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၁၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၆ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၆ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | နေပြည်တော် | ၃ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| စုစုပေါင်း | | ၂၀၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၆-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

### ၂၆-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၇၀၉၂၄၃ | ၄၆၅၆၆၈ | ၉၉၈၈၃ |
| ၂။ | ဘရာဇီး | ၃၇၆၆၆၉ | ၁၅၃၈၃၃ | ၂၃၅၂၂ |
| ၃။ | ရုရှား | ၃၆၂၃၄၂ | ၁၃၁၁၂၉ | ၃၈၀၇ |
| ၄။ | စပိန် | ၂၈၂၄၈၀ | ၁၉၆၉၅၈ | ၂၆၈၃၇ |
| ၅။ | ဗြိတိန် | ၂၆၅၂၂၇ | စိစစ်ဆဲ | ၃၇၀၄၈ |
| ၆။ | အီတလီ | ၂၃၀၁၅၈ | ၁၄၁၉၈၁ | ၃၂၈၇၇ |
| ၇။ | ပြင်သစ် | ၁၈၂၉၄၂ | ၆၅၁၉၉ | ၂၈၄၃၂ |
| ၈။ | ဂျာမနီ | ၁၈၀၈၃၀ | ၁၆၂၀၀၀ | ၈၄၃၃ |
| ၉။ | တူရကီ | ၁၅၇၈၁၄ | ၁၂၀၀၁၅ | ၄၃၆၉ |
| ၁၀။ | အိန္ဒိယ | ၁၄၇၁၄၄ | ၆၁၀၉၃ | ၄၁၉၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၆ - ၅ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၂၃၄၃ | ၁၅၇၃၈ | ၂၃ |
| အင်ဒိုနီးရှား | ၂၃၁၆၅ | ၅၈၇၇ | ၁၄၁၈ |
| ဖိလစ်ပိုင် | ၁၄၆၆၉ | ၃၄၁၂ | ၈၈၆ |
| မလေးရှား | ၇၆၀၄ | ၆၀၄၁ | ၁၁၅ |
| ထိုင်း | ၃၀၄၅ | ၂၉၂၉ | ၅၇ |
| ဗီယက်နမ် | ၃၂၇ | ၂၇၂ | ၀ |
| မြန်မာ | ၂၀၆ | ၁၂၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၇ | ၁ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# ပန်နန်းဒင်မြို့၌ ကိုဗစ်-၁၉ ရောဂါ မိမိကစ၍ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်များ ပြည်သူလက်ဝယ်အရောက် ဖြန့်ဝေပေး

**ပန်နန်းဒင် မေ ၂၆**

ကချင်ပြည်နယ် ပန်နန်းဒင်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ အသိပညာပေး လက်ကမ်းစာစောင်များကို ပန်နန်းဒင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့ နံနက်ပိုင်း၌ ပန်နန်းဒင်မြို့ရှိ မြို့ပေါ်ရပ်ကွက်နှင့် လူစည်ကားရာနေရာများတွင် ဖြန့်ဝေပေးသည်။

ယင်းလက်ကမ်းစာစောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးချက်များမှ ကောက်နုတ်ချက်များ၊ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားအောင် ကာကွယ်လိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး အသိပညာပေးနှိုးဆော်ချက်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖုန်ကူးချဲမိုင်နှင့် ဝန်ထမ်းများက ပန်နန်းဒင်မြို့ရှိမြို့ပေါ်ရပ်ကွက်၊ မြို့အဝင်ရှိလမ်းမ ဝဲ၊ ယာဈေးဆိုင်များ၊ လူစည်ကားရာနေရာများတွင် ပြည်သူလက်ဝယ်အရောက် အခမဲ့ ဖြန့်ဝေပေးသည်။ **နောယော်ဘော်(ပြန်/ဆက်၊ပန်နန်းဒင်)**



# ပြည်မြို့နယ် စာရေးဆရာအသင်းဝင်များအား အခြေခံစားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ပြည် မေ ၂၆**

ပြည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်(ပြည်)နှင့် စည်းရုံးရေးမှူး ဒေါ်နန်းနန်းဝေတို့က ကိုဗစ်-၁၉ ကာလတွင် အလှူအဖြစ် မြို့နယ်စာရေးဆရာ အသင်းဝင်များအား အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့ညနေ ၅ နာရီက ပြည်မြို့ ရန်အောင်မင်္ဂလာကင်းဘုရားဓမ္မာရုံ၌ ထောက်ပံ့လှူဒါန်းသည်။

လှူဒါန်းခြင်းနှင့်ပတ်သက်၍ ပြည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင် (ပြည်) မှ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် အခြေခံစားသောက်ကုန်ပစ္စည်းများအား လှူဒါန်းခြင်းကို ရှင်းလင်းတင်ပြခဲ့သည်။ အခမ်းအနားသို့ ပြည်မြို့နယ် စာရေးဆရာအသင်း နာယကများ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ တက်ရောက်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရန် မိမိတို့တစ်ဦးချင်းမှာ တာဝန်ရှိပြီး ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ပါသည်။

COVID-19 ကာလကြာမြင့်လာလေ ကျန်းမာရေးအတွက် စိုးရိမ်ရမှု၊ အလုပ်အကိုင်ပြဿနာ၊ ငွေရေးကြေးရေး အခက်အခဲ၊ မိသားစုနှင့် ခွဲခွာနေရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အပြစ်တင်ခံရမှုစသည့် စိတ်ဖိစီးမှုများ ပိုမိုမြင့်မားလာလေဖြစ်ပါသည်။

ပြည်သူများအနေဖြင့် စိတ်ဖိစီးမှုများကို ကျော်လွှားရန်ကြိုးစားနေချိန်တွင် ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရခြင်းသည် စိတ်ဖိစီးမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟု ယူဆခြင်းမပြုဘဲ ထိုချမှတ်သည့် ညွှန်ကြားချက်များ၊ စည်းကမ်းများကို အလေ့အထဖြစ်အောင် ကြိုးစားခြင်းသည် စိတ်ဖိစီးမှုများကို ခံနိုင်ရည်ရရှိလာစေမည့် အကောင်းဆုံး နည်းလမ်းဖြစ်ပြီး လူမှုစီးပွားအခက်အခဲများကိုလည်း ဆက်လက်ဖြေရှင်းနိုင်စွမ်းရှိလာမှာ ဖြစ်ကြောင်း အားပေးတိုက်တွန်းအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း(စိတ်ကျန်းမာပညာအဖွဲ့)**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစား နေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# ချင်းပြည်နယ်ရှိ တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ချင်းပြည်နယ် ဆမီးမြို့ရှိ သာသနာ့ဝေပုလ္လဘုန်းတော်ကြီးကျောင်း၊ လမ်းဦးစီးဝန်ထမ်းအိမ်ရာ၊ (အ.လ.က)လိပ်ကုန်း၊ အိုးအိမ်ဝန်ထမ်းအိမ်ရာနှင့် စိုက်ပျိုးရေးရုံး၊ အ.ထ.က၊ စည်ပင်ရုံး/ကမ်းနားသောင်ပြင်၊ IDP တန်းလျား၊ IDP လုံးချင်း၊ ရွက်ဖျင်တဲ(ထွေ/အုပ်) တိုက်ပွဲရှောင်စခန်းများနှင့် ပလက်ဝမြို့ရှိ အ.ထ.က (၁)မြို့မ၊ RC ဘုရားကျောင်း၊ ဆွေမျိုးများနေအိမ်(မြို့မ)၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဆွေမျိုးများနေအိမ် (ရွာမ)၊ အင်္ဂလီကန်ဘုရားကျောင်း၊ တောင်တန်းသာသနာပြုကျောင်း၊ ဆွေမျိုးများနေအိမ် (ရိက္ခာ)၊ လောင်းကဒူးခန်းမ(ကင်ဝ)၊ တစည်ရုံး၊ စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာ၊ နှစ်ခြင်းဘုရားကျောင်းနှင့် မူလွန်(မြို့မ) တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၁၁၈၀၀၊ ထုံးအိတ် ၂၀၀၊ ဆပ်ပြာ ၇၇၀၄ တောင့်၊ လက်သန့်ဆေးရည်ဘူး ၂၄၅၀၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick ခုနစ်ခု၊ လက်ကိုင်သံချဲ့စက် ၁၄ ခု၊ အပူချိန်တိုင်းကိရိယာ ၁၄ ခုတို့ ထောက်ပံ့ခဲ့သည်။ **(ယာပုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းများကို ပံ့ပိုးကူညီနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၆**

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ Quarantine Center များနှင့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသော စေတနာ့ဝန်ထမ်းများကို လိုအပ်သော ပံ့ပိုးကူညီမှုများပေးနိုင်ရန် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် သုံးဦးသည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံ၍ Quarantine Center များ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လက်ရှိဆောင်ရွက်နေသော စေတနာ့ ဝန်ထမ်းများအတွက် စားသောက်၊ နေထိုင်ရေးနှင့် အနားယူအပန်းဖြေရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ စေတနာ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် မြေပြင်တွင် ကြုံတွေ့ရသော သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သည့် အခက်အခဲများ၊ Quarantine Center များတွင် ပံ့ပိုးကူညီပေးရန် လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စေတနာ့ဝန်ထမ်းများ နားနေရန်နေရာ ပြင်ဆင်ထားရှိမှုများ၊ စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်လှစ်နေမှုများ၊ Quarantine Center များတွင် စေတနာ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုများကို ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ကြပြီး လိုအပ်ချက်များ ပံ့ပိုးကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကမျက်မမြင်ကျောင်းများသို့ ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် မေ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရာတွင် မသန်စွမ်းသူတစ်ဦးချင်းစီ၏ လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ၎င်းစီမံချက်အရ ကိုဗစ်-၁၉ အသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကမျက်မမြင်ကျောင်း ၁၃ ကျောင်းရှိ အမြင်အာရုံမသန်စွမ်းသူ ၆၅၈ ဦးအတွက် ကိုဗစ်-၁၉ ကာလအတွင်း အခြေခံစားသောက်ကုန်များနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ပစ္စည်းများ ဝယ်ယူနိုင်ရန် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာရအသင်း၊ အေးမေတ္တာ မသန်စွမ်းရိပ်မြုံ ၊ ထန်းတပင် မသန်စွမ်းမျက်မမြင်ကလေးများရိပ်မြုံ၊ စုပေါင်းအားမာန် မျက်မမြင်အလုပ်သမားများအဖွဲ့တို့မှ အမြင်အာရုံမသန်စွမ်းသူ ၂၅၀ အတွက် ငွေကျပ် ၇၅၀၀၀၀၀ ကိုလည်းကောင်း၊ ယမန်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မျက်မမြင်ကျောင်းအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အယောက် ၅၀ အတွက် ငွေကျပ် ၁၅၀၀၀၀၀ ကို လည်းကောင်း ထောက်ပံ့ပေးခဲ့သည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း နှစ်ကျောင်း၊ မကွေးတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း တစ်ကျောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း လေးကျောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ မျက်မမြင်ကျောင်း တစ်ကျောင်းတို့မှ အမြင်အာရုံမသန်စွမ်းသူများအား ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်မှုများ လုပ်ဆောင်ရမည်

**မန္တလေး မေ ၂၆**

ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများပြေပြစ်မပတ်မှုစတင်၍ ယာယီပိတ်ထားရာမှ ယခုအခါသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ဟိုတယ်များပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ညှိနှိုင်းပြီး ဟိုတယ်များမှ လိုက်နာရမည့် စည်းကမ်းချက် ၅၇ ချက်နှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ကိုဗစ် – ၁၉ ကာကွယ်ရေးအတွက်သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဟိုတယ်များကိုသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးမင်းနိုင်ထံမှ သိရသည်။

ပြန်လည်ဖွင့်လှစ်လိုသည့် ဟိုတယ်လုပ်ငန်းရှင်များမှ စည်းကမ်းချက်များနှင့်အညီ ပြင်ဆင်မှုများပြုလုပ်ပြီးစစ်ဆေးခံနိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကြီးကြပ်ရေးဦးစီးဌာနသို့ လျှောက်ထားနိုင်ပြီး စစ်ဆေးမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနက သတ်မှတ်ပေးထားသည့်အဖွဲ့ဖြင့် စစ်ဆေးသွားမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်ဖွင့်လှစ်ရန် လျှောက်ထားသည့် ဟိုတယ် ၅၀ ကျော်ရှိကြောင်း သိရသည်။ **အောင်သူရ**

# အင်းလေးဒေသရှိ ငါးဖိန်းငါး မျိုးပြုန်းတီးမှုမရှိစေရေး သားဖောက်မွေးမြူလျက်ရှိ

**ညောင်ရွှေ မေ ၂၆**



မြန်မာနိုင်ငံတွင် အင်းလေးဒေသ၌သာတွေ့ရှိရပြီး အင်းလေးကန်၏ ပုံရိပ်ဖြစ်သည့် ဒေသမျိုးရင်း ငါးဖိန်းငါးမျိုး (Cyprinus intha) ကို ညောင်ရွှေငါးလုပ်ငန်းစခန်းမှ နှစ်စဉ်ကောင်ရေ ခုနစ်သိန်းကျော် သားဖောက်မွေးမြူ၍ ထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိသည်။

အင်းလေးဒေသ၏ ဒေသတိုင်းရင်းငါးမျိုးစိတ် ငါးဖိန်းငါးမျိုးကို အဓိကမွေးမြူထုတ်လုပ်ပြီး ဒေသခံငါးမွေးတောင်သူများနှင့် အင်းလေးကန် ရေဝေရေလဲဒေသများသို့ ငါးမျိုးပြုန်းတီးမှုမရှိစေရေးအတွက် ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ငါးဖိန်းငါးမျိုးသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ရင်ဆိုင်နေရ၍ IUCN (International Union for Conservation of Nature) Red List အဖြစ် ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် ငါးဖိန်းငါးမျိုးကောင်ရေ ၇၂၀၀၀၀ ခန့်ကို အင်းလေးကန်နှင့် ရေဝေရေလဲဒေသများသို့ မျိုးစိုက်ထည့် ထုတ်လုပ်ပေးခဲ့ကြောင်း ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သီဟထွေးက ပြောသည်။

ညောင်ရွှေငါးလုပ်ငန်းစခန်းအနေဖြင့် ဒေသတိုင်းရင်းငါးမျိုး ငါးဖိန်းကို အဓိကမွေးမြူထုတ်လုပ်၍ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် ငါးဆေးထိုးသားဖောက်ခြင်း၊ မွေးမြူခြင်းနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မျိုးသုဉ်းပျောက်ကွယ်လုရှိသည့် ငါးမျိုးစိတ်များနှင့် အလှမွေးငါးများ မျိုးထိန်းသားဖောက်ခြင်းကိုလည်း သုတေသနပြုဆောင်ရွက်လျက် ရှိကြောင်း ညောင်ရွှေငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်မိမိခိုင်က ရှင်းပြသည်။

ငါးဖိန်းငါးမျိုးသည် တစ်နှစ်ပတ်လုံး သားဖောက်ရရှိနိုင်ပြီး ဇန်နဝါရီလမှ ဧပြီလအတွင်း အမြင့်ဆုံး မျိုးပွားနိုင်ကြောင်း၊ တစ်ကီလိုဂရမ်ရှိ ငါးမတစ်ကောင်သည် ဥလုံးရေ တစ်သိန်းမှ လေးသိန်းအထိ ဥချနိုင်ကြောင်း၊ အပူချိန်ပေါ်မူတည်၍ သုံးရက်မှ ငါးရက်အတွင်း အကောင်ပေါက်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## ကျန်းမာရေးလမ်းညွှန်မှုများ လိုက်နာကြရန် ဟောပြောဆွေးနွေး

**ဝမ်းတွင်း မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာအုပ်စု ရွှေတောင်ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ် ကာကွယ်နိုင်ရေးနှင့် ကျန်းမာရေးလမ်းညွှန်မှုများကို တိကျစွာ လိုက်နာနိုင်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုများ ကင်းစင်ပပျောက်ရေးနှင့် ယခုကာလအတွင်း မှုခင်းမဖြစ်ပွားစေရေးအတွက် ရွှေတောင်နယ်မြေရဲစခန်းမှ တာဝန်ရှိသူများက ဦးဆောင်၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ ကျေးရွာနေ ပြည်သူ ၁၅၀ ကျော် တက်ရောက်ခဲ့ပြီး ခေတ္တစခန်းမှူး ရဲအုပ်ဝေလင်းအောင်က ဦးဆောင်ဆွေးနွေးသည်။

**ကိုရဲ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ – ၅ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၉၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၇၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၈၀/၅၂၀ | ကျပ် | ၅၂၀/၅၃၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ | ကျပ် | ၅၃၀/၅၄၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၀၀/၄၆၀ | ကျပ် | ၄၇၀/၄၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၃၀/၅၅၅ | ကျပ် | ၆၀၅/၆၂၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၅ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၀ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၀ . ၅၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၈ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၄ . ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၀ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၇၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၀၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၇၀ |

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၂၆၉၃ | ၂၈၅၂၉၀၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၂၂၀၇ | ၈၃၇၂၁၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၉၅ | ၇၇၉၀၀၀ |
| FPB | ၂၄၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၀၀၀ | ၅၆၀၀၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | – ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ–** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

# အနန္တမေတ္တာ ပရဟိတအဖွဲ့နှင့် နာရေးကူညီမှုအသင်း(ရန်ကုန်)တို့ ပူးပေါင်း၍ ရုပ်ရှင်လောကသားများအား စားသောက်ကုန်ပစ္စည်းများ လှူဒါန်း




အနန္တမေတ္တာ ပရဟိတအဖွဲ့နှင့် ဦးကျော်သူ၏ နာရေးကူညီမှုအသင်း(ရန်ကုန်)တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေး အခက်အခဲရှိနေသည့် ဇာတ်ပို့ ဇာတ်ရံ အဖွဲ့သားများအား စားသောက်ကုန်ပစ္စည်းများ ကူညီထောက်ပံ့မှု အစီအစဉ်ကို မေ ၂၅ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ပြုလုပ်ခဲ့သည်။

"အနန္တမေတ္တာ ပရဟိတအဖွဲ့နဲ့ ဦးကျော်သူရဲ့ နာရေးကူညီမှုအသင်းတို့ ပူးပေါင်းပြီးတော့ ဇာတ်ပို့ ဇာတ်ရံတွေနဲ့ ဇာတ်ညွှန်းဆရာတွေကို စားသောက်ကုန်တွေ လာရောက်လှူဒါန်းတာပါ။ CB-KMA ဖောင်ဒေးရှင်းနဲ့ ရုပ်ရှင်အစည်းအရုံး ပူးပေါင်းပြီးတော့လည်း ရုပ်ရှင်လောကသားတွေကို ပြီးခဲ့တဲ့ မေ ၁၉ ရက်ကနေ ၂၂ ရက်အထိ ကူညီထောက်ပံ့ပေးခဲ့ပါတယ်။ ခုလို ကိုဗစ်-၁၉ ကာလမှာ အခက်အခဲရှိနေတဲ့ ရုပ်ရှင်လောကသားတွေကို ကူညီလှူဒါန်းပေးကြတဲ့ အလှူရှင်တွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးကျော်သူကလည်း "ကျွန်တော်တို့ နာရေးကူညီမှုအသင်းအနေနဲ့ ကိုဗစ်-၁၉ ကာလမှာ ဆေးရုံတွေမှာ လိုအပ်နေတဲ့ ဆေးပစ္စည်းတွေ လှူဒါန်းတာတို့၊ ပိုးသတ်ဆေးဖျန်းတာတို့ကို ကူညီဆောင်ရွက်ပေးနေပေမယ့် ကိုယ့် ရုပ်ရှင်လောကသားတွေကို မကူညီပေးရသေးတဲ့အတွက် အခုလို အနန္တမေတ္တာ ပရဟိတအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ လှူဖြစ်သွားတာပါ။ ဇာတ်ပို့၊ ဇာတ်ရံနဲ့ ဇာတ်ညွှန်းဆရာ ဦးရေ ၆၀၀ စာအတွက် စားသောက်ကုန်ပစ္စည်းတွေ လှူဒါန်းမှာဖြစ်ပါတယ်။ အနုပညာသမားဆိုတာ အနုပညာအလုပ်နဲ့ပဲ အသက်မွေးကြတာများတယ်။ တချို့တွေလောက်ပဲ အပြင်စီးပွားရေး လုပ်နိုင်ကြတယ်။ ဇာတ်ပို့ ဇာတ်ရံတွေဆိုရင်လည်း အခုအချိန်မှာ ပိုပြီးတော့ ခက်ခဲနေကြပါတယ်။ တကယ်လိုအပ်နေတဲ့အချိန်မှာ အခုလိုလှူဒါန်းရတဲ့အတွက် ပီတိဖြစ်မိပါတယ်" ဟု ပြောသည်။

အနန္တမေတ္တာ ပရဟိတအဖွဲ့နှင့် နာရေးကူညီမှုအသင်း(ရန်ကုန်)တို့ ပူးပေါင်း၍ မေ ၂၅ ရက်တွင် ဇာတ်ပို့ ဇာတ်ရံအဖွဲ့သားများအားလည်းကောင်း၊ မေ ၂၆ ရက်တွင် ဇာတ်ညွှန်းဆရာများအားလည်းကောင်း ဆန်၊ ဆီ၊ ဆား၊ သကြား၊ ထန်းလျက် စသည့် စားသောက်ကုန်ပစ္စည်းများကို လှူဒါန်းကြောင်း သိရသည်။

ကိုလင်း

# စန္ဒီမြင့်လွင်၏ စီးရီးသစ်ကို မေလအတွင်းထွက်ရန် ပြင်ဆင်ခဲ့သော်လည်း ကိုဗစ်ကြောင့် နောက်ဆုတ်ခဲ့ရ



အနုပညာလောကထဲသို့ Hip Hop နှင့် R&B သီချင်းများ သီဆိုပြီး ဝင်ရောက်လာခဲ့ကာ ဂီတဘက်တွင်သာမက သရုပ်ဆောင်ဘက်မှာပါ အောင်မြင်ခဲ့သည့် တေးသံရှင် စန္ဒီမြင့်လွင်အနေဖြင့် ယခု မေလအတွင်း အဆိုတော် ဆိုဖီယာနှင့် တွဲဆိုထားသည့် အခွေသစ်တစ်ခွေ ထွက်ရှိနိုင်ရန် ပြင်ဆင်ထားခဲ့သော်လည်း ကိုဗစ်-၁၉ ကြောင့် အခွေထွက်ရန် ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

စန္ဒီမြင့်လွင်အနေဖြင့် အခွေမထွက်နိုင်သေးမီ ကာလအတွင်း Single သီချင်းဟောင်းတစ်ပုဒ်ကို ပြန်ဆို၍ ပရိသတ်အတွက် အွန်လိုင်းမှ လက်ဆောင်တင်ပေးရန်ရှိကြောင်း သိရသည်။

"ပထမက ဒီးဒီနဲ့ ဆိုဖီယာနဲ့ အတူတူလုပ်ထားတဲ့ နှစ်ယောက်တွဲ အခွေသစ်ကို မေ ၁ ရက်ကတည်းက ထွက်မယ်ဆိုပြီး စီစဉ်ထားတာပါ။ အားလုံးလည်း ပြီးနေပါပြီ။ ပရိသတ်လက်ထဲကို ထည့်ပေးဖို့ပဲ ကျန်တော့တာပါ။ ဒါပေမယ့် ကိုဗစ်-၁၉ ကြောင့် ကမ္ဘာကြီးနေမကောင်းတဲ့ အချိန်မှာ အခက်အခဲ အမျိုးမျိုးတွေကြောင့် အခွေသစ်ထွက်မယ့်ရက်ကို အားလုံးနဲ့တိုင်ပင်ပြီး ခဏရပ်ထားရပါတယ်။ ကိုဗစ်ကာလ ပြီးတာနဲ့ အမြန်ဆုံး ပရိသတ်လက်ထဲကို ထည့်ပေးမှာပါ။ အခွေသစ်မထွက်ခင်မှာလည်း ဒီးဒီက ချစ်တဲ့ပရိသတ်ကြီးကို သီချင်းတွေ ဆိုပြနေချင်သေးတာကြောင့် ဒီရက်ထဲမှာ Joox ကနေပြီး ဒီးဒီရဲ့ သီချင်းလေး တစ်ပုဒ် နားထောင်ရမှာပါ"ဟု စန္ဒီမြင့်လွင်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

စန္ဒီမြင့်လွင်အနေဖြင့် Stay Home ကာလတွင် မိသားစုအတွက် အချိန်ပေး၍ နေထိုင်လျက်ရှိပြီး ပရိသတ်များအတွက်မူ သီချင်းဟောင်းတစ်ပုဒ်ကို Unplugged ပုံစံဖြင့် ပြောင်းဆို၍ အွန်လိုင်းတွင် တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီးဒီ ဆိုဖူးခဲ့တဲ့ သီချင်းတွေထဲက သီချင်းအေးအေးလေး တစ်ပုဒ်ကို Unplugged ပြန်ဆိုထားတာလေး ရှိပါတယ်။ မိုးအေးအေးလေးနဲ့ Lockdown ကာလမှာ ပရိသတ်တွေ ခံစားလို့ကောင်းမယ့်သီချင်းလေး ဖြစ်မယ်ဆိုတာလည်း ယုံကြည်ပါတယ်။ ဒီးဒီရဲ့ ပရိသတ်အစစ်တွေကတော့ အဲဒီသီချင်းလေးကို တီးလုံးသံစကြားတာနဲ့ တန်းမှတ်မိကြမှာပါ။ ဘာသီချင်းလေးဖြစ်မလဲဆိုတာ ခန့်မှန်းလိုက်ရအောင်။ အခွေသစ်မထွက်ခင် နားထောင်ရမှာပါ"ဟုလည်း စန္ဒီမြင့်လွင်က ဆက်လက်ရေးသားထားသည်။

ကိုလင်း

# ဖြူဖြူထွေးက အိမ်ထောင်စု ၄၅ စုအား ဆန်၊ ဆီများ ထောက်ပံ့ပေးသည့်အပြင် ကျေးရွာမီးရရှိရေးအတွက် မတည်အလှူငွေ ကျပ်သိန်း ၅၀ လှူဒါန်း

လူမှုကွန်ရက် ဖေ့စ်ဘွတ်ပေါ်မှ တစ်ဆင့် ပရိသတ်အားပေးမှုရလာသူ ဖြူဖြူထွေးအနေဖြင့် အနုပညာအလုပ်ဖြင့် ရရှိလာသည့် ငွေကြေးများထဲမှ ပြည်သူများအတွက် လှူဒါန်းမှုများ ပုံမှန် ပြုလုပ်လျက်ရှိကြောင်း သိရသည်။



"ရွာမှာရှိနေတုန်းလေး အမြဲ လှူဖြစ်တယ်၊ အဓိကကတော့ ညီမရဲ့ မွေးရပ်မြေလေးကို ဖွံ့ဖြိုးစေချင်တယ်၊ ညီမရဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးတွေ အကုန်လုံးရဲ့ဘဝတွေကို တိုးတက်စေချင်တယ်။ ကိုယ်က အနုပညာရှင်ဖြစ်လာမယ်လို့လည်း မရည်ရွယ်ခဲ့ပါဘူး။ ရည်ရွယ်ခဲ့တာကတော့ ပညာတတ်ဖြစ်အောင်လုပ်မယ်၊ ပြီးရင် ကိုယ့်ရပ်ရွာကို ပြန်ကြည့်မယ်ဆိုတဲ့ အတွေးမျိုးပဲ ရှိခဲ့တာပါ၊ အခုတော့ မထင်မှတ်ဘဲ ဖေ့စ်ဘွတ်ပေါ်ကနေတစ်ဆင့် လူတိုင်းရဲ့ ချစ်ခင်မှုကိုရခဲ့လို့ ဝမ်းသာမိတာတော့ အမှန်ပါပဲ၊ သရုပ်ဆောင်တစ်ယောက် ဖြစ်ခွင့်ရခဲ့တော့လည်း အဲဒီကရတဲ့ အနုပညာကြေးနဲ့ ညီမရဲ့ မိဘတွေအပြင် ဆွေမျိုးတွေ၊ မိတ်ဆွေတွေကိုလည်း ထောက်ပံ့နိုင်ခဲ့ပါတယ်" ဟု ဖြူဖြူထွေးက ပြောသည်။

လက်ရှိအချိန်တွင် ဖြူဖြူထွေးအနေဖြင့် ဇာတိကျေးရွာ၌ လျှပ်စစ်မီးရရှိရန် မတည်အလှူငွေ ကျပ်သိန်း ၅၀ ကို လှူဒါန်းထားပြီးဖြစ်သည့်အပြင် ကျေးရွာရှိ အိမ်ထောင်စု ၄၅ စုထံသို့ တစ်အိမ်ထောင်လျှင် ဆန်တစ်တင်းနှင့် စားသုံးဆီများကိုလည်း မေ ၂၅ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုလင်း

# အစအဆုံး အွန်လိုင်းတွင်တင်ပေးခဲ့သော "The Guys of Rangoon" စာအုပ် ပုံနှိပ်ရောင်းချမှုတွင် အချိန်တိုအတွင်း ရောင်းအားအကောင်းဆုံး စံချိန်တင်

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၃၀ ခုနှစ်ဝန်းကျင်က ရှိခဲ့သော လူမိုက်ဂိုဏ်းကြီးများအကြောင်းနှင့် လမ်းမတော်ဖိုးတုတ်နှင့် ဗိုလ်တထောင်ငမိုးတို့ အပါအဝင် နာမည်ကျော် လူမိုက်ကြီးများ၏ ဘဝဖြတ်သန်းမှုများကို ရေးသားထားသည့် "The Guys of Rangoon, 1930" ဝတ္ထုကို အွန်လိုင်းပေါ်တွင် အပိုင်းများခွဲ၍ အစအဆုံး တင်ပေးခဲ့ရာ လူအများအပြား၏ ကြိုက်နှစ်သက်မှုကို ရရှိခဲ့သလို ထိုစာအုပ်ကို ပုံနှိပ်ထုတ်ဝေပြီး ရောင်းချရန် ကြိုတင်မှာယူမှုများ လက်ခံခဲ့သည့်အခါတွင်လည်း အချိန်တိုအတွင်း အုပ်ရေ ၁၆၀၀၀ ကျော် ရောင်းချရပြီး ရောင်းအားအကောင်းဆုံး စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

The Guys of Rangoon, 1930 ဝတ္ထုကို ရေးသားသူ စာရေးဆရာခက်ဇော်က "ကျွန်တော် ဒီစာအုပ်ကို စရေးဖြစ်တာကတော့ ပြည်ပနိုင်ငံတွေမှာဆိုရင်လည်း တကယ် နာမည်ကျော်တဲ့ လူဆိုးဂိုဏ်းတွေ၊ ဂိုဏ်းစတားကြီးတွေ ရှိတယ်၊ သူတို့အကြောင်းတွေကို ဝတ္ထုအဖြစ် ပြန်ရေးကြတာမျိုးတွေလည်း အများကြီး ရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုလည်း လမ်းမတော်ဖိုးတုတ်တို့၊ ဗိုလ်တထောင်ငမိုးတို့လို နာမည်ကြီးတဲ့ ဂိုဏ်းစတားကြီးတွေ ရှိခဲ့ကြတာမို့ အခုလို ရေးဖြစ်ခဲ့တာပါ၊ သူတို့နဲ့ပတ်သက်တာတွေကို အရင်တုန်းကလည်း ဆောင်းပါးတိုလေးတွေ ရေးဖူးတာ ရှိခဲ့ပါတယ်၊ ကျွန်တော်က သူတို့အကြောင်းတွေ ဝတ္ထုရေးမယ်ဆိုတဲ့ ရည်ရွယ်ချက်တော့ ရှိပြီးသားပေါ့နော်၊ အဲဒီလိုအချိန်မှာ ကိုဗစ်-၁၉ ကလည်း ဖြစ်လာတော့ အိမ်တွင်းအောင်းနေသူတွေကို မပျင်းရအောင်၊ ဗဟုသုတလည်းရအောင် ဘယ်လိုကူညီရမလဲလို့ တွေးရင်းနဲ့ ဒီစာအုပ်ကို အပိုင်းဆက်လေးတွေ ရေးပြီး အွန်လိုင်းကနေ တင်ဖြစ်ခဲ့တာပါ"ဟု ပြောသည်။

အဆိုပါ ဝတ္ထုစာအုပ်သည် အွန်လိုင်းတွင် အစအဆုံး တင်ပေးပြီးဖြစ်သည့်တိုင် ပုံနှိပ်ထုတ်ဝေရန် အမှာစာ လက်ခံသည့်အချိန်တွင် ရောင်းအားအကောင်းဆုံး စာအုပ်တစ်အုပ်ဖြစ်လာခဲ့သည်။ မေ ၁၈ ရက်တွင် ထုတ်ဝေရန် ပြင်ဆင်ထားခဲ့သည့် စာအုပ် ၁၆၀၀၀ လုံးမှာ ကြိုတင်ရောင်းချရန် အမှာစာဖြင့်ပင် အားလုံး ရောင်းကုန်သွား၍ ယခုအခါ ထပ်မံပုံနှိပ်ရန် လုပ်ဆောင်နေရကြောင်း သိရပြီး ယင်းစာအုပ်ကို ရုပ်ရှင်အဖြစ်ရိုက်ကူးရန်လည်း ဒါရိုက်တာ ဏကြီးက ဇာတ်လမ်းကို ဝယ်ယူထားကြောင်း သိရသည်။

"အခုတော့ စာအုပ်အမှာလေးကို ယာယီရပ်နားလိုက်ပါပြီ။ မေ ၁၃ ရက်အထိ မှာယူထားတဲ့ အမှာများအားလုံးဟာ ကြိုတင်အမှာအဖြစ် အကျုံးဝင်ပါတယ်။ ပို့ခ အခမဲ့+ စာမှတ်ကတ် + စာရေးဆရာ အမှတ်တရလက်မှတ်များ သေချာပေါက် ရမှာပါ။ မေ ၁၃ ရက် ည ၉ နာရီမတိုင်ခင် မက်ဆေ့ပို့ထားသူများ၊ BOT ကနေ မှာထားသူများ အားလုံး မက်ဆေ့ Reply လုပ်သည်ဖြစ်စေ၊ မလုပ်ရသေးဘူးဖြစ်စေ အကျုံးဝင်ပါတယ်၊ မက်ဆေ့ပို့ထားတဲ့ အချိန်တွေ၊ နေ့ရက်တွေ မှတ်တမ်းရှိလို့ ဖြစ်ပါတယ်၊ အုပ်ရေ ၁၆၀၀၀ ကို အိမ်တိုင်ရာရောက် ပို့ဖို့အတွက် အထုပ်ထုပ်ခြင်း၊ လိပ်စာဖြတ်ခြင်း အစရှိတဲ့ အဆင့်ပေါင်းများစွာ လုပ်ကိုင်ရပါတယ်။ ဒါ့အပြင် အခုကာလဟာ ဝန်ထမ်းအင်အားအကန့်အသတ်နဲ့ လုပ်ဆောင်နေရတဲ့ ကာလ ဖြစ်ပါတယ်။ အားလုံး တစ်ပြိုင်တည်းရောက်အောင် ပို့ဆောင်နိုင်စွမ်း မရှိပေမယ့် စာအုပ်အမှာများအားလုံးကို မေလကုန်မှာ အပြီးပို့ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်၊ ပို့မှာကို မစောင့်နိုင်တော့လို့ ချက်ချင်းဖတ်ချင်သူများအနေနဲ့ စာအုပ်များကို လမ်းမတော် သံဈေး ငါးလွှာမှာရှိတဲ့ Yangon Book Plaza - ဖုန်း - ၀၉၉၆၆၈၁၀၈၀၀ ကို ကြိုတင်ဖုန်းဆက်ပြီး မနက် ၉ နာရီကနေ ညနေ ၅ နာရီ အတွင်း လာရောက်ထုတ်ယူနိုင်ပါတယ်။ ကြိုတင်အမှာတင်ထားတဲ့သူတွေပဲ ထုတ်နိုင်မှာပါ။ ပြင်ပစာအုပ်ဆိုင်များကို ဖြန့်ချိမယ့် နေ့ရက်နဲ့ စာအုပ်အမှာ ပြန်လည်လက်ခံမယ့်နေ့များကိုတော့ ထပ်မံကြေညာပါ့မယ်" ဟု စာရေးဆရာ ခက်ဇော်က ဆက်လက်ပြောကြားသည်။

ကိုလင်း



စာရေးဆရာ ခက်ဇော်နှင့် ဝတ္ထုကို ရုပ်ရှင်ရိုက်ရန်ဝယ်ယူသည့် ဒါရိုက်တာ ဏကြီး


## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### အက်ခ်ရှေးကူးမား ဘောလိဝုဒ်တွင် ပထမဆုံးရိုက်ကွင်းပြန်စသည့် မင်းသားဖြစ်လာ

အိန္ဒိယမှာ ကိုဗစ် -၁၉ ကူးစက်ရောဂါကြောင့် ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ခဲ့ပေမယ့် အခုအခါမှာတော့ တဖြည်းဖြည်းချင်း ဖြေလျှော့မှုတွေ လုပ်ဆောင်လာပါပြီ။ ဘောလိဝုဒ်နာမည်ကျော်မင်းသားတစ်လက်ဖြစ်တဲ့ အက်ခ်ရှေးကူးမားကတော့ ကိုဗစ် -၁၉ ခြိမ်းခြောက်မှုတွေရှိနေတဲ့ကြားက ပထမဆုံးရိုက်ကွင်းပြန်စတဲ့ မင်းသားဖြစ်လာခဲ့ပါတယ်၊ သူဟာ သောက်သုံးရေနဲ့ မိလ္လာရေဆိုးစနစ်ဌာနအတွက် ကြော်ငြာတစ်ခု ရိုက်ပေးခဲ့ပါတယ်။ သူ့ရဲ့ရိုက်ကွင်းမှာတော့ ကိုဗစ် -၁၉ ကာကွယ်ရေးအတွက် လိုအပ်တဲ့လုပ်ဆောင်မှုအားလုံးကို လုပ်ဆောင်ခဲ့ပါတယ်။ “ဒါဟာ ကျန်းမာရေးဝန်ကြီးဌာနအတွက်ရိုက်ကူးပေးတဲ့ကြော်ငြာတစ်ခုဖြစ်ပြီး ရိုက်ကွင်းမှာရှိတဲ့ ရိုက်ကူးရေးအဖွဲ့သားအားလုံးအတွက် လုံခြုံစိတ်ချရအောင် အကာအကွယ်တွေလုပ်ပြီးမှ ရိုက်ကူးခဲ့တာပါ ” လို့ ရိုက်ကွင်းဒါရိုက်တာအာဘယ်ကီက ပြောပါတယ်။

ဒါရိုက်တာအာဘတ်ကီဟာ အက်ခ်ရှေးကူးမားရဲ့ အောင်မြင်တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ Pad Man ကို ရိုက်ပေးခဲ့တဲ့ ဒါရိုက်တာလည်း ဖြစ်ပါတယ်။ အက်ခ်ရှေးကူးမားဟာ အိမ်ကနေပဲ အဝတ်အစားလဲလာပြီး မိတ်ကပ်ကိုလည်း အိမ်ကနေပဲ ပြင်ဆင်လာခဲ့တာပါ။ ရိုက်ကွင်းမှာ လူအားလုံးစုစုပေါင်း အယောက် ၂၀ သာရှိတယ်လို့ သိရပါတယ်။ အက်ခ်ရှေးကူးမားတို့လိုပဲ အာလီယာဘတ်နဲ့ ဆန်းဂျေးတို့ဟာလည်း သူတို့ရပ်နားထားရတဲ့ရုပ်ရှင်ကို ရိုက်ကူးရေးပြန်စချင်နေပါပြီ။

**ဘောလိဝုဒ်လိုက်ဖ်**



အက်ခ်ရှေးကူးမားရိုက်ကွင်းပြန်စနေသည်ကို တွေ့ရစဉ်။

### နီကိုးကစ်မင်းနှင့် Big Little Lies က တွဲဖက်သရုပ်ဆောင်များ ပူးပေါင်းပြီး ကျန်းမာရေးဝန်ထမ်းများအတွက် အစားအသောက်လှူဒါန်း

ရုပ်ရှင်မင်းသမီး နီကိုးကစ်မင်းဟာ အမေရိကန်ရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့ Big Little Lies မှာ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ တွဲဖက်သရုပ်ဆောင်တွေနဲ့အတူ ပူးပေါင်းပြီး လူမှုရေးလှုပ်ရှားမှုတစ်ခု လုပ်ခဲ့ပါတယ်။ ဩစကြေးလျမင်းသမီးတစ်လက်ဖြစ်တဲ့နီကိုးဟာ သူနဲ့တွဲဖက်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ရီးစ်ဝစ်သားစပွန်း၊ ဇိုးကရာဗစ်၊ လော်ရာဒန်း၊ ရှေးလင်းဝုဒ်ဒလေတို့နဲ့အတူ ပူးပေါင်းပြီး စားသောက်ဆိုင်တွေက လှူဒါန်းတဲ့အစားအသောက်တွေကို ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှာ ပါဝင်နေကြတဲ့ ကျန်းမာရေးလုပ်သားတွေဆီအရောက် ပို့ပေးခဲ့ပါတယ်။

ဒီအစားအသောက်တွေကို ဒေသခံဆိုင်ရှင်တွေနဲ့ အမျိုးသမီးစားသောက်ဆိုင်ပိုင်ရှင်တွေက ပေးလှူခဲ့တာဖြစ်တယ်လို့ သိရတယ်။ နယူးယောက်၊ နယူးအော်လန်၊ လော့စ်အိန်ဂျလိစ်၊နက်ရှ်ဗီးလ်နဲ့ ဖီးနစ်မြို့တို့မှာ လှူဒါန်းခဲ့တာပဲ ဖြစ်ပါတယ်။ ဒေသခံစားသောက်ဆိုင်ပိုင်ရှင်တွေက ကျန်းမာရေးဝန်ထမ်းတွေကို လှူဒါန်းတဲ့အစားအသောက်တွေ ပေးအပ်တဲ့ပုံကိုလည်း နီကိုးရဲ့အင်စတာဂရမ်အကောင့်မှာ တင်ထားခဲ့ပါတယ်။ မွန်မြတ်တဲ့အလုပ်တစ်ခုအတွက် တွဲဖက်သရုပ်ဆောင်တွေနဲ့အတူ ပြန်လည်စုစည်းခွင့်ရတာ ဝမ်းသာမိပါတယ်။ မြို့ကြီးငါးမြို့က ကျန်းမာရေးဝန်ထမ်းတွေကို လှူဒါန်းနိုင်ဖို့ ပြင်ဆင်ပေးကြတဲ့ ဒေသခံစားသောက်ဆိုင်ပိုင်ရှင်တွေကို ကျေးဇူးတင်ပါတယ်လို့ နီကိုးက ပြောခဲ့ပါတယ်။

**ဟယ်လို**



နီကိုးကစ်မင်းကို တွဲဖက်သရုပ်ဆောင်များနှင့်အတူ တွေ့ရစဉ်။

**ခြိုး**

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၂၁)

# အကြံတူရှိ၊ မရှိဆိုသည့် ပြဿနာ

**ဦးဟန်ညွန့် (ဥပဒေ)**



**မောင်ပျင်းရိ၏မေးခွန်း**

“ဆရာကြီးခင်ဗျား၊ အိမ်မှာနေရင်း အပျင်းပြေလေ့လာမှတ်သားခွင့်ပြုပါ။ ရုံးခန်းမှာ ရုံးမတက်ဘဲ အိမ်မှာချည်းနေနေရတော့ ဘယ်ဥပဒေစာအုပ်တွေကို ဖတ်ရမယ်၊ ဘယ်စီရင်ထုံးတွေ ကြည့်ရမယ်ဆိုတဲ့ ဥပဒေဗဟုသုတမျိုး ပေးပါ ဆရာကြီး။ ကျွန်တော်တတ်နိုင်သမျှ စာဖတ်ပါ့မယ်။ စာအုပ်မရှိရင်လည်း သူငယ်ချင်းတွေဆီက ငှားဖတ်ပါ့မယ်”ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ဆက်သွယ်ပြောကြားလာပါသည်။

ဒီတစ်ခါတော့ မောင်ပျင်းရိ၏ ဝီရိယကို ကြိုဆိုလိုက်ပါသည်။ ဥပဒေပညာ၊ ဥပဒေအတွေးကို အခြေခံအနေနှင့် ဆွေးနွေးသင်ပြပေးသည့်သဘောဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း စာပြန်ဖတ်ရပါပြီ။

**ရာဇသတ်ကြီးပုဒ်မ ၃၄**

ရာဇသတ်ကြီးပုဒ်မ ၃၄ မှာ အကြံတူတစ်ခု (Common Intention) အကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အကြံတူတစ်ခု အထမြောက်စေရန် တစ်ဦးထက်ပိုသောသူများက ပြုခြင်းအကြောင်းဖြစ်ပါသည်။

**ရှေ့နေတစ်ဦး ကြုံတတ်စမြဲ**

ရှေ့နေတစ်ဦးတစ်ယောက်အဖို့ ရာဇဝတ်မှုများလိုက်ပါသည့်အခါ ကြုံလေ့ကြုံထ(ကြုံတတ်စမြဲ)အမှုမျိုး ဖြစ်ပါသည်။ အများအားဖြင့် ရာဇဝတ်မှုကျူးလွန်သည့်အခါ တစ်ဦးထက်ပိုသူများက ပူးပေါင်းကြံစည်၍ ကျူးလွန်တတ်ကြပါသည်။ တရားခံတစ်ဦးထက်ပိုသောအမှုဟု ဆိုကြပါစို့။ ရှေ့နေတစ်ဦးအနေဖြင့် အမှုမှ လွတ်ရာလွတ်ကြောင်း တွေးတောသည့်အခါ၊ ခုခံရေးလမ်းကြောင်းရွေးသည့်အခါ ပြင်ဆင်နိုင်ရန် ရည်ရွယ်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၃၄ နှင့် ၁၁၄ တို့သည် နေ့စဉ်လိုလိုကြုံလေ့၊ တွေ့လေ့ရှိသော ပုဒ်မများလည်း ဖြစ်ပါသည်။ တရားစွဲအဖွဲ့အစည်းများက အမှုအမျိုးအစားအလိုက် ပုဒ်မတပ်လေ့ရှိသော ရာဇသတ်ကြီးပုဒ်မ ၃၄ နှင့် ၁၁၄ ဖြစ်ပါသည်။ အလုပ်သင်ရှေ့နေမောင်ပျင်းရိတို့ လေ့လာနေကျ၊ တွေ့နေကျ၊ ဖတ်နေကျ ပုဒ်မများဖြစ်၍ အထူးခက်ခဲနက်နဲသော ဥပဒေပြဿနာတော့ မဟုတ်ပါ။

**သုံးနေကျပုဒ်မ**

လေ့လာနေကျ၊ တွေ့နေကျ၊ ဖတ်မှတ်နေကျ၊ သုံးနေကျပုဒ်မဖြစ်သည့်အတွက် ဆက်စပ်နေသော ဥပဒေစီရင်ထုံး၊ အမှုအခင်း၊ အတွေ့အကြုံ၊ အတွေးအခေါ်များ ပူးပေါင်းတွေးခေါ်နိုင်ပါစေ။ အမှုလိုက်ပါသည့်အခါ လက်တွေ့ဘဝနှင့် အသုံးချနိုင်ကြစေချင်ပါသည်။ အလုပ်သင်ရှေ့နေ မောင်ပျင်းရိတို့အဖွဲ့အားလုံး(ရုံးခန်းမှာ လက်တွေ့အလုပ်သင်ဆင်းနေကြသော ရှေ့နေပေါက်စအားလုံး)အတွက် ရည်ရွယ်ဆွေးနွေးခြင်းသာပါ။

**ပုဒ်မ ၃၄ ၏ အနှစ်သာရ**

ရာဇသတ်ကြီးပုဒ်မ ၃၄မှာ တစ်ဦးထက်ပိုသူတို့က ပူးပေါင်းကြံစည်၍ ကျူးလွန်ပါက တစ်ဦးတည်းပြုသကဲ့သို့ အားလုံးတွင် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားသည့် ပုဒ်မဖြစ်ပါသည်။ ဤပုဒ်မပါ ပြစ်မှုများကို လူအများက ပူးပေါင်းကြံစည်၍ ကျူးလွန်လျှင် မူရင်းပြစ်မှုပုဒ်မနှင့် ဤပုဒ်မ ၃၄ ကို ပူးတွဲစွဲဆိုရပါသည်။

**အကြံတူရှိခြင်းဆိုသည်မှာ**

အကြံတူရှိခြင်းဆိုတာဘာလဲ။ အကြံတူရှိခြင်းဆိုသည်မှာ တကယ်ကျူးလွန်မည့် ရာဇဝတ်မှုကို ကျူးလွန်ရန် အကြံတူရှိပြီး ယင်းသို့အကြံတူကြရာ၌ ပါဝင်ခဲ့သူဖြစ်မှသာ ၎င်းတို့တစ်ဦးချင်းကို အပြစ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အကြံတူကို ယင်းအမှု၌ သက်သေထင်ရှားရှိသည့် အကြောင်းခြင်းရာများမှ ဆုံးဖြတ်ရကြောင်းကို ရှေးကျသောစီရင်ထုံးတစ်စောင်တွင် ကိုးကားဖော်ပြထားပါသည်။ အကြံတူရှိ၊ မရှိ ခွဲခြားစိစစ်နိုင်သည့် ယေဘုယျနည်းဥပဒေများမရှိကြောင်းလည်း မှတ်ချက်ပြုခဲ့ပါသည်။

**ကိုပေါနှင့်ထွန်းဘော်အမှု**

အကြံတူ ရှိ၊ မရှိ နမူနာစီရင်ထုံးတစ်ခုမှာ ကိုပေါနှင့်ထွန်းဘော် အမှုစီရင်ထုံးဖြစ်ပါသည်။ ကိုပေါနှင့်ထွန်းဘော် ညီအစ်ကိုနှင့် သူကြီးသားတို့က ရွာသားတစ်ဦးကို ထိုးနှက်ရာမှ လူသေမှုတစ်မှုအကြောင်းပါ။ ထိုလူသေမှုတွင် ထွန်းဘော်က သေသူ၏ ဦးခေါင်းတွင် သာမန်ဒဏ်ရာရစေပြီး ကိုပေါက သေသူ၏မေးစေ့နှင့် လည်ပင်းတွင် အပြင်းအထန် ဒဏ်ရာရစေသည်။ ဒဏ်ရာရသူက ဆေးရုံတက်ပြီး ၁၀ ရက်ခန့်အကြာ လည်ပင်းတွင်ရရှိသော ဒဏ်ရာကြောင့် သေဆုံးသည်။ ဤအမှုတွင် ၎င်းတို့နှစ်ဦးသည် လူသေမှုအတွက် အကြံတူမရှိသော်လည်း အပြင်းအထန်ဒဏ်ရာရစေမှုအတွက် အကြံတူရှိကြသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၂၅ အရ ပြောင်းလဲ၍ပြစ်ဒဏ်ချခဲ့သည့် သာဓကရှိသည်။ စီရင်ထုံးရှိသည်။ အကြံတူ၏သဘောကို ကိုပေါနှင့် ထွန်းဘော်အမှုက မီးမောင်းထိုးပြသည့်သဘောဖြစ်သည်။

**သက်သေထင်ရှားပြရမည်**

တရားခံများပူးတွဲတာဝန်ရှိ၊ မရှိကို အကြံတူရှိ၊ မရှိဆိုသည့် အချက်တစ်ခုတည်းအပေါ် စိစစ်ရသည်ဖြစ်သောကြောင့် မည်သို့အကြံတူရှိကြောင်းနှင့် ယင်းအကြံကို အထမြောက်ရန် တရားခံများက အတူတကွ ပြုလုပ်ကြကြောင်း သက်သေထင်ရှားပြရမည်။ အကြံတူ ရှိ/မရှိ တိုက်ရိုက်သက်သေခံချက်မှာ ရှားပါးပြီး ပတ်ဝန်းကျင်သက်သေခံချက်များအပေါ် စဉ်းစားဆုံးဖြတ်ရကြောင်း ရှေးကျသော စီရင်ထုံးတစ်စောင်က ထောက်ပြခဲ့လေသည်။

**တစ်မှုချင်းအလိုက်**

အကြံတူရှိ၊ မရှိကို တစ်မှုချင်းအလိုက် အကြောင်းခြင်းရာပေါ် မူတည်၍ ဆုံးဖြတ်ရကြောင်း၊ တရားခံအချင်းချင်း အတိအကျ သဘောတူညီချက်ရှိကြောင်း ပြသရန်မလို။ အကြောင်းခြင်းရာပြဿနာမှာ ဥပဒေကြောင်းအရ ကောက်ယူချက်အပေါ် မတည်။ အမှု၌ ပေါ်ပေါက်လာသည့် သက်သေခံချက်အပေါ် ရုံးကထင်မြင်ယူဆနိုင်သည့် ကောက်ချက်အပေါ် မူတည်ကြောင်းဖြင့် စီရင်ထုံးတစ်စောင်က ညွှန်ပြပါသည်။

**အကြံတူရှိသည် မဆိုနိုင်**

ရိုင်ဖယ်ကိုင်သူနှင့် စတင်းဂန်းကိုင်သူနှစ်ဦးက လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး ပစ်ခတ်ရာ ရွာသားတစ်ဦးသေဆုံးသည်။ မည်သူ၏ ကျည်ဆန်ကြောင့် သေသည်ဟူသော သက်သေခံချက်မရှိ။ ထိုသူနှစ်ဦးက သေသူအား တစ်ချက်စီ ရိုက်နှက်ခဲ့သည်။ သို့သော် သတ်ရန် အကြံတူရှိသည်ဟု မဆိုနိုင်။ လူသတ်မှုတွင် အားပေးကူညီမှုမြောက်ကြောင်း စီရင်ဆုံးဖြတ်ခဲ့ဖူးသော စီရင်ထုံးသာဓကေ ရှိခဲ့ဖူးပါသည်။



**“အကြံတူ ရှိ၊ မရှိကို တစ်မှုချင်းအလိုက် အကြောင်းခြင်းရာပေါ် မူတည်၍ ဆုံးဖြတ်ရကြောင်း၊ တရားခံအချင်းချင်း အတိအကျ သဘောတူညီချက်ရှိကြောင်း ပြသရန်မလို။**

**မောင်ပျင်းရိတို့ဆက်လေ့လာပါ**

မောင်ပျင်းရိတို့ အလုပ်သင်ရှေ့နေအဖွဲ့ ဆက်လက်လေ့လာစေလိုပါသည်။ စီရင်ထုံးအသစ်များ၊ အတွေးအမြင်သစ်များဖြင့် အမှုလိုက်ပါဆောင်ရွက်ရေး အောင်မြင်နိုင်ကြပါ စေ။ ဆက်စပ်အမှုများ၊ အတွေ့အကြုံများ ကောင်းစွာရရှိကြပါစေဟု ဆန္ဒပြုပါ သည်။

**မောင်တင်အောင်စီရင်ထုံး**

အကြံတူခေါင်းစဉ်နှင့် ပတ်သက်လျှင် ထင်ရှားသောစီရင်ထုံးတစ်ခုမှာ မောင်တင်အောင် စီရင်ထုံးဖြစ်ပါသည်။

**အကြံတူ ရှိ၊ မရှိဆိုသည့် ပြဿနာ**

အကြံတူရှိ၊ မရှိဆိုသည့် ပြဿနာကို ဆုံးဖြတ်ရန်မှာ အလွန်ခဲယဉ်းသည်။ လူ၏စိတ်နေစိတ်ထားအပေါ်၌ တည်ရှိသည့် အချက်ဖြစ်သည်။ တိုက်ရိုက်သက်သေခံချက်ရရှိရန် အလွန်ခဲယဉ်းသည်။ ပတ်ဝန်းကျင်အကြောင်းခြင်းရာများနှင့်တကွ အခြားအကြောင်းအချက်တို့ကိုလည်း ထည့်သွင်းစဉ်းစားရသည်။

အကြံတူတစ်ခုရှိနေပါသည်ဆိုသော အချက်မှလွဲ၍ အခြားမည်သည့် အချက်မျိုးမှ ရှိနိုင်မည်မဟုတ်ဟု ယူဆသော အခါမှသာလျှင် အကြံတူတစ်ခုရှိသည်ဟု ကောက်ယူဆုံးဖြတ်သင့်သည်။

အားလုံးသောအမှုအခင်းများကို အကျုံးဝင်အောင် အလွန်တိကျသည့် စည်းကမ်းချက်များ (သို့မဟုတ်) မူများ ၊(သို့မဟုတ်) ဥပဒေများ သတ်မှတ်ထားရန် အလွန်ခဲယဉ်းသည်။

ဖြောင့်ချက်တွင် ဖြောင့်ချက်ပေးသူအနေဖြင့် သတ်ဖြတ်ရန်အကြံအစည် ရှိ/မရှိ မဖော်ပြထားပါ။ အခြားလုံလောက်သည့် သက်သေခံ အထောက်အထား မရရှိပါ။ အကြံတူတစ်ခုရှိ/မရှိဟူသော ပြဿနာသည် အလွန်ဒွိဟသံသယဖြစ်စရာကောင်းသည့် ပြဿနာသာ ဖြစ်ပေသည်။

**လူ၏စိတ်နေစိတ်ထား**

လူ၏စိတ်နေစိတ်ထားအပေါ်၌ တည်ရှိသည့်အချက် ဖြစ်သည်။ တိုက်ရိုက်သက်သေခံချက်ရရှိရန် အလွန်ခဲယဉ်းသည်။ များသောအားဖြင့် ထိုပြဿနာကို ဆင်ခြင်ရာ၌ အမှု၏ပတ်ဝန်းကျင်အကြောင်းခြင်းရာများနှင့် တရားခံများ အသုံးပြုသည့်လက်နက်များ၊ အခင်းမဖြစ်မီအချိန်၊ အခင်းဖြစ်ပြီးအချိန်၊ ပြုမူပြောဆိုပုံ၊ ပြောဆိုကြိမ်းမောင်းချက်များ ထည့်သွင်းစဉ်းစားရသည်။

**အိမ်မှာနေ**


အိမ်မှာနေရင်း(Home Stay) ဥပဒေစာအုပ်များ ဖတ်ကြမည်၊ စီရင်ထုံးများ လေ့လာကြမည်၊ သုတေသနလုပ်နိုင်ကြလျှင် ပို၍ကောင်းသည်။ ရုံးခန်းပြန်ရောက်လျှင် ဥပဒေမှတ်စုတွေ တစ်ပုံတစ်ပင် ပါလာမည်၊ ရှေ့နေလောကတိုးတက်ရေး အကြံဉာဏ်ကောင်းတွေ ပို၍ပေးနိုင်မည် မျှော်လင့်သည်။

**စေတနာ**

ဥပဒေလေ့လာစရာတွေ များလှပေသည်။ မောင်ပျင်းရိလိုချင်သော ဥပဒေအတွေးများ၊ လက်တွေ့မှတ်စုများအတွက် စဉ်းစားမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ....။ ။

# တက္ကသီလာ မြကျွန်းသာမှာ ပညာရည်နို့သောက်စို့ခဲ့ပါသည် အပိုင်း(၁)

**စန်းနီလာဝင်း**




၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ် ပထမဦးဆုံး အကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနား၌ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးအား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ဆက်ကပ်ခဲ့သည်။



ရန်ကုန်ကောလိပ်၌ ပထမဦးဆုံး ကျောင်းအုပ်ကြီးနှင့် ပါမောက္ခတာဝန် စတင်ထမ်းဆောင်ခဲ့သူ ပါရဂူဘွဲ့ရ ဆရာကြီး ဦးဖေမောင်တင်။



အသက် ၂၄ နှစ်အရွယ်နှင့်ပင် လန်ဒန်ဒဗ္ဗလင် တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိခဲ့သည့် ရန်ကုန် တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထင်အောင်။



၁၉၅၅ ခုနှစ် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ဆဋ္ဌသင်္ဂါယနာတင်ခဲ့စဉ်က တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယားဘုရင်သီဟာနုအား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ချီးမြှင့် ဂုဏ်ပြုခဲ့သည်။

## ကံ့ကော်တန်းကို လွှမ်းပါသည်

မြရွက်ဝေဝေ

ပင်ခြေယှက်ထိုး၊ ခက်ချင်းမိုးသား
သာနိုးကံ့ကော်၊ မိုးမျှော်လန်းဆန်း
စိန်ပန်းတမာ၊ ခက်ချင်းဖြာလျက်
တက္ကသီလာ၊ မြကျွန်းသာ၌
ဝိဇ္ဇာ သိပ္ပံ၊ ဘုံဗိမာန်နှယ်
အောင်မြေမှန်ရာ၊ ပြည်မြန်မာဝယ်
ပညာပန်းများ၊ လန်းဆန်းရာတည်း။

အင်းလျားကန်ပေါင်ရိုးဆီမှ တိုးတိုးတိတ်တိတ်လှုပ်ခတ်လာသော လေနုအေးသည် ကံ့ကော်မြိုင်တန်းကို ကျော်လွှား၍ အဓိပတိလမ်းမကြီးကို ရောက်လာပြီဆိုသည်နှင့် ဝဲဘက်ရှိ ဝိဇ္ဇာခန်းမကြီးနှင့် ယာဘက်ရှိ သိပ္ပံခန်းမကြီးတို့ကို ကသုတ်ကယက် နှုတ်ဆက်ထွေးပိုက်လိုက်ဟန်တူသည်။ ငွားငွားစွင့်စွင့်၊ မားမားမြင့်မြင့် ရပ်တည်နေသော သက်တော်ရှည် သစ်ပုပ်ပင်ကြီးသည် အဆင့်မြင့် ဝိဇ္ဇာသိပ္ပံပညာရပ်တို့၏ ဘူမိနက်သန် အောင်မြေမှန်ရာဖြစ်သော ဘွဲ့နှင်းသဘင် အဆောက်အအုံကြီးကို ဂါရဝဖြင့် ဦးခိုက်နေပုံရသည်။

"နတ္ထိသံမံ ဝိဇ္ဇာမိတ္တံ" (There's no friend like wisdom) "ပညာနှင့်တူသော မိတ်ဆွေဟူ၍မရှိ"ဟူသော ဆောင်ပုဒ်သည် အဆင့်မြင့်ပညာရပ်များ သင်ကြားလေ့ကျင့်ပေးရာ အမိရန်ကုန်တက္ကသိုလ်ကြီး၏ ဘဝအလင်းရောင်ပေးလျက်ရှိသော ခံယူချက်ဆိုင်ရာ ဆောင်ပုဒ်တစ်ခုပင် ဖြစ်ပါသည်။

အဆင့်မြင့် ဝိဇ္ဇာသိပ္ပံပညာရပ်များ၏ ပညာတံခွန်စိုက်ထူရာ အမိရန်ကုန်တက္ကသိုလ်ရှိ ကံ့ကော်တောကား လွှမ်းမောဖွယ်ရာရှိနေသလို ပညာထူးချွန် လူရည်မွန်တို့အဖို့ ပညာဘဏ္ဍာတိုက်ကြီးသဖွယ် ရှိနေသည်။

သူလည်းလေ လောကီသားပေမို့ ပုထုဇဉ်ပီပီ ကံ့ကော်တောမှပြောသော ချစ်ပုံပြင်များ၊ အင်းလျားကန်ပေါင်ရိုးဆီက သမုဒယလှိုင်းသံများသည် အသက်နှစ်ဆယ်ပတ်ဝန်းကျင်အရွယ် လူငယ်မောင်မယ်အချို့၏ ဘဝတစ်စိတ်တစ်ပိုင်းကို လွှမ်းမိုးသည်လည်း ရှိပါသည်။ ပညာမစုံခင် ကြင်ရာမစုံစေနှင့်ဟူသော မိဘဆရာ လူကြီးသူမများ၏ ဩဝါဒကို မြေဝယ်မကျ လိုက်နာကြသည့် ကျောင်းသူ ကျောင်းသားတို့မှာလည်း ရမ္မက်ဖုံးသည့် အသည်းနှလုံးကို ဆုံးမထားကာ ဧကစာရီ တစ်ကိုယ်တော်ဝါဒီအဖြစ် ပညာသည်သာ ဘဝ၊ ဘဝသည်သာ ပညာဟူသော ခံယူချက်ဖြင့် "ထူးချွန်ထက်မြက်သော ပညာရှင်" (Excellent Scholar) ဖြစ်အောင် ကြိုးပမ်းကြပါသည်။ သူတို့သည် တက္ကသိုလ်များ ဗဟိုစာတိုက်ကြီးကို မှီငြမ်းကိုးကားအားထားရာ စာပေဘဏ္ဍာတိုက်ကြီးအဖြစ် အသုံးပြုကြသလို သချာဆန်သည့် ဘဝချည်းအဖြစ် မခံလိုဘဲ ကဗျာဆန်သော ဘဝအဖြစ် တေးဂီတအနုပညာကို အပန်းဖြေရိပ်သာရှိ အနုပညာခန်းမတွင် သီဆိုတီးမှုတ်ကာ သရုပ်မှန်ရသအနုပညာကို လေ့လာလိုက်စားကြသူများလည်း ရှိပါသည်။ ကိုယ်လက်လှုပ်ရှားအားကစား လိုက်စားကြသည့် မောင်မယ်များသည်လည်း တက္ကသိုလ်အားကစားရုံ၊ ရေကူးကန်၊ ဘောလုံးကွင်း၊ တင်းနစ်ကွင်းတို့တွင် ညီညာဖြိုဖြို လေ့ကျင့်ကြသူများလည်း ရှိပါသည်။ ကျောင်းပြီးလျှင် အမျိုးသားကာကွယ်ရေးတာဝန်ကို အဓိကထမ်းဆောင်လိုကြသည့် ကျောင်းသားများက တက္ကသိုလ်လေ့ကျင့်ရေးတပ်သို့ ဝင်ကာ စစ်ပညာကို သင်ယူလေ့ကျင့်ကြပါသည်။ စာမှစာ၊ ဂီတမှ ဂီတဟူသော တစ်ဖက်သတ်ခံယူမှုဖြင့် ကိုယ်လက်လှုပ်ရှား အားကစားနှင့် ကင်းဝေးကြသည့် မောင်မယ်များစွာ ကိုယ်ခံအားနည်းပြီး တက္ကသိုလ်ဆေးရုံသို့ ဂိလာနလူနာအဖြစ် မကြာခဏ သွားပြနေရသည်ကိုလည်း တွေ့ခဲ့ရ ကြုံခဲ့ရပါသည်။

*စာမျက်နှာ ၂၃ သို့*




ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အတွက် ဘွဲ့နှင်းသဘင်ခန်းမနှင့် ဆရာဇော်ဂျီ၏ ၁၉၂၅ ခုနှစ် စက်တင်ဘာလထုတ် ယူနီဗာစီတီကောလိပ်မဂ္ဂဇင်း၌ ဖော်ပြပါရှိခဲ့သည့် ရန်ကုန်တက္ကသိုလ်ကဗျာကို ပြန်လည်ဂုဏ်ပြု ဖော်ပြထားစဉ်။

# တွန်းဇံဆေးရုံ တိုးချဲ့ဆောင်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**တွန်းဇံ မေ ၂၆**

ချင်းပြည်နယ် တွန်းဇံမြို့ဆေးရုံ၌ ခွဲစိတ်ခန်းနှင့် သားဖွားခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် VMBC နှစ်ခြင်းအသင်းတော် သင်းအုပ်ဆရာ သိက္ခာတော်ရ ဆရာထန်ဆွင်းကိမ်းက တွန်းဇံမြို့၌ ခွဲစိတ်ခန်းနှင့် သားဖွားခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ရန် ပန္နက်တင်ခြင်းနှင့်ပတ်သက်၍ ဆုတောင်းမေတ္တာ ပို့သပေးပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထန်ရှန်းခိုင်နှင့် ဆေးရုံကြီးကြပ်ရေးကော်မတီဝင်များက ပန္နက်တိုင်များကို စိုက်ထူပေးကြသည်။



ပြည်နယ်လူမှုရေးဝန်ကြီးနှင့်တာဝန်ရှိသူများက ပန္နက်တိုင်များ စိုက်ထူပေးနေစဉ်။

ယင်းနောက် EBC နှစ်ခြင်းအသင်းတော် သိက္ခာတော်ရ R.E.V ကပ်ခန့်မုန်က တွန်းဇံမြို့၌ ခွဲစိတ်ခန်းနှင့် သားဖွားခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ရန်ပန္နက်တိုင်များ စိုက်ထူခြင်း အောင်မြင်မှုအထိမ်းအမှတ်အဖြစ် ဆုတောင်းမေတ္တာပို့သပေးသည်။ ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီးက ခွဲစိတ်ခန်းနှင့် သားဖွားခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် ရန်ပုံငွေရရှိမှုကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ခွဲစိတ်ခန်းနှင့် သားဖွားခန်းပါ တိုးချဲ့နှစ်ထပ်ဆောင်သည် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၇၂ သန်းဖြင့် အလျားပေ ၁၀၀၊ အနံပေ ၅၀ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မုဒုံမြို့၌ ပြန်လည်ဖွင့်လှစ်ခွင့်ရသည့် အလုပ်ဌာနများမှ အလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီ

**မုဒုံ မေ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးပြီး ပြည်နယ်အစိုးရအဖွဲ့၏ အမိန့်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ရရှိသော လူမှုဖူလုံရေးတွင် အကျုံးဝင်သည့် အလုပ်ဌာနသုံးခုမှ မှတ်ပုံတင်ထားသည့်အလုပ်သမား ၂၆၁ ဦးကို လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ယမန်နေ့က မြို့နယ်လူမှုဖူလုံရေးရုံးတွင် ထောက်ပံ့ကြေးပေးအပ်သည်။

အဆိုပါ ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကပိုင် အလုပ်ဌာန သုံးခုဖြစ်သော ဖူးရှင်းဘရာသား(စ်)ရော်ဘာစက်ရုံ၊ ဟွန်ဒါ(မြန်မာ) သစ်အချောထည်စက်ရုံနှင့် ရာစုနှစ် ရော်ဘာထုတ်လုပ်ရေးကုမ္ပဏီတို့မှ မှတ်ပုံတင်ထားသည့် အလုပ်သမား ၂၆၁ ဦးတို့ကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ (၁/၂၀၂၀) အတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် အလုပ်သမားများ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဒေါ်သက်သက်ခိုင်က ပြောသည်။

လူမှုဖူလုံရေးတွင် အကျုံးဝင်သည့်အလုပ်ဌာန သုံးခုမှ မှတ်ပုံတင်ထားသည့် အလုပ်သမား ၂၆၁ ဦးအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၈၁၄၁၀၉၃ ဒသမ ၃၃ ကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

*စာမျက်နှာ ၂၂ မှ*

## မြကျွန်းညီညို ကွန်းခိုရာ ရန်ကုန်တက္ကသိုလ်၏ ရေခံမြေခံ

**ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး ဒေါက်တာထင်အောင်က သူရေးသားပြုစုခဲ့သော နာမည်ကျော်သမိုင်းစာအုပ်ကြီးတစ်အုပ်ဖြစ်သည့် "A History of Burma" စာအုပ်တွင် "ကိုလိုနီပညာရေးစနစ်ကို အသက်သွင်းစေခဲ့သော အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ 'ရန်ကုန်တက္ကသိုလ်အက်ဥပဒေ' (Rangoon University Act) ကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသော ရန်ကုန်တက္ကသိုလ် မျိုးချစ်ခေါင်းဆောင်များ၏ ပထမအကြိမ် ရန်ကုန်တက္ကသိုလ် သပိတ်ကြီးကြောင့် "အမျိုးသားပညာရေးစနစ်" (National Education) ရုပ်လုံးပေါ်လာပြီး မြန်မာပြည်အနှံ့ ကိုယ့်အားကိုယ်ကိုး "အမျိုးသားကျောင်းများ" (National Schools) ပေါ်ပေါက်လာခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထဲမှ အချုပ်အခြာအာဏာတစ်ရပ်လုံးကို ပြန်လည်ရယူနိုင်သည့် မြန်မာ့လွတ်လပ်ရေးအတွက်ပါ လမ်းပြရှေ့ဆောင်မှာ ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီး (၁၉၂၀)နှင့်အတူ ဝံသာနုအမျိုးသားလှုပ်ရှားမှုကြီးကြောင့်ဖြစ်သည်" ဟု ဖော်ပြထားသည်**

အမိရန်ကုန်တက္ကသိုလ်ကြီး၏ မူလဘူတဇာတိဘဝမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီအုပ်ချုပ်ရေးဘဝတွင် ၁၈၇၈ ခုနှစ်၌ "ရန်ကုန်ကောလိပ်" (Rangoon College) အဖြစ်ဖြင့် စတင်မွေးဖွားလာခဲ့ရသည်။ ၁၉၀၆ ခုနှစ်တွင် "အစိုးရကောလိပ်" (Government College) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံရှိ "ကာလကတ္တားတက္ကသိုလ်" (University of Culcatta) ၏ လက်အောက်ခံဖြစ်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်သို့ ရောက်သောအခါ "ရန်ကုန်ယူနီဗာစီတီကောလိပ်" (Rangoon University College) နှင့် "ဂျပ်ဆင်ကောလိပ်" (Judson College)တို့ ပူးပေါင်း၍ "ရန်ကုန်တက္ကသိုလ်" (Ragoon University) ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပါသည်။

ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့အစိုးရ ကျင့်သုံးခဲ့သော ရန်ကုန်တက္ကသိုလ်ပညာရေးစနစ်မှာ ကိုလိုနီအုပ်ချုပ်ရေးယန္တရားအတွက် မရှိမဖြစ်လိုအပ်သည့် အလိုတော်ရိဝန်ထမ်းများကို မွေးထုတ်ရန်သာဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် သုတေသနအသင်းဥက္ကဋ္ဌနှင့် သုတေသီ "ဂျေအက်စ် ဖာနေဗယ်လ်" (J.S Furnival) ရေးသားပြုစုခဲ့သည့် "ကိုလိုနီဝါဒနှင့် လက်တွေ့ကျင့်သုံးမှု" (Colonial Policy and Practice) အမည်ရှိ စာအုပ်တွင် "ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၌ ပညာရေးစနစ်ကို ကျင့်သုံးရာ၌ စာရေးစာချီများ ရှေ့နေရှေ့ရပ်များ ဖြစ်ရန်ကိုသာ ရည်ရွယ်ခဲ့ပြီး အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ သဘာဝသိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များပေါ်ထွက်လာအောင် ရည်ရွယ်ချက် အလျဉ်းမရှိခဲ့ပါ" ဟု ဝေဖန်သုံးသပ်ထောက်ပြခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ မှုမမှန်သော ပညာရေးစနစ်ကို ထင်လင်းစွာ တွေ့မြင်ကြရမည် ဖြစ်ပါသည်။

၁၉၂၀ ပြည့်နှစ်မှာပင် တက္ကသိုလ်ကျောင်းသား မျိုးချစ်ခေါင်းဆောင်များက ကိုလိုနီပညာရေးစနစ်ကို ပယ်ဖျက်ပေးရန် အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပထမအကြိမ် ရန်ကုန်တက္ကသိုလ် သပိတ်ကြီးကို ဆင်နွှဲခဲ့ရာ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု မှန်တံခါးကို စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ ပထမဦးဆုံးအကြိမ် ဘွဲ့နှင်းသဘင် ကျင်းပခဲ့ရာ ထိုစဉ်က ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးအား "ဂုဏ်ထူးဆောင် ပါရဂူဘွဲ့" ဆက်ကပ်ရန် စီစဉ်ခဲ့သော်လည်း ဆရာတော်ကြီးမှာ မျက်စိကွယ်နေရှာသဖြင့် ကိုယ်တော်တိုင် တက်ရောက်မယူနိုင်ခဲ့ကြောင်း သိရပါသည်။ ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံအဖြစ် "မန္တလေးကောလိပ်" (Mandalay College) စတင်ပေါ်ပေါက်လာခဲ့ပြီး ၁၉၃၀ ပြည့်နှစ်၌ ရန်ကုန်မြို့တွင် "ဆရာအတတ်သင်ကောလိပ်" (TTC–Teachers Training College) နှင့် "ဆေးပညာကောလိပ်" (MC–Medical College) တို့ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၃၈ ခုနှစ်၌ မန္တလေးမြို့တွင် "စိုက်ပျိုးရေးကောလိပ်" (Agriculture College) စတင်ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

ကိုလိုနီခေတ် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်တိုက်ဖျက်ခဲ့သော ပထမအကြိမ် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ကြီးနှင့် စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး ဒေါက်တာထင်အောင်က သူရေးသားပြုစုခဲ့သော နာမည်ကျော်သမိုင်းစာအုပ်ကြီးတစ်အုပ်ဖြစ်သည့် "A History of Burma" စာအုပ်တွင် "ကိုလိုနီပညာရေးစနစ်ကို အသက်သွင်းထားခဲ့သော အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ 'ရန်ကုန်တက္ကသိုလ်အက်ဥပဒေ' (Rangoon University Act) ကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသော ရန်ကုန်တက္ကသိုလ် မျိုးချစ် ခေါင်းဆောင်များ၏ ပထမအကြိမ် ရန်ကုန်တက္ကသိုလ် သပိတ်ကြီးကြောင့် "အမျိုးသားပညာရေးစနစ်" (National Education) ရုပ်လုံးပေါ်လာပြီးမြန်မာပြည်အနှံ့ ကိုယ့်အားကိုယ်ကိုး "အမျိုးသားကျောင်းများ" (National Schools) ပေါ်ပေါက်လာခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထဲမှ အချုပ်အခြာအာဏာတစ်ရပ်လုံးကို ပြန်လည်ရယူနိုင်သည့် မြန်မာ့ လွတ်လပ်ရေးအတွက်ပါ လမ်းပြရှေ့ဆောင်မှာ ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီး (၁၉၂၀)နှင့်အတူ ဝံသာနုအမျိုးသားလှုပ်ရှားမှုကြီးကြောင့် ဖြစ်သည်"ဟု ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ဤနေရာတွင် စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထင်အောင်၏ ဂုဏ်ယူအားကျစံထားဖွယ်ရာ ထူးချွန်မှုစွမ်းရည် အချို့ကို အကျဉ်းဥဒ္ဒေသအဖြစ် ဖော်ပြလိုပါသည်။ ဆရာကြီးသည် ၁၉၃၃ ခုနှစ်တွင် ထိုစဉ်က အသက် ၂၄ နှစ်အရွယ်မှာပင် "အင်္ဂလန် ဒဗ္ဗလင်တက္ကသိုလ်" မှ ပါရဂူဒေါက်တာဘွဲ့ရရှိခဲ့သည့်အပြင် အိုင်ယာလန်၊ အမေရိကန်၊ သီရိလင်္ကာနှင့် ဥရောပတက္ကသိုလ်များမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များစွာ ရရှိခဲ့သည့် ပါရမီရှင် မဟာပညာကျော် ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်ပါသည်။

ဆရာကြီး၏ အစ်ကိုအကြီးဆုံးမှာ လွတ်လပ်ရေးမရမီ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့သော အစိုးရအဖွဲ့တွင် အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အိုင်စီအက်စ် ဦးတင်ထွဋ် ဖြစ်ပါသည်။ အစ်ကိုငယ်မှာ လွတ်လပ်ရေးရပြီး ဖဆပလအစိုးရအဖွဲ့တွင် တရားလွှတ်တော်ချုပ် တရားရေးဝန်ကြီးနှင့် တရားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်၊ အမေရိကန်သြဇာခံ ကူမင်တန် တရုတ်ဖြူများ မြန်မာနိုင်ငံထဲသို့ ကျူးကျော်ခဲ့စဉ်ကလည်း သံအမတ်ကြီးအဖြစ် ကုလသမဂ္ဂတွင် တိုင်ကြားတင်ပြခဲ့သူလည်းဖြစ်သည့် ဦးမြင့်သိန်းပင် ဖြစ်ပါသည်။

ဆရာကြီး ဒေါက်တာထင်အောင် ပါရဂူဘွဲ့အသီးသီးရရှိပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သောအခါ အစ်ကိုဖြစ်သူများက ထိုစဉ်က ဝင်ငွေကောင်းလှသော ဝတ်လုံတော်ရရှေ့နေအဖြစ် လုပ်ကိုင်ရန် တိုက်တွန်းခဲ့သော်လည်း ဆရာကြီးသည် စေတနာ၊ ဝါသနာ၊ အနစ်နာတို့ကြောင့် ထိုစဉ်က ဝင်ငွေနည်းသော ရန်ကုန်တက္ကသိုလ် ကထိကရာထူးကိုသာ ရွေးချယ်တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပညာရှင်တစ်ဦး ဖြစ်ခဲ့ပါသည်။

ထို့ပြင် ၁၉၅၆ ခုနှစ်၌ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ "အရှေ့တောင်အာရှတက္ကသိုလ်များအသင်းကြီး"တွင် ဒုတိယဥက္ကဋ္ဌ တာဝန်ယူခဲ့ရုံမျှမက အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များဘုတ်အဖွဲ့ကြီး၌ အမှုဆောင်လူကြီးတစ်ဦးအဖြစ် ပူးတွဲတာဝန်ယူခဲ့ကာ အမိ ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ဒြပ်ကို အထူးမြင့်မားစေခဲ့ပါသဖြင့် ဂုဏ်ယူအားကျစံထားဖွယ်ဖြစ်ပါသည်။

အလားတူ အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက်တွင် ရန်ကုန်ကောလိပ်၌ မြန်မာလူမျိုးထဲမှ ပထမဦးဆုံး ကောလိပ်ကျောင်းအုပ်ကြီးနှင့် ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့သည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရ ဆရာကြီး ဦးဖေမောင်တင်ကိုလည်း ဂုဏ်ယူကြည်ညို လေးစားစံထားရပါသည်။ ဆရာကြီးသည်လည်း အောက်စဖို့ဒ်တက္ကသိုလ်မှ စာပေပါရဂူဘွဲ့ရရှိခဲ့ပြီး မြန်မာစာပေသမိုင်း မြန်မာသဒ္ဒါကျမ်းနှင့် တက္ကသိုလ်တွင် မြန်မာစာပေတိုးမြှင့်သင်ကြားရေးကို ဦးဆောင်ကြိုးပမ်းခဲ့ပြီး "ခေတ်စမ်းစာပေ" ဟူသော "မြန်မာစာပေပုံစံသစ်"ကို စတင်ဖော်ထုတ်ခဲ့ပါသည်။ ဆရာကြီးသည် မြန်မာနိုင်ငံ သုတေသနအသင်းဥက္ကဋ္ဌနှင့် မြန်မာသမိုင်းကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ဗုဒ္ဓစာပေဖြစ်သော "အင္ဂုတ္တိုရ်ကျမ်း" နှင့် "ဝိသုဒ္ဓိမဂ်ကျမ်း" တို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ပြီး မှန်နန်းရာဇဝင်ကျမ်း (ပုဂံခေတ် ကဏ္ဍ)ကိုလည်း သမိုင်းပါမောက္ခ "ဂျီအိပ်ချ် လုစ်" (GH Luce) နှင့် ပူးတွဲကာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ခြင်းကြောင့် ဆရာကြီး၏ ကြိုးပမ်းအားထုတ်မှုများမှာ အဆင့်မြင့်ပညာရေးလောက အတိုင်းမသိ ကျေးဇူးတရား ကြီးမားလှပါသည်။

# ဧရာဝတီတိုင်းဒေသကြီး ခရီးသွားဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများပြန်လည်ရှင်သန်လာရေး ခရီးသွားလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်း

**ပုသိမ် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ(၃/၂၀၂၀) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က မြန်မာပြည်၌ ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစ၍ တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ တည်းခိုခန်းများကို ခေတ္တလုပ်ငန်းဆောင်ရွက်မှု ရပ်နားစေခဲ့ကြောင်း၊ ယခုကဲ့သို့ လုပ်ငန်းများ ရပ်ဆိုင်းထားခြင်း၊ ခရီးသွားမှု ကန့်သတ်ခြင်းများကြောင့် ဒေသတွင်းခရီးသွားလုပ်ငန်းများလုံးဝနီးပါးရပ်ဆိုင်းသွားခဲ့ရပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းအပေါ် မှီခိုနေရသည့် ဝန်ထမ်းများ၊ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝအခြေအနေများ ထိခိုက်မှုရှိခဲ့ကြောင်း၊ ယခုအခါ အများပြည်သူ ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများအပြင် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လုပ်ငန်းပြန်လည်ဆောင်ရွက်ခွင့်ပြုရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်နှင့်အညီ တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေးတင်ပြချက်များ အပေါ်တွင်လည်း ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ အားလုံးက ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန်၊ ဆောင်ရွက်သင့်သည်များကို ထည့်သွင်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၀)အစည်းအဝေးဆုံးဖြတ်ချက်များပေါ်အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။



# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ပဲခူး မေ ၂၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဧည့်ခန်းမသို့ ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် PANKO Myanmar Co., Ltd. နှင့် လောကနတ်ကုမ္ပဏီတို့မှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းသည်။

PANKO Myanmar Co., Ltd. နှင့် လောကနတ်ကုမ္ပဏီတို့မှ ဦးကျော်စွာစိုးနှင့် ဦးကျော်စိုးမိုးတို့က လှူဒါန်းရခြင်း အကြောင်းကို ပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများတွင် ကျန်းမာရေး အထောက်အကူပြုပစ္စည်း ဝယ်ယူအသုံးပြုရန် တန်ဖိုးငွေကျပ်သိန်း ၅၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၀၀၀၀၊ မျက်နှာဖုံးအကာ ၁၀၀၀၀ တို့အား ထောက်ပံ့လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးခင်မောင်ဆန်းတို့က လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

**တင်စိုး(ပဲခူး)**

# ကချင်ပြည်နယ်၌ ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဆောက်လုပ်ရေး ပန္နက်တင်

**မြစ်ကြီးနား မေ ၂၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်သွားမည့် ဦးစီးဌာန(၂)၏ ရုံးအဆောက်အုံသစ်ဆောက်လုပ်နိုင်ရေးအတွက် ယနေ့နံနက်က အဆိုပါ ရုံးသစ်ဆောက်လုပ်မည့် မြစ်ကြီးနားမြို့မန်ခိန်ရပ်ကွက် မေခဝန်ထမ်းအိမ်ရာအနီးရှိ မြေကွက်လပ်၌ ပန္နက်တင်ခြင်းပြုလုပ်သည်။

အဆိုပါ အဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သတ်မှတ်နေရာများ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ရုံးတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှစ်ခုတို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ်သန်း ၃၂၀ ဒသမ ၉၂၀ ဖြင့် သန်းဆုဝေကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# လွိုင်ကော်မြို့နယ်တွင် စိမ်းလန်းသာယာလှပရေး မြေယာရှုခင်းများဖော်ဆောင်ထား

**လွိုင်ကော် မေ ၂၆**

ကယားပြည်နယ်၏ မြို့တော်ဖြစ်သော လွိုင်ကော်မြို့ စိမ်းလန်းသာယာ လှပစေရန် ပန်းဥယျာဉ် မြေယာရှုခင်း ဆောင်ရွက်ထားမှုများ၊ ကော်ဖီပျိုးဥယျာဉ် ဆောင်ရွက်ထားရှိမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။



ပြည်နယ်ဝန်ကြီးချုပ်က ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် လွိုင်ကော်- ပင်လောင်း အဝေးပြေးလမ်းမကြီး၊ လွိုင်ကော်- ရှားတောလမ်းမကြီးများ၏ ဘေးမြေကွက်လပ်နေရာများတွင် ဆောင်ရွက်လျက်ရှိသော ယာယီပန်းဥယျာဉ်လုပ်ငန်း၊ ပျိုးဥယျာဉ်လုပ်ငန်း၊ ပရိဘောဂအရောင်းပြခန်း၊ လွိုင်ကော်လေဆိပ် မြေယာရှုခင်း၊ ကော်ဖီပျိုးဥယျာဉ်လုပ်ငန်းများကို အပိုင်းလိုက်တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများမှ ရှင်းလင်းပြသမှုများကို ကြည့်ရှုစစ်ဆေးပြီး စာချုပ်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး၊ အချိန်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ညွှန်ကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဥယျာဉ်လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်အတွင်းရေးမှူး၊ သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ဖော်မင်းထွန်း (ပြန်/ဆက်)**

# တောင်ကြီးမြို့ပေါ်ရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများ ဆက်လက်ဖြန့်ဝေ

**တောင်ကြီး မေ ၂၆**

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း အခြေခံပြည်သူများကို ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့်အရန်ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများအားမေ ၂၁ ရက်မှ စတင်ဖြန့်ဝေလျက်ရှိရာ ယမန်နေ့က တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်မှ အခြေခံပြည်သူများ လက်ဝယ်အရောက်ဖြန့်ဝေပေးသည်။

ဖြန့်ဝေလှူဒါန်းရာသို့ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်းနှင့် ဘဏ်အရာထမ်းများ၊ ဝန်ထမ်းများ၊ ပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် တောင်ကြီးမြို့ပေါ်ရှိ မင်္ဂလာဦးရပ်ကွက်၊ ရေအေးကွင်းရပ်ကွက်၊ ဘုရားဖြူရပ်ကွက်၊ လမ်းမတော်ရပ်ကွက်၊ ကံရွေ့ရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ ဟော်ကုန်းရပ်ကွက်၊ ကံအောက်ရပ်ကွက်၊ မြို့မရပ်ကွက်နှင့် ကံသာရပ်ကွက်စုစုပေါင်းရပ်ကွက် ၁၀ ရပ်ကွက်ရှိ အိမ်ထောင်စု ၁၀၆၄ စုတို့အား ရိက္ခာထုပ်ပေါင်း ၁၄၇၁ ထုပ်ကို အခြေခံပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မဟာအောင်မြေမြို့နယ်၌ မော်တော်ယာဉ်လိုင်စင်အတုများနှင့် လိုင်စင်အတုပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် မော်တော်ယာဉ် လိုင်စင်အတုများနှင့် လိုင်စင်အတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မှုခင်းရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက် ညနေ ၅ နာရီတွင် လူမှုကွန်ရက်စာမျက်နှာ၌ အောင်ချမ်းသာအကောင့်ဖြင့် မော်တော်ယာဉ် နှင့် ပတ်သက်၍ လိုင်စင်/ နံပါတ်ပြားများအတု ပြုလုပ်ရောင်းချနေကြောင်း သတင်းအရ မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းနှင့် (၇၃) လမ်းထောင့်၌ အသွင်ယူဖမ်းဆီးခဲ့ရာ ချမ်းမြသာစည်မြို့နယ် ညောင်ကန်ကျောင်းတိုက်နေ ထွန်းလင်းအောင်(၂၄နှစ်) အား မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ ဘီးခွန်၊ မှန်ကပ်စတေကာ၊ နံပါတ်ပြား၊ ပရိမိယံပေးသွင်းမှုမှတ်တမ်းစာအုပ်အတုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၁၀ မျိုးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်မေးရာ ယင်းပစ္စည်းများအား စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာအုပ်စု စစ်ကိုင်းတောင်ရိုးရှိ အောင်မြေရတနာ ဘုန်းကြီးကျောင်းတွင် ကျော်ရဲအောင်ပါ လေးဦးနှင့်အတူ ပြုလုပ်ခဲ့ကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေရာ အောင်မြေရတနာဘုန်းကြီးကျောင်း အောက်ထပ်သစ်သားကွပ်ပျစ်ပေါ်၌ ယာဉ်အမှတ်မျိုးစုံပါ ယာဉ်နံပါတ်ပြားအတု ၅၁ ချပ်၊ ဆေးမသုတ်ရသေးသည့် ယာဉ်နံပါတ်ပြားအတု ၁၇ ချပ်၊ ကညနတံဆိပ်ပါ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်အတု ၅၅ ခု၊ ဘီးခွန်စာရွက်အတု ၁၆ ရွက်၊ ယာဉ်မောင်းလိုင်စင်အတု ခြောက်ခု၊ နံပါတ်မျိုးစုံပါ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်အတု ၁၅ အုပ်၊ ပရိမိယံပေးသွင်းမှုမှတ်တမ်းစာအုပ်အတု ၁၁၅ အုပ်၊ မင်နှိပ်တံဆိပ်တုံး မျိုးစုံ ၂၅ ခု၊ စက်/ဘောင်အမှတ်များ ခြစ်ရာတွင် အသုံးပြုသည့် အက္ခရာ/နံပါတ်များပါသော ဆပ်ပြာတုံး ခြောက်တုံး၊ lenovo အမျိုးအစား laptop တစ်လုံးနှင့် မော်တော်ယာဉ်လိုင်စင်အတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး မေ ၂၅ ရက် ည ၁၂ နာရီ ၅၅ မိနစ်က ထွန်းလင်းအောင် (မိ) နှင့် ကျော်ရဲအောင်ပါ လေးဦး (မမိ)တို့အား မဟာအောင်မြေ မြို့မရဲစခန်း (ပ) ၃၇၅/၂၀၂၀၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၀/ ၄၆၈/၄၇၁ ဖြင့် အမှုဖွင့်ပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။






ထွန်းလင်းအောင်အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# လွိုင်လင်မြို့နယ်၌ ငွေကျပ် ၄၀ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်၌ မေ ၂၄ ရက်က ငွေကျပ် ၄၀ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်များ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၂၄ ရက် နံနက် ၂ နာရီတွင် လွိုင်လင်မြို့ ဟိုတင့်ကျေးရွာအနီး လွိုင်လင် - တောင်ကြီး ကားလမ်းတွင် ခွန်စံဦး မောင်းနှင်ပြီး ဝေလင်းထွန်း လိုက်ပါလာသည့် ၁၂ ဘီး အမျိုးအစား မော်တော်ယာဉ်ကိုရပ်တန့်ရှာဖွေရာ အိုက်စ် ၁၆၁၅ ကီလို သိမ်းဆည်းရမိခဲ့သည်။



ခွန်စံဦး၊ ဝေလင်းထွန်းတို့အား ဖမ်းဆီးရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

ယာဉ်မောင်း ခွန်စံဦး( ၄၃နှစ်) နှင့် ဝေလင်းထွန်း(၃၇နှစ်)တို့အား စစ်ဆေးချက်အရ အမှုတွင် ပါဝင်ပတ်သက်သူများဖြစ်သည့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ ကျွန်းချောင်းအုပ်စု လေးဖာထောကျေးရွာနေ ကိုသူ(ခ)မြင့်သူ၊ ကိုဖြူနှင့် မိုင်းရှူးမြို့နယ် ဝမ်ဟိုင်းကျေးရွာအုပ်စု ဝမ်ဆော့ကျေးရွာနေ ကိုစိုင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# လှိုင်သာယာ အနောက်ပိုင်း မြို့နယ်အတွင်း ဖုန်းလုယက်မှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် မေ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲက လှိုင်သာယာ အနောက်ပိုင်း မြို့နယ်အတွင်း ဖုန်းလုယက်မှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ နိုင်လင်းဦးကို (၁၈)ရပ်ကွက် အနော်ရထာလမ်းမကြီး (၈၆)ဂိတ်ဟောင်း ကားမှတ်တိုင်အနီး၌ ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသည်။

၎င်းသည် ယခုနှစ် ဧပြီနှင့် မေတို့တွင် လှိုင်သာယာ အနောက်ပိုင်းမြို့နယ်အတွင်း ဆိုင်ကယ်ဖြင့် လှည့်လည်သွားလာ၍ လမ်းတွင် တွေ့ရှိသူများထံမှ လက်ကိုင်ဖုန်းအမျိုးမျိုး ၁၀ လုံးကို လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်း လက်ကိုင်ဖုန်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ၎င်းကို ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ မေ ၂၅ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄၆ စီး၊ သွင်းကုန် ၃၃၅ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကွမ်းစားဆေး Parijat (1 x10x 30)–12 Pkgs ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့တွင် ကလေးငယ်နှစ်ဦးအား ငွေကြေးများ တောင်းခံခိုင်းသည့် အမျိုးသားနှစ်ဦးကို ထောင်ဒဏ် တစ်နှစ်စီချမှတ်

**မန္တလေး မေ ၂၆**

ကလေးငယ်နှစ်ဦးအား အဓမ္မခိုင်းစေ၍ ငွေကြေးတောင်းရမ်း ခိုင်းနေသည့် အမျိုးသား နှစ်ဦးကို သက်ဆိုင်ရာမြို့မရဲစခန်း၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေဖြင့် ယမန်နေ့မွန်းလွဲပိုင်းက အမှုဖွင့်အရေးယူခဲ့ပြီး ယနေ့တွင် တရားရုံးက အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်းနှင့် ၇၈လမ်းထောင့် မီးပွိုင့်တွင် အမျိုးသား နှစ်ဦးက ကလေးငယ် နှစ်ဦးကို အဓမ္မခိုင်းစေ၍ ငွေကြေးတောင်းရမ်းခိုင်းနေကြောင်း သတင်းအရ အမှတ် (၈) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ အမျိုးသားနှစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ဝင်းနိုင်နှင့် သိန်းဆုဆိုသူတို့ဖြစ်ပြီး ကလေးနှစ်ဦး၏ ဖခင်များဖြစ်ကြကာ အသက်လေးနှစ် နှစ်လနှင့် အသက် ခြောက်နှစ်အရွယ်ရှိ ကလေးနှစ်ဦးအား တောင်းရမ်းခိုင်း၍ ရရှိငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းနိုင်နှင့် သိန်းဆုတို့နှစ်ဦးကို ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်းက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူကာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆို၍ မြို့နယ်တရားသူကြီးက အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ်၌ ယာဉ်တိမ်းမှောက်မှု လမ်းလုပ်သား ၁၀ ဦးသေ၊ ကိုးဦး ဒဏ်ရာရ

**မိုင်းဆတ် မေ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ်လမ်း လွယ်ဆုံတောင်အဆင်း ပါခါးကျေးရွာအနီးတွင် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်က လမ်းလုပ်သားများ စီးနင်းလိုက်ပါလာသည့် ယာဉ်တိမ်းမှောက်မှုကြောင့် လမ်းလုပ်သား ၁၀ ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်။

လမ်းလုပ်သား ဇေယျာဦး မောင်းနှင်သည့် ယာဉ်အမှတ် ၉၄/- - - - မြေသယ်ယာဉ်သည် မိုင်းဆတ်-တာချီလိတ်လမ်း လွယ်ဆမ်ဆုံတောင်အဆင်း မိုင်တိုင်အမှတ် ၃၀ ဒသမ ၅ ကီလိုမီတာနှင့် ၃၁ ဒသမ ၀ ကီလိုမီတာကြား ပါခါးကျေးရွာအနီး အရောက်တွင် ကားဂီယာချွတ်ယွင်းပြီး လမ်း၏ ယာဘက်ပေ ၂၀၀ ခန့်အနက်ရှိချောက်ထဲသို့ ထိုးကျသွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ လမ်းလုပ်သားအမျိုးသား ကိုးဦးနှင့် အမျိုးသမီး ၁၀ဦးအနက် အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့သည်နေရာတွင် သေဆုံးပြီး ဒဏ်ရာရရှိသူ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး လေးဦးကို မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် အမျိုးသမီး တစ်ဦး ထပ်မံသေဆုံးသွားခဲ့သည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ သာစည်မြို့နယ် လှိုင်းတက်ကျေးရွာနေသူ ဇေယျာဦး(၂၆နှစ်) အား မိုင်းတွမ်းနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

# မိုင်းခတ်မြို့နယ်၌ လက်ပစ်ဗုံးဟောင်းတစ်လုံး ပေါက်ကွဲ၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**မိုင်းခတ် မေ ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းခတ်မြို့နယ် ပါပွန်းအုပ်စု ဟွေဖယ်ကျေးရွာတွင် မေ ၂၅ရက် နံနက် ၁၁ နာရီက လက်ပစ်ဗုံးဟောင်းတစ်လုံးပေါက်ကွဲပြီး ကလေးငယ်တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါ အခင်းဖြစ်ပွားရာသို့ မိုင်းခတ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဟွေဖယ်ကျေးရွာနေ မောင်ယားအူ(၁၀နှစ်)၊ မောင်ကျာလား (၉နှစ်)တို့သည် ဟွေဖယ်ကျေးရွာနှင့် ပါရှင်ကျေးရွာကြားလယ်ကွင်းထဲသို့ ကျွဲကျောင်းသွားစဉ် လက်ပစ်ဗုံးဟောင်းတစ်လုံးတွေ့ရှိသဖြင့် မောင်ယားအူက မြေပေါ်သို့ ပစ်ချရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် မောင်ယားအူမှာ အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ပြီး မောင်ကျာလားမှာ လက်ပစ်ဗုံးစများထိမှန်ကာ ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁ နာရီခန့်က မိုင်းခတ်ပြည်သူ့ဆေးရုံမှတစ်ဆင့် ကျိုင်းတုံမြို့ရှိ တပ်မတော်ခုတင် (၃၀၀) ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

**မိုးဒေ (ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၄၇ ပြားနှင့် တူးမီးသေနတ်တစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၆** – မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် သတင်းအရ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဇီးဖြူကုန်းကျေးရွာနေ မင်းအောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၇ ပြား၊ အရှည် လေးပေခန့်ရှိ တူးမီးသေနတ် တစ်လက်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရမည်းသင်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြောင်းစိုက်တောင်သူများအားပံ့ပိုးရန် အစေ့ထုတ်ပြောင်းမျိုးစေ့များ အခမဲ့ဖြန့်ဝေ

**ဖယ်ခုံ မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်းမှ လုပ်ကွက်ငယ် ပြောင်းစိုက်တောင်သူများအား ကူညီပံ့ပိုးသည့်အနေဖြင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အောင်ပန်း စိုက်ပျိုးရေးသုတေသနခြံတို့ ပူးပေါင်း၍ မျိုးသန့် ထုတ်လုပ်ထားသော သဘာ၁၀ ဝတ်မှုန်ကူး ပြောင်းမျိုးတစ်ခုဖြစ်သည့် ဧကရီ ပြောင်းမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၅ ရက်က ပြုလုပ်ခဲ့သည်။


တောင်သူကိုယ်စားလှယ်တစ်ဦးထံ ပြောင်းမျိုးစေ့များပေးအပ်စဉ်

ကိုဗစ်-၁၉ ကာလအတွင်း အစေ့ထုတ်ပြောင်းမျိုးစေ့များ ဈေးနှုန်းကြီးမြင့်ခြင်းနှင့်အတူ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများမှ သွင်းအားစု မထည့်နိုင်သည့် လုပ်ကွက်ငယ် ပြောင်းစိုက်တောင်သူများအား ကူညီထောက်ပံ့နိုင်ရန် ရည်ရွယ်လျက် ဖယ်ခုံမြို့ပေါ် အေလာကွင်းနှင့် ဆွေသဟာကွင်း၊ ရီလုံရီကန် ကျေးရွာအုပ်စုနှင့် ရီနွဲ့ကျေးရွာအုပ်စုရှိ တောင်သူ ၆၀ ၏ ပြောင်းစိုက်ဧက ၁၁၀ တွင် စိုက်ပျိုးရန် အစေ့ထုတ်ပြောင်းမျိုးစေ့ ၅၅၀ ကီလိုကို အခမဲ့ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးစေ့များ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသုတေသန ဦးစီးဌာန အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံမှ ခြံတာဝန်ခံ ဒေါက်တာဝင်းဝင်းနွယ်က သဘာ၁၀ ဝတ်မှုန်ကူး ဧကရီမျိုးနှင့် စပ်မျိုးများ၏ ကွာခြားချက်၊ မျိုးစေ့အဖြစ် မျိုးခံ၍ ပြန်လည်စိုက်ပျိုးနိုင်ခြင်း စသည့် အားသာချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သင်းသင်းထက်က အစေ့ထုတ်ပြောင်း စိုက်ပျိုးရာတွင် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးကြရန် ဆွေးနွေးပြောကြား၍ ကျေးရွာများမှ တောင်သူကိုယ်စားလှယ်များထံသို့ မျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**ကိုထွေး(ဖယ်ခုံ)**

# ပုတောတွင် ငါးသားပေါက်မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးပိုစတာများ စိုက်ထူ

**ပုတော မေ ၂၆**

ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်ချိန်ဖြစ်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် ပုတောမြို့နယ်အတွင်းမှ ရေလုပ်သားများနှင့် ပြည်သူများအား အသိပညာပေးသည့် ပိုစတာများကို ပုတောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းခိုင်နှင့် ဝန်ထမ်းများက ပုတောမြို့နယ် ငါးလုပ်ငန်းရုံးရှေ့၊ ပုတောမြို့အဝင်နှင့် ရွှေဝါထွန်း ရပ်ကွက်တို့တွင် မေ ၂၆ ရက်က စိုက်ထူသည်။

အဆိုပါ အသိပညာပေးပိုစတာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ် ငါးသန် ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားကြောင်း၊ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေအရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားကြောင်း ဖော်ပြထားသည့်အပြင် ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်များ လွတ်လပ်စွာ ဥချ သားပေါက်နိုင်ရေးနှင့် နုနယ်သည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်နှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးရန် တိုက်တွန်းနှိုးဆော် ဖော်ပြထားသည်။

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာရှာ၍ ငါးရစ်တက်လေ့ရှိပြီး ထိုငါးရစ်များကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များ သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာ ဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားနိုင်သောကြောင့် ငါးမဖမ်းကြရန် အသိပညာပေးနေရခြင်းဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**




# ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လုပ်ခွင့်ပြုရန် ကျောက်ပန်းတောင်းမြို့နယ် စစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် ပညာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းများကို ယာယီရပ်နားထားရာ ပြန်လည်လုပ်ကိုင်ခွင့်ပြုနိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်း စစ်ဆေးရေးအဖွဲ့က မေ ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ပညာရေးကဏ္ဍမှ ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မကျီးငုတ်တိုရွာ အလက (ခွဲ)၌ တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရေးလုပ်ငန်း၊ အိုင်လျှားတောင်အလက၌ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်း၊ ဥယျာဉ်ကျေးရွာ အမက၌ တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အခြား ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် အင်တောကျေးရွာနှင့် ခင်မွန်ကျေးရွာတို့၌ စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိပြီး ကိုဗစ်-၁၉ ကြောင့် ယာယီရပ်နားထားသော အဆိုပါ လုပ်ငန်းများကို ပြန်လည်စတင်နိုင်ရန် မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်းများ စစ်ဆေးရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။



အဆိုပါလုပ်ငန်းများကို ပြန်လည်စတင်လုပ်ကိုင်ရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနတို့က ချမှတ်ထားသည့် ညွှန်ကြားချက်များကို လိုက်နာလုပ်ကိုင်ရန်၊ လုပ်ငန်းခွင်များတွင် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်အိတ်၊ လက်ဆေးရေကန်နှင့် ဆပ်ပြာများထားရှိခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ကြရန်၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ပိုစတာ များကိုအများမြင်သာသည့်နေရာများ၌ ကပ်ထားရန် စသည်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**နေအောင်(ပြန်/ဆက်)**

# ရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**ဆော မေ ၂၆**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကောက်ကျစ်ကျေးရွာတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် လောင်းရှည်ဒေသမှ ဆရာတော(မန်းတက္ကသိုလ်)ဦးဆောင်သော ဆိုင်ကယ်စီးပရဟိတလူငယ်များက မေ ၂၅ ရက် ညနေပိုင်းတွင် သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

အဆိုပါ ဆိုင်ကယ်စီး ပရဟိတလူငယ်အဖွဲ့သည် လောင်းရှည်(မြို့ဟောင်း)၌ သုံးစွဲလျက်ရှိသည့် ရေတွင်းမှရေကို ဆိုင်ကယ် ၁၂ စီးဖြင့် သယ်ယူ၍ ရေရှားပါးနေသည့် ကောက်ကျစ်ကျေးရွာမှ ပြည်သူများထံ အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေ လှူဒါန်းရာ စုစုပေါင်း ရေဂါလန် ၁၂၀ သယ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။

ထို့အပြင် ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျေးရွာနေပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်သွားလာနိုင်ကြရန် ရည်ရွယ်လျက် ကောက်ကျစ်ကျေးရွာနေ ပြည်သူများနှင့် ကံဆီမီးကျေးရွာနေ ပြည်သူများထံ နှာခေါင်းစည်း အခု ၅၀ စီကိုလည်း ယင်းနေ့မှာပင် လောင်းရှည်ဒေသ ကျောင်းသားဟောင်းများကိုယ်စား ပညာရေးမှူး(ငြိမ်း) ဆရာကြီးဦးကျော်လင်းက လှူဒါန်းကြောင်း သိရသည်။

**ဇော်မျိုးသန့်(ဆော)**

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့သော လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**သာပေါင်း မေ ၂၆**

သာပေါင်းမြို့နယ် ငဝန်ဒေါင့်ကြီးကျေးရွာ၊ ကွမ်းသီးခြံကျေးရွာနှင့် ရှောပြာကုန်းကျေးရွာများ၌ မေ ၂၁ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အိမ်တစ်လုံးပြိုကျပြီး အိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ရာ အဆိုပါအိမ်များမှ အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို မေ ၂၅ ရက်က ပေးအပ်ခဲ့သည်။

ပျက်စီးခဲ့သော အိမ်သုံးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ကျပ်နှစ်သိန်းနှင့် လူဦးရေ ရှစ်ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၁၆၈၀၀ နှင့်အတူ အိမ်ထောင်စု တစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးတစ်ပုံးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန သာပေါင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးသာနိုင်အောင်နှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများထံ လက်ရောက်ပေးအပ်ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအား စားနပ်ရိက္ခာများလှူဒါန်း

**ရန်ကုန် မေ ၂၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလတွင် တောင်ဥက္ကလာပမြို့နယ် အရန်မီးသတ်တပ်ရင်းမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေစေရန် ပံ့ပိုးကူညီသည့်အနေဖြင့် စားနပ်ရိက္ခာများကို တောင်ဥက္ကလာပမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် We Love South Okkalapa အဖွဲ့တို့ ပူးပေါင်း၍ မေ ၂၅ ရက်က လှူဒါန်းသည်။

လှူဒါန်းသော အခြေခံစားကုန်များကို မြို့နယ် အရန်မီးသတ်တပ်ရင်းမှ ဒုတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက လက်ခံရယူ၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းနှင့် မြို့နယ် အရန်မီးသတ်တပ်ရင်းမှ ဒုတပ်ရင်းမှူး ဦးလှထွန်းတို့က ဦးဆောင်ကာ မြို့နယ်အတွင်း ရပ်ကွက်အသီးသီး၌ နေထိုင်ကြသော မီးသတ်တပ်ဖွဲ့ဝင် ၅၁ ဦးနှင့် မိသားစုများထံသို့ အိမ်တိုင်ရာရောက်ထောက်ပံ့ပေးကြောင်း သိရသည်။

**နေထက်အောင်**

# မြေအိုးများ ဈေးကောင်းရနေသဖြင့် ကျွန်းလှမြို့နယ်မှ မိရိုးဖလာအိုးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ

**ကျွန်းလှ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာမှ မိရိုးဖလာ မြေအိုးလုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် ပြုလုပ်ရောင်းချသည့် မြေအိုးများ ဈေးကောင်းရနေကြောင်း သိရသည်။

ရှမ်းစုကျေးရွာမှ မြေအိုးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုက "ကျွန်မတို့ရွာမှာ မိဘဘိုးဘွားများလက်ထက်ကတည်းက အိုးလုပ်ငန်း လုပ်ကိုင်ခဲ့တာ နှစ် ၁၀၀ ကျော် ရှိပါပြီ။ ကျေးရွာထဲမှာ အိုးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး ကျော်ပါတယ်။ မိသားစုနဲ့ရော အလုပ်သမား ငှားလုပ်တာရော တစ်နေ့ အိုးအလုံး ၄၀ ပြီးပါတယ်။ ကုန်ကြမ်းပစ္စည်းနဲ့ လုပ်အားခနုတ်ပြီး အိုးအလုံး ၂၀ ကျော် အမြတ်ကျန်ပါတယ်" ဟု ပြောသည်။

မြေအိုးလုပ်ရာတွင် အဓိကကျသည့် ရွှံ့စေးမြေကို သုံးဘီးတစ်စီးလျှင် ကျပ် ၁၀၀၀၀ ပေး၍ ဝယ်ရကြောင်း၊ အိုးလုပ်ရန် ရွှံ့စေးမြေ၊ သဲနှင့် အိုးဖုတ်ရန်အတွက် ထင်းများ လိုအပ်ကြောင်း၊ ပြုလုပ်ပြီးသော အိုးများကို ကျွန်းလှမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်များသို့ ပို့ဆောင်ရောင်းချရကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ကော့သောင်း-ရနောင်း ကူးတို့လှေ လုပ်သားများအား ကမ်းဝေးငါးဖမ်းလှေအသင်းက ဟင်းစားငါးများ ထောက်ပံ့

**ကော့သောင်း မေ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှု ကာလအတွင်း စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့ရလျက်ရှိသည့် ကော့သောင်း-ရနောင်း ကူးတို့လှေလုပ်သားအခြေခံလူတန်းစား မိသားစုများအား ကော့သောင်းမြို့ ကမ်းဝေးငါးဖမ်းလှေအသင်းက ဟင်းစားငါးများကို မေ ၂၆ ရက်က ကော့သောင်းမြို့ ဆိပ်ကမ်းရှိ ဓမ္မရုံကူးတို့ဆိပ်၌ လာရောက် ထောက်ပံ့လှူဒါန်းသည်။

ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံကြား ကူးသန်းသွားလာမှုများကို လွန်ခဲ့သည့် မတ်လကတည်းက တားမြစ်ပိတ်ပင်ထားခဲ့ပြီးနောက်တွင် နှစ်နိုင်ငံ နယ်စပ်မြို့များဖြစ်သည့် ကော့သောင်းမြို့နှင့် ရနောင်းမြို့ကြား ပြေးဆွဲလျက်ရှိသည့် ကူးတို့လှေ(ပွဲချိတ်လှေ)လုပ်သားများမှာ ဝင်ငွေကျဆင်းလာပြီး အခြားအလုပ်အကိုင်များကို ကြုံရာရှာဖွေလုပ်ကိုင်ကြသော်လည်း စားဝတ်နေရေးအခက်အခဲများ တစ်စတစ်စ ကြုံတွေ့လာရလျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါ လှေလုပ်သားများ၏ မိသားစုများ စားဝတ်နေရေး တစ်စိတ်တစ်ဒေသ အဆင်ပြေကြစေရေးအတွက် ဟင်းစားငါး ကီလို ၁၀၀၀ ကျော်ကို ပွဲချိတ်လှေလုပ်သား မိသားစုတစ်စုချင်းစီသို့ ကမ်းဝေးငါးဖမ်းလှေအသင်းက ဝေငှထောက်ပံ့ပေးခြင်းဖြစ်သည်။

ထို့အပြင် ကူးတို့လှေလုပ်သား မိသားစုများကြား ရောဂါကူးစက်ဖြစ်ပွားမှု မဖြစ်စေရေးအတွက် မဖြစ်မနေ အပြင်ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြရန်နှင့် ကျန်းမာရေးအသိဖြင့်နေထိုင်ကြရန် အသိပညာပေးခြင်း ကမ်းဝေးငါးဖမ်းလှေအသင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကျောက်မဲမြို့နယ်အတွင်း ခရီးသည်တင်ယာဉ်လိုင်းပေါင်း ၂၇ လိုင်းအနက် အချို့သာ ပြန်လည်ပြေးဆွဲ

**ကျောက်မဲ မေ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ခရီးသည်တင်ယာဉ်များ ပြေးဆွဲခြင်းကို ယာယီရပ်နားထားပြီးနောက် မေလဆန်းပိုင်းမှစ၍ အချို့ယာဉ်ငယ်လိုင်းများ ပြန်လည်ပြေးဆွဲခဲ့သော်လည်း လက်ရှိအချိန်အထိ ယာဉ်ကြီး၊ ယာဉ်ငယ်လိုင်း စုစုပေါင်း ၂၇ လိုင်း ရှိသည့်အနက် ယာဉ်လိုင်းအချို့သာ ပြန်လည်ပြေးဆွဲနေကြောင်း သိရသည်။

ကျောက်မဲ-မုံရွာ ပြေးဆွဲသော Hello နှင့် ရွှေချမ်းသာယာဉ်လိုင်းနှင့် ကျောက်မဲ-တောင်ကြီး ပြေးဆွဲသည့် ရွှေစင်ယာဉ်လိုင်းများသာ ပုံမှန် ပြန်လည်ပြေးဆွဲလျက်ရှိပြီး အချို့ယာဉ်လိုင်းများမှာ ပြေးဆွဲနေသော်လည်း ခရီးသည် တင်ဆောင်ခြင်းမရှိဘဲ ကုန်စည်စီးဆင်းမှု လွယ်ကူစေရန် ကုန်များသာ တင်ဆောင်လျက်ရှိသည်။

ခရီးသည်များ တင်ဆောင်ပြေးဆွဲနေသော ယာဉ်ငယ်လိုင်း သုံးခုသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ပြေးဆွဲနေကြောင်း၊ ခရီးသည်များအား လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဝေပေးခြင်း၊ ခရီးသည်တစ်ဝက်သာ တင်ဆောင်ခြင်း၊ ကားများကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များသည်လည်း သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ စည်းကမ်းလိုက်နာမှု ရှိမရှိကိုလည်း တာဝန်ရှိသူများက ပုံမှန်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**




## ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့က လှိုင်းဘွဲ့မြို့ဈေးများ၌မျက်နှာအကာနှင့် နှာခေါင်းစည်းများ လှူဒါန်း

**လှိုင်းဘွဲ့ မေ ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ မြို့မဈေး၊ ယာယီပျံကျဈေးနှင့် ထီလုံဈေးအတွင်း ဈေးရောင်းချနေသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်နိုင်ရေးအတွက် မျက်နှာအကာများနှင့် နှာခေါင်းစည်းများကို ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများက မေ ၂၆ ရက်တွင် သွားရောက်လှူဒါန်းသည်။



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အဆိုပါဈေးများသို့ ကွင်းဆင်းသွားရောက်၍ ဈေးရောင်းချနေသူများထံသို့ Face Shield နှင့် နှာခေါင်းစည်း အခုရေ ၈၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။

လှိုင်းဘွဲ့မြို့နယ်ရှိ မြို့မဈေး၊ ယာယီပျံကျဈေးနှင့် ထီလုံဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဈေးသည်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ ရောင်းချခွင့်ပြုကြောင်းနှင့် ဈေးဝယ်လာသည့် ပြည်သူများကိုလည်း နှာခေါင်းစည်းများ တပ်ဆင်ထားမှသာ ဈေးဝယ်ခွင့်ပြုထားကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ရေးသုံး ကျန်းမာရေးအထောက်အကူပစ္စည်းများ လှူဒါန်း

**ချင်းရွှေဟော် မေ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မေ ၂၅ ရက်က ပေးအပ်လှူဒါန်းသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နမ့်ဖာဟော် တံတားပေါ်၌ လာရောက် လွှဲပြောင်းလှူဒါန်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်း အခု တစ်သိန်း၊ လက်သန့်ဆေးရည်ဘူး ၅၀၀၀ နှင့် ကိုယ်အပူချိန်တိုင်းကိရိယာ အခု ၅၀ တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ လူကြည့်ဟွင် ဦးဆောင်သည့်အဖွဲ့က လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စား ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း(ဖောင်ဆိပ်) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးက လက်ခံရယူသည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီဝင်များလည်း တက်ရောက်ခဲ့ကြသည်။

**ဇင်ဇင်(ပြန်/ဆက်)**




ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို နမ့်ဖာဟော် နယ်စပ်တံတားပေါ်၌ မြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းလှူဒါန်းစဉ်။

## အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)သို့ လူနာတင်ယာဉ်တစ်စီးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး လွှဲပြောင်းပေးအပ်

**စစ်ကိုင်း မေ ၂၆**

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)သို့ စစ်ကိုင်းမြို့သူမြို့သားများနှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဝယ်ယူထားသော လူနာတင်ယာဉ်နှင့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်နေ ဦးတင်စောမင်း - ဒေါ်ထူးထူးအောင် (Eleven Mobile မိသားစု)က လှူဒါန်းသည့် ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၆ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမအတွင်း ကျင်းပသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သို့ အမှန်တကယ်လိုအပ်နေသောယာဉ်များ လှူဒါန်းပေးသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယာဉ်များကို အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျ အသုံးပြု ဆောင်ရွက်သွားကြစေလိုကြောင်း အမှာစကားပြောကြားပြီး အလှူရှင်များက ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်မိသားစုကလှူဒါန်းသည့် အလှူငွေ ကျပ်သုံးသိန်းကို ဝန်ကြီးချုပ်ကိုယ်စား စစ်ကိုင်းခရိုင် အုပ်ချုပ်ရေးမှူးက ပေးအပ်လှူဒါန်းပြီး စစ်ကိုင်းမြို့မိမြို့ဖအဖွဲ့ ဥက္ကဋ္ဌ မိသားစုကလည်း အလှူငွေ ကျပ် ၁၀ သိန်းကို အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့(စစ်ကိုင်း)သို့ပေးအပ်လှူဒါန်းသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟားခါးမြို့နယ်အတွင်း မြစိမ်းရောင်ရန်ပုံငွေဖြင့် တည်ထောင်လုပ်ကိုင်နေသည့် ငါးမွေးကန်များ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

**ဟားခါး မေ ၂၆**

ချင်းပြည်နယ် ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ၌ မြစိမ်းရောင်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူရေးကန်များ၌ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိစေရေးအတွက် ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနပြည်နယ်ငါးသားဖောက်စခန်း (ရမ်ထလို)မှ စခန်းတာဝန်ခံ ဦးစိုးပိုင်သူနှင့် ဝန်ထမ်းများက မေ ၂၆ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

စခန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကျေးရွာရှိ ငါးမွေးမြူရေးကန်အတွင်း မွေးမြူထားသော ရွှေဝါငါးကြင်းများမှ မျိုးငါးများကို ဖမ်းယူ၍ စိစစ်ရွေးချယ်ပြီးနောက် လက်တွေ့သားဖောက်နည်းများ ပြသ၍ ငါးသားဖောက်ခြင်းများ ဆောင်ရွက်ပေးခဲ့သလို ငါးမှုံ၊ ငါးသန်ပြုစုခြင်း နည်းပညာများကိုလည်း ဒေသခံငါးမွေးသူများအား ပြသ၍ အသိပညာပေးခဲ့သည်။

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ဒေသအတွင်း ငါးစားသုံးမှု ဖူလုံရေးကို အထောက်အကူဖြစ်စေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိ၍ စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသနှင့်ကိုက်ညီပြီး ကြီးထွားမှုနှုန်းကောင်းသည့် ငါးမျိုးများကို စိစစ်မွေးမြူနိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်၍ ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်မှု ရှိစေရေး၊ ငါးမွေးမြူရေးလုပ်ကိုင်သည့် မိသားစုများ၏ ဝင်ငွေ တိုးပွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**



# ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့်ပို့၍ သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**

သက်ရှည်ကျန်းမာဧကမ္ဘာဆေးလုံး
သွေးတိုး၊ နလုံး၊ လေငန်း၊ ဆီးချို ကြိုတင်ကာကွယ်ဆေး
အမှတ် - ၂၈၊ မြောက်ဖက်တန်း(အပေါ်ထပ်)ပိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၁၁၆
0311YR003534

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလေးခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၈

ဒေါ်ချိုချိုဌေး **နှင့်** ၁။ ဒေါ်မာမာဦး
၂။ ဦးဇော်ဝင်းနိုင်(ခ)နောင်နောင်

**တရားလို** **တရားပြိုင်များ**

ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဝင်းလဲ့ရွှေရည်အထည်ဆိုင်၊ လေယာဉ်ကွင်းတိုက်တန်းနေ (၁)တရားပြိုင် ဒေါ်မာမာဦး (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်များယူထားသည့် ပတ္တမြားကျောက်ထုပ် (၂)ထုပ်ရလိုမှု(သို့မဟုတ်)ယူထားသည့် ပတ္တမြားကျောက်ထုပ်(၂)ထုပ်၏ ကာလတန်ဖိုးငွေ-၁၀၀၀၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ထောင်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ရက် (၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းထိုက်ဦး)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ခုံအမှတ် မနမ-၈၂၈ ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သော မဂျူးစီမောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၅/ရဘန(နိုင်)၀၀၂၀၂၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ သမန္တာကျေးရွာ မူလတန်း(လွန်)ကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့် ၅/မရန(နိုင်)၁၁၀၁၀၂နှင့် ဒေါ်မြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်နှင့် ကုန်အမှတ်တံဆိပ်အား ခွင့်ပြုချက်မရှိဘဲ အသုံးပြုနေသူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်နယ်မြေ၊ ရွှေပြည်အေးတောင်(၂)လမ်း၊ အမှတ်-၁၇နေ ဦးသန်းထွန်းအောင် ၁၀/မလမ(နိုင်)၀၄၁၈၅၇ သည် MAHAR KHAYEE Company Limited (Reg No-125615414) မှ ထုတ်ဝေရောင်းချ၊ ဖြန့်ချိ သုံးစွဲသော ရွှေသံလွင် သဘာဝအုန်းဆီအမှတ်တံဆိပ်အား ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ရွှေသံလွင် သဘာဝအုန်းဆီမွှေး အမည်ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်ဝေရောင်းချ၊ ဖြန့်ချိ သုံးစွဲနိုင်ရန်အတွက် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ် (၃၂၁/၂၀၁၄) ဖြင့် တရားဝင်မှတ်ပုံတင်ပြီး ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးသန်းထွန်းအောင်၏ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်ဖြစ်သော ရွှေသံလွင် အမှတ်တံဆိပ်အား အသုံးပြု၍ ဈေးကွက်တွင် သဘာဝအုန်းဆီမွှေး၊ သံလွင်ဆီ၊ စားသုံးဆီ အစရှိသောကုန်ပစ္စည်းအမျိုးမျိုးအား ဆင်တူယိုးမှားအတုပြုလုပ်၍ ဖြန့်ဖြူးနေသည်ကိုတွေ့ရှိရသဖြင့် ယခုကြေညာသည့်ရက်မှစ၍ ရွှေသံလွင် ကုန်အမှတ်တံဆိပ်အမည်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထွန်းအောင်မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုပြုလုပ်၍ ဖြန့်ဖြူးရောင်းချနေခြင်းအား ဖျက်သိမ်းပေးရန်နှင့် ဈေးကွက်အတွင်း၌ ရွှေသံလွင် ကုန်အမှတ်တံဆိပ်အမည်ဖြင့် ဆင်တူယိုးမှားအတုပြုလုပ်ထားသည်ကို ထပ်မံတွေ့ရှိပါက ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်စည်သူ**
**LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၁၁၅၅**
**ဖုန်း-၀၉-၉၇၆၇၈၄၃၀၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ခိုင်ရွှေဝါလမ်း၊အမှတ်(၈)၊ (၃)ရပ်ကွက်နေ ဦးလှိုင်ဝင်းအောင် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅)၊ မြေကွက်အမှတ်(၂၀၆)၊ဧရိယာ ၀ ဒသမ ၀၈၆ ဟုခေါ်တွင်သော အလျား ၅၀ ပေxအနံ ၇၅ ပေပေါ်ရှိနေအိမ် ၄၀ပေx၄၅ပေ တစ်လုံးနှင့်၎င်းမြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၂၅-၄-၂၀၁၉ ရက်တွင် အမှတ်(၉၂)၊ ကျန်စစ်သားလမ်း၊(၆)ရပ်ကွက်၊ဖွံ့ဖြိုးအောင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးနေ ဦးစိုင်းမျိုးမှ ဝယ်ယူပြီးဖြစ်ပါ၍ ယခုအခါစာချုပ်စာတမ်းရုံးတွင် အမည်ပြောင်းလဲခြင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဦးစိုင်းမျိုး ဖုန်း-၀၉-၅၃၀၂၀၂၇**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၂၂)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၁ နှင့်ဆက်နွှယ်သည့်
## ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၂၅

ဒေါ်ရန်ရှုဖင့် **နှင့်** ဦးတင်အေး
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြည်ကြီးတံခွန်မြို့နယ်၊(ဂ)ရပ်ကွက် အကွက်အမှတ် အ-၈/ဦးပိုင်အမှတ် -၂၀ နေ ဦးတင်အေး သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်- ၁၀၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၉ ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်၊ အမှတ်(၁၃၀/၁၃၁)၊ ဗဟိုလမ်း (ယခင်ဦးဘဟန်လမ်း)မရမ်းကုန်းမြို့နယ်ရှိ မြေနေရာ၌ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ (၄)လွှာ၊ အလယ်ခန်း(၄-ဘီ)နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လက်ရှိ ပိုင်ဆိုင်ထားသော ဒေါ်ကြည်ကြည်ဝင်း ၁၂/မရက(နိုင်)၀၂၅၈၈၈ အမှတ်(၁၃၀/၁၃၁) မြေညီထပ် ဗဟိုလမ်း၊ (၂)ရပ်ကွက်ထံမှ ကျွန်မဒေါ်စိုးသီခိုင် ၁၂/စခန(နိုင်)၀၆၄၇၇၁က ၁၇-၁၀-၂၀၁၉ ရက်တွင် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးသီခိုင်**
**၁၂/စခန(နိုင်)၀၆၄၇၇၁**
**အမှတ်(၁၀၀)**
**အေးမြသာစည်လမ်း၊**
**(၂)ရပ်ကွက်၊ မရမ်းကုန်း**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ တောင်ကြီးမြို့နယ်နှင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

- Lot-1 တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်းအဆင့်မြှင့်တင်ခြင်း(AC လမ်းခင်းခြင်း၊ လမ်းနယ်တိုးချဲ့ခြင်းနှင့် ရေမြောင်းပလက်ဖောင်းပြုလုပ်ခြင်း လုပ်ငန်းများအပါအဝင်) (စိန်ဆေးရုံမှ ကျားခေါင်းလမ်းအထိ)
- Lot-2 လားရှိုးမြို့၊ လမ်းမတော်လမ်းနှင့်သိန္နီလမ်းတို့အား လမ်းသားအခြေခံ အလွှာခင်းခြင်း၊ AC လမ်းခင်းခြင်းနှင့် Road Paint ရေးဆွဲခြင်း (လားရှိုးမြို့တော်ခန်းမအဝိုင်းပတ်မှ ဈေးပတ်လမ်းအပါအဝင် သုံးမြောင့်ရေပန်းလမ်းဆုံအထိ)

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ** | - | ၂၇-၅-၂၀၂၀ ရက်မှ |
| | **ရောင်းချမည့်ရက်/အချိန်** | | ၂၆-၆-၂၀၂၀ ရက်အထိ(ရုံးချိန်အတွင်း)။ |
| | **တင်ဒါတင်သွင်းရမည့်** | - | ၂၆-၆-၂၀၂၀ ရက် (သောကြာနေ့) |
| | **နောက်ဆုံးရက်/အချိန်** | | ရုံးချိန်အတွင်း။ |
| | **တင်ဒါတင်သွင်းရမည့်နေရာ** | - | ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့ |
| | **တင်ဒါဖွင့်လှစ်မည့်ရက်** | - | သီးခြားအကြောင်းကြားပါမည်။ |

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၉၁၅ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ကေဗွီဘားအံ-(သထုံ-မော်လမြိုင်) ဓာတ်အားလိုင်း၊ ၂၃၀ကေဗွီ မော်လမြိုင်-မြဝတီဓာတ်အားလိုင်း၊ ၂၃၀ကေဗွီ တောင်ငူ(ဟင်းငုတ်ပင်)ဓာတ်အားခွဲရုံတိုးချဲ့ခြင်းနှင့် ၂၃၀ ကေဗွီသပြေဝ(မိတ္ထီလာ)ဓာတ်အားခွဲရုံတိုးချဲ့ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေနှင့်သံချောင်းလုံးများဝယ်ယူရန် တင်ဒါအမှတ် - 49(T)/DPTSC (PTP)/2019-2020 (မြန်မာကျပ်ငွေ) DDP(At Site)ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၆-၆-၂၀၂၀)ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၈၊ မြေကွက်အမှတ်-၁၁၁၃/ခ၊ မြေကွက်တည်နေရာ အမှတ်-၁၁၁၃/ခ၊၈၈ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ဒေါ်မြအေး ၁၂/သဃက(နိုင်)၁၀၃၂၆၉ အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပါ ဒေါ်မြအေးထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ၂၅-၅-၂၀၁၅ရက်တွင်ဝယ်ယူသူ ဒေါ်စောကြည် ၁၁/မအန(နိုင်)၀၂၅၈၂၃မှ ပါမစ်မူရင်း၊ စာချုပ်ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ၆-၂-၂၀၁၉ ရက်တွင် ဂရန်သစ်လျှောက်ထားခဲ့ပါသည်။ တင်ပြပါမစ်တွင် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တို့သာပါရှိပြီး ဓာတ်ပုံနှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများ စာရင်းစာရွက် မပါရှိပါ။လျှောက်ထားသူမှ မြေချပါမစ်ရှိ ဓာတ်ပုံမူရင်းနှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်မူရင်းတို့မှာ ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ/ပေါင်နှံ/ပေးကမ်း/ စွန့်လွှတ်/ လွှဲဒါန်း/ အာမခံအဖြစ်တင်သွင်းထားခြင်းမရှိကြောင်း ပြဿနာတစ်စုံတစ်ရာပေါ်ပါက တာဝန်ယူကြောင်း မြောက်ဥက္ကလာပမြို့နယ်၊ ကျမ်းကျိန်သူအရာရှိရှေ့မှောက်၌ကျမ်းကျိန်ဆိုခဲ့သော ကျမ်းကျိန်လွှာ အမှတ်(၁/၁၅၀၃/၁၉)(၃၀-၁-၂၀၁၉)ကို တင်ပြ၍ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးမရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မြေကွက်အမှတ်(၂၅/ခ) အမှတ်(၅၇၁)၊ ဦးထွန်းရှိန်လမ်း၊ အကျယ်အဝန်း ၁၈ပေx၄၀ပေ၊(၅)လွှာ၊ရေမီးပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသော ဒေါ်စိုးသီခိုင် ၁၂/စခန(နိုင်)၀၆၄၇၇၁ထံမှဝယ်ယူရန် ကျွန်မ ဒေါ်လင်းလင်းဦး ၁၀/ရမန(နိုင်) ၀၉၄၅၄၈ က ၂၃-၅-၂၀၂၀ ရက်တွင် စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လင်းလင်းဦး**
**၁၀/ရမန(နိုင်)၀၉၄၅၄၈**
**ဇီးဖြူသောင်ကျေးရွာ၊ ရေးမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ် ဆ/ကရပ်ကွက်၊ သမာဓိ(၄) လမ်း၊ အမှတ်(၉)၊ လေးလွှာ၊ (ခေါင်းရင်းခန်း)တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သဉ္ဇာမျိုး ၁၂/ဗတထ(နိုင်) ၀၃၃၆၁၁ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ထက်ထက်လှိုင် ၁၂/ဗဟန(နိုင်)၀၇၆၆၇၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ ၃ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးသိမ်းထူး(B.A,H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၃၅၄၉)**
**အမှတ်(၈၁)၊ရတနာမဉ္ဇူလမ်း၊**
**ဆ/ကရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၇၃၀၁၉၁၀၅၊၀၉-၇၉၉၂၁၆၅၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဖျာပုံခရိုင်ရုံးတွင် မှတ်ပုံတင်ထားသော ရတနာဝင်း အမည်ရှိ ငါးဖမ်းစက်လှေ မှတ်ပုံတင်အမှတ် (DMA/DPP/0421) စုစုပေါင်းတန်ချိန် ၁၆.၇၈ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးအေးကို ၁၄/ဖပန(နိုင်)၀၆၃၇၄၁ အမည်မှ ဦးလှမျိုးဦး ၁၄/ဖပန(နိုင်)၁၀၃၅၃၀ ကနိချောင်းဝကျေးရွာ၊ ဖျာပုံမြို့နယ်သို့ ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခရိုင်ဦးစီးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဖျာပုံခရိုင်ရုံးသို့လိပ်မူ၍ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ရှင်အမည်ပြောင်းလဲခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ဖျာပုံခရိုင်ရုံး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း
## မဟေမာမျိုးဝင်း ၁၃/တကန(နိုင်)၂၀၄၂၁၁ နှင့်
## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ကန်သာရပ်ကွက်၊ နယ်မြေ (၁၄)၊ မင်္ဂလာလမ်း၊ အိမ်အမှတ် (၃၇)နေ ဦးမျိုးဝင်း ၁၃/တကန(နိုင်)၀၈၅၆၁၁ နှင့် ဒေါ်ညိုညိုမြင့် ၁၃/တကန(နိုင်) ၀၈၅၆၁၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမျိုးဝင်းနှင့် ဒေါ်ညိုညိုတို့၏သမီးဖြစ်သူ မဟေမာမျိုးဝင်း ၁၃/တကန(နိုင်)၂၀၄၂၁၁သည် မိဘနှစ်ပါးနှင့် မိသားစုအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ဘဲ လုံးဝပတ်သက်မှု မရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးဝင်းနှင့် ဒေါ်ညိုညိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးမောင်မောင် (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၆၀၅၂/၂၀၁၉(၁၇-၉-၂၀၁၉)**
**မ/၂၈၇၊ နယ်မြေ (၁၀)၊ သီတာလမ်း**
**ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်း၊ ဇေယျာသုခလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော တဲအိမ်ငယ်လေးနှင့်တကွ ၎င်းတဲအိမ်ငယ်လေးဆောက်လုပ်ထားသော မြေအကျယ်(၂၇ပေX၅၈ပေ)ရှိ မြေကွက်ကို ပိုင်ရှင်ဖြစ်သည့် မှတ်ပုံတင်အမှတ်-CF-၀၄၆၁၁၇ ကိုင်ဆောင်သူ ဦးအောင်တင်ဆိုသူထံမှ ၁-၅-၁၉၉၆ရက်စွဲပါ စာချုပ်ဖြင့် (ဘ)ဦးကျော်သောင်း၏သမီး ၁၂/သဃက(နိုင်)၁၁၀၇၁၁ ကိုင်ဆောင်သူ ဒေါ်အမာကြည်က ဝယ်ယူပိုင်ဆိုင်ပြီးနောက် အုတ်ညှပ်(၂)ထပ်တိုက်ခံအိမ်ကို ဒေါ်အမာကြည်၏ငွေကြေးများဖြင့် ဆောက်လုပ်ခဲ့ကြောင်း ထို့ကြောင့် ဖော်ပြပါအိမ်နှင့်မြေကွက်သည် ဒေါ်အမာကြည် တစ်ဦးတည်းကသာ လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အခြားသူတစ်ပါးသို့ ငှားရမ်းထားခြင်း၊ အာမခံအပေါင်ပစ္စည်းအဖြစ်တင်သွင်း၍ ငွေချေးငှားခြင်းလည်း ပြုလုပ်မထားပါကြောင်း၊ ဖော်ပြပါ ဒေါ်အမာကြည်ပိုင်နေအိမ်တွင် သမီး မဇာဇာလင်းမိသားစု၊ သားကိုနိုင်ထွန်းလင်းနှင့် ၎င်း၏ဇနီး မသိမ့်သိမ့်အောင် မိသားစုတို့ကို မိခင်ဒေါ်အမာကြည်က မေတ္တာဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားခြင်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **ဒေါ်အမာကြည်၏ လွှဲအပ်ညွှန်ကြားမှုအရ-**

**ဦးထွန်းမြင့် (စဉ်/၁၅၅၉၆)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၄၈၆၅၇၃၂၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ဦးထွန်းလှ (၁၁/မပတ(နိုင်) ၀၀၉၉၁၈)-ဒေါ်မာလာကြည် (၁၁/ကဖန (နိုင်) ၀၀၀၁၄၂)၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ မချိုမီဇင်(၁၂/ဗဟန(နိုင်)၁၀၆၅၆၈)သည် မိဘနှစ်ပါး၏ ဆိုဆုံးမစကားကို မနာခံဘဲ စိတ်ဆင်းရဲအောင် ဆောင်ရွက်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်း သွားပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေများမှ မချိုမီဇင်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စများကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှမြတ်ကျော်** **ဒေါ်လှဲ့လှဲ့မွန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်၁၀၆၈၈)** **အထက်တန်းရှေ့နေ(စဉ်၅၀၆၁၇)**
**တိုက်(၂၇၄)၊ အခန်း (၁)၊ ရန်ကင်းလမ်း၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၆၂၃၅၆၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၂/၁က)၊ ဦးပိုင်အမှတ် (၁၃၁)၊ မြေရေိယာ ၀ ဒသမ ၁၈၃ ကေရှိ မြေကွက်ကို ဦးရီစွတ်အမည်ဖြင့် ၂၉-၁၂-၂၀၁၀ ရက်ထိ (၁၅)နှစ် မြေငှားဂရန်သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး ၁၀-၁၀-၂၀၀၀ ရက်တွင် ဦးရီစွတ်ထံမှ ဒေါ်မရန်ထုဂျာက နှစ်ဦးသဘောတူအိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်မရန်ထုဂျာအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၄-၁၁-၂၀၁၉ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ် (၈၄၅/၂၀၁၉)ကို ၃-၁၂-၂၀၁၉ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၃၇/၂၀၁၉)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၂/၁က)၊ ဦးပိုင်အမှတ် (၃၇)၊ မြေရေိယာ ၀ ဒသမ ၁၄၇ ကေရှိမြေကွက်ကို ဒေါ်မီးရွှယ်အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ နှစ်(၃၀)ဂရန်သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး ၁၀-၁၁-၂၀၀၃ ရက်တွင် ဒေါ်မီးရွှယ်ထံမှ ဒေါ်မရန်ထုဂျာက နှစ်ဦးသဘောတူအိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်မရန်ထုဂျာ ၁/မကန(နိုင်)၀၉၁၀၄၄ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် ၂၄-၁-၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ် (၆၂/၂၀၂၀)ကို ၇-၂-၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၄၁/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၉/၄၇ သံဒင်းရပ်ကွက်၊ စံပယ်လမ်းနှင့် ရွှေသဇင်လမ်းထောင့်၊ အမှတ် ၇၀၂ တွင် Shwe Pyi Thit သောက်ရေသန့် အမည်ဖြင့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ သောက်ရေသန့် စက်ရုံများမှ အမည်တူရှိနေပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းဝင်း (ပိုင်ရှင်)**
**ဖုန်း-၀၉-၄၃၁၅၅၉၆၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ မြို့မရပ်ကွက်၊ စစ်တန်းရပ်နေ (ဦးဂျီဖ)-ဒေါ်ညွန့်ရီတို့၏သား ဖိလစ်မုံ(ခ)ဖိလစ်မူ နိုင်ငံသားစိစစ်ရေးကတ်-လျှောက်ထားဆဲ)သည် အတူနေ မိသားစုဝင်များအား စိတ်အနှောင့်အယှက်ဖြစ်အောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိခင် - ဒေါ်ညွန့်ရီ**
**၉/မကန(နိုင်)၀၄၄၈၉၃**
**မိုးကုတ်မြို့**

## ပြင်ဆင်ဖတ်ရှုရန်

၂၀-၅-၂၀၂၀ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ (၂၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာစာတွင် ဒေါ်ဇာဇာဝင်း အစား ဒေါ်ဇာဇာမင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/5537 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၇၀၀၇)၊ မြေရေိယာ(၀ဒသမ၁၁၀)ကေရှိ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း (ဘ)ဦးကျော် ၉/မမန(နိုင်)၀၁၃၇၄၃ အမည်ပေါက် နှစ် ၃၀မြေငှားစာချုပ် မြေကွက်အား ဒုတိယဗိုလ်မှူးကြီးတင်ထွန်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၇၀/၂၀၂၀)ရရှိထားသူ ဒေါ်ခင်သန္တာအောင် (ဘ) ဦးတင်အောင် ၉/မရမ(နိုင်) ၀၄၀၅၃၃မှ နှစ် ၃၀ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၇၀/၂၀၂၀)မူရင်းများတင်ပြ၍ ဦးမိုးဇော် ၇/ရတန(နိုင်) ၀၀၄၈၄၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/မြို့မမြောက်ရပ်)၊ သုခဒီပရပ်ကွက်၊ မြေရေိယာ ၀ဒသမ ၁၁၀ကေရှိ ဒေါ်ခင်စိုးကျော် ၅/မမတ(နိုင်) ၀၄၉၂၂၀ (ဘ)ဦးကျော် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၂၉၇၁)ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကိုယ်စားလှယ်လွှဲစာအမှတ်ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်စိုးဝင်း ၉/မခန(နိုင်) ၀၇၁၂၁၇ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ၁၃ ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သဖြင့် On Line ဖြင့်အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**နေ့/ရက်** - ၇-၆-၂၀၂၀ရက်(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀ နာရီ

အစည်းအဝေး ကျင်းပမည့် Link သို့ ဝင်ရောက်နိုင်ရန် အသင်းဝင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ PAPP Registration No. နှင့် email တို့ကို email: 13agmmicpa @ gmail.cpm သို့ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်-

ဤအစည်းအဝေးတက်ရောက်ခြင်းအတွက် CPD နှစ်နာရီ ခွင့်ပြုပါမည်။

**မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်းအား ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး(၆)ထပ် တည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန် ၁၈-၅-၂၀၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၉)နှင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၈)တို့တွင် ကြော်ငြာထားသည့် အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့် ၂၂-၅-၂၀၂၀ရက် အစား **၈-၆-၂၀၂၀ရက်နှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ၂-၆-၂၀၂၀ရက် အစား ၂၂-၆-၂၀၂၀ ရက်အဖြစ်** ပြောင်းလဲပြင်ဆင်သတ်မှတ်ကြောင်း အသိပေး ကြေညာ အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရန်ကုန်အနောက်ပိုင်းခရိုင်သို့ လာရောက် စုံစမ်းနိုင်ပါသည်။

(ဖုန်း-၀၁-၅၃၆၁၇၁)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## MICPA's CPD Online Live Webinar

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ CPD Online Live Webinar ကို အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

Topic:Coronavirus (Covid-19)-Insights on Audit of Financial Statements

Date/Time:7-6-2020, Sunday, 8:00 to 10:00 am

Speaker: Dr. Tin Latt, Vice Chairman, MICPA

Online Live Webinar သို့ လူဦးရေ ၅၀၀ ခန့်လက်ခံမည်ဖြစ်ပါသည်။ တက်ရောက်လိုသူများအနေဖြင့် မှတ်ပုံတင်ကြေး ကျပ် ၁၀,၀၀၀ ကိုအသင်းရုံးခန်းသို့ဖြစ်စေ၊ UAB Bank ရှိဘဏ်စာရင်းအမှတ် 048010100001203 သို့ဖြစ်စေ၊ KBZ Bank ရှိ ဘဏ်စာရင်းအမှတ် 06110306101531301 သို့ဖြစ်စေ ပေးသွင်း၍ တက်ရောက်နိုင်ပါသည်။ ငွေပေးသွင်းမည့်သူများအနေဖြင့် သတ်မှတ်ဦးရေ ပြည့်သွားခြင်းရှိမရှိ အသင်းရုံးဖုန်းအမှတ် ၀၉-၃၁၇၁၈၁၄၉ သို့ ဦးစွာစုံစမ်းပြီးမှ ငွေပေးသွင်းရန် ဖြစ်ပါသည်။

Online Live Webinar သို့ ဝင်ရောက်ရန် email ဖြင့် ဖိတ်ကြားရမည်ဖြစ်၍ ငွေပေးသွင်းသူ တစ်ဦးချင်းအနေဖြင့်လက်ရှိအသုံးပြုနေသော /အသုံးပြု၍ရသော email address ကို မဖြစ်မနေပေးရန် လိုအပ်ပါသည်။ ဘဏ်စာရင်းသို့ ပေးသွင်းသူများအနေဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် PPA Reg No.(ရှိပါက)၊ email address နှင့် ငွေပေးသွင်းထားသည့် အထောက်အထားများကို အသင်း၏ email: 19cpamm@gmail.com သို့ မပျက်မကွက်ပေးပို့ရမည်ဖြစ်ပြီး ပေးပို့ရန်ပျက်ကွက်ပါက CPD လက်မှတ်ထုတ်ပေးမည်မဟုတ်ပါ။

Webinar တွင် zoom application ကို အသုံးပြုမည်ဖြစ်ပါသည်။ Internet Access ရရှိသည့်နယ်မှ အသင်းဝင်များလည်း တက်ရောက် နိုင်ပါသည်။ ယခု ကျင်းပမည့် Webinar အတွက် CPD နှစ်နာရီသတ်မှတ်ပေးပါမည်။ ဤဟောပြောပွဲ အပြီးတွင် MICPA အသင်း၏ ၁၃ ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်၍ ဆက်လက်တက်ရောက်နိုင်ပါသည်။ အသေးစိတ်ကို အသင်းရုံးဖုန်းသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## အများပြည်သူသိရှိရန် ကြေညာချက်

ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ Cam Capital Microfinance Co.,Ltdတွင် Chief Finance Officer အဖြစ်တာဝန်ထမ်းဆောင်နေသော ကမ္ဘောဒီးယား နိုင်ငံသား Mr.Kay Bunhan (Passport No- 1253740)အား ဒါရိုက်တာအဖြစ် ၂၀၂၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ကြောင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၈ရက်စွဲပါ စာအမှတ် ငစက/ကက-၆(၇၄/၂၀၁၅)အရ အများပြည်သူသိရှိစေရန်နှင့် Cam Capital Microfinance မှ ငွေကြေးဝန်ဆောင်မှုပေးနေသော အသင်းသားများ သိရှိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၊ Cam Capital Microfinance Co.,Ltd**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၂၈၃)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဦးညဏ်ထွန်းအမည်ပေါက် မြေကွက်အား ဦးစိုးထိုက်(ဘ)ဦးသိန်းထိုက် ၉/ပမန(ဧည့်) ၀၀၀၁၃၅မှ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦး ရေစာရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ရက် အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃) ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမ အထွေထွေမှုအမှတ် - ၆၀

ဒေါ်စိန်တင်
အမှတ်(S/71)စိန်ချယ်လမ်း၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ကွယ်လွန်သူ J.D Silva (ခ)John De Silva ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၆၈)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ J.D Silva (ခ)John De Silva ၏ ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်စိန်တင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့်ဤအမှုကို ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်(၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်) နံနက်၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ J.D Silva (ခ)John De Silva ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွား တစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက် (၁၃၈၂ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်) နံနက်၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာ မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ -၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စိန်တင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင် ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၀ပြည့်နှစ် မေ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) အင်းစိန်မြို့နယ်တရားရုံးတော် ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် -၆

| | | |
|---|---|---|
| ဦးမျိုးအောင် | နှင့် | ၁။ ဦးလှ<br>၂။ ဦးမြင့်စိုး<br>၃။ ဒေါ်ခင်အေး |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၃)နေ (၂)တရားပြိုင် ဦးမြင့်စိုး၊ (၃) တရားပြိုင် ဒေါ်ခင်အေးတို့သိစေရမည်။

သင်တို့ပေါ်၌တရားလိုက ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇွန် ၁၂ရက် (၁၃၈၂ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူများတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့်သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမမ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**အင်းစိန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ငွေသီရိလမ်းနှင့် ငွေသီရိ(၂)လမ်းထောင့်၊ အမှတ်(၇၄၂)၊ ဧရိယာ ပေ(၂၀x၆၀)အကျယ်အဝန်းရှိ ပဉ္စမထပ် (၅)လွှာ (ခြေရင်းခန်း)ကို ကန်ထရိုက်တာဒေါ်နီနီဦး ၉/မတလ(နိုင်)၁၄၄၃၂၄မှ ၎င်းပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုကာ ကြိုပွဲခွင့်စနစ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ၍ ကန့် ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးစိန်**
**LLB,DBL,DML,DA,PSY**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၈၀)(၁၅-၈-၂၀၁၉)**
**ဖုန်း-၀၉-၈၅၉၇၂၇၆၅၇၊ ၀၉-၇၃၁၈၄၆၄၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ မြေတိုင်းရပ်ကွက် အမှတ်၂၀၊ မြေကွက်အမှတ် ၃၇၆၊မင်းရဲ ကျော်စွာလမ်း၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) အကျယ်ရှိ ဦးအေးတင် အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော မြေကွက်အား မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းဖြစ်သည့် အကျယ်အဝန်း (၁၁ပေ x ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေသဇင်ဝင်း ၁၂/ ဥကမ(နိုင်)၂၀၀၉၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်နေအိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ် ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၂၇) အမှတ် ၂၁၊ ဥသဿဖယားလမ်း၊**
**ကျိုက္ကဆံရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၁၅၀၇**

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ နံ့ပါတ်ကျေးရွာနေ ဦးအောင်သန်းစိန် ၁၄/မမန(နိုင်) ၀၃၄၅၈၆-ဒေါ်သန်းညွန့် ၅/မလန(နိုင်) ၀၂၆၂၃၈တို့၏သမီး မနန်းအိဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းအရ (၁-၁-၂၀၀၆) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အထက ကြက်ဖမွေးဇောင်းကျေးရွာ GRADE-9 မှ ဦးကျော်လွင်ဦး၏ သမီး မရွှန်း လဲ့လဲ့ကျော်အား မစံယွန်းမေဟု ပြောင်းလဲခေါ်ပါရန်။

**မစံယွန်းမေ**

## အမည်ပြောင်း

ကျောက်ဖြူမြို့၊ အရာရှိရပ်ကွက်နေ ဦးအောင်တင်ဦး ၁၁/ကဖန(နိုင်) ၀၆၃၀၈၉၈၏သား မောင်မြတ်ဘုန်းသခ်အား မောင်ဘုန်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းသန့်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ ဦးမျိုးနိုင်အမည် ပေါက် မြေကွက်အမှတ်(၂၈၀)၊ ဧရိယာ(၀ဒသမ၀၅၅)ကေနှင့် ဦးမောင်မောင် အမည်ပေါက် မြေကွက်အမှတ် (၃၂၈)ဧရိယာ(၀ဒသမ၀၅၅)ကေ ပေ (၄၀x၆၀)မြေကွက်(၂)ကွက်အား ဦးစိုးထိုက်(ဘ)ဦးသိန်းထိုက် ၉/ပမန(ဧည့်) ၀၀၀၁၃၅မှ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံပြုချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ နဝဒေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ မြေရေိယာ ၀ဒသမ ၁၁၀ ကေရှိ အရာခံဗိုလ် အောင်ရွှေ ၁၃/တကန(နိုင်)၀၁၆၀၇၅ (ဘ)ဦးကျောက် အမည်ပေါက် ပါမစ်မြေကွက် အမှတ် ပစ(B)၁၅၂၂ ကို အမည်ပေါက် (ကွယ်လွန်) ၏တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ် ၁၃/တကန (နိုင်) ၀၁၆၀၇၆ (ဘ)ဦးလှ မှ မှတ်ပုံတင်နှင့် အိမ်ထောင်စု လူဦးရေ စာရင်းမိတ္တူ၊ မြေကွက်ဖိုးသွင်းချလံ၊ တရားဝင် အမွေခံဇနီးဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း ၊ သေဆုံးခြင်း လက်မှတ် အဆောက်အအုံ ဓာတ်ပုံများ တင်ပြ၍ ၎င်းအမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

**မီးသတိပြု**

# ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှ တတိယအကြိမ်အဖြစ် ပြန်လည်ဝင်ရောက်



ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားများအား ကော့သောင်းမြို့ မြို့မဆိပ်ကမ်းတံတားတွင် တွေ့ရစဉ်။

**ကော့သောင်း မေ ၂၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကာလကြောင့် မြန်မာနိုင်ငံသို့ ပြန်လာချင်သော်လည်း ထိုင်းနိုင်ငံတွင် ပိတ်မိနေသည့် မြန်မာအလုပ်သမား အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၈၅ ဦး စုစုပေါင်း အလုပ်သမား ၁၂၄ ဦး မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ယနေ့ နံနက်ပိုင်းက ရေလမ်းခရီးဖြင့် မြို့မဆိပ်ကမ်းတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကာလဖြစ်နေသဖြင့် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ကြန့်ကြာနေခဲ့ခြင်းဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ယနေ့တတိယအကြိမ်မြောက်အဖြစ် လာရောက်လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။

လာရောက်လွှဲပြောင်းပေးအပ်သည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါ သံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများဆောင်ရွက်ပေးခဲ့ကြသည်။

လာရောက်လွှဲပြောင်းပေးအပ်သူများမှာ ကော့သောင်းဒေသခံများအပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဖြစ်ကြပြီး ကိုဗစ်-၁၉

*စာမျက်နှာ ၁၀ ကော်လံ ၅* ✻

## အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များ သိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/ Transponder(VMS ကိရိယာ)များကို ၃၁-၁-၂၀၂၀ ရက်နေ့တွင် တပ်ဆင်ခဲ့ပြီးဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာန၏ VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ၁-၂-၂၀၂၀ ရက်နေ့မှ ၃၁-၅-၂၀၂၀ ရက်နေ့အထိ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ Marine Protected Area အဖြစ် သတ်မှတ်ထားသော လန်ပိကျွန်းဧရိယာနှင့် တားမြစ်ထားသည့်ငါးဖမ်းကွက် ( F13, F14, F20, F21)များအတွင်းသို့ ဝင်ရောက် ငါးဖမ်းဆီးသော စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ တရားဝင်ရေယာဉ်ကိုယ်စားလှယ်များအား ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ အလားတူ စည်းကမ်းဖောက်ဖျက်မှုမျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ် အပါအဝင် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင် သတင်းစာများတွင် ကြေညာခြင်း၊ MRTV ရုပ်သံတို့မှ အသိပေးကြေညာခြင်းနှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်စာရင်းအား

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒

## ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးတံတားအမှတ် (၂) မှ ယနေ့အထိ ပြန်လည်ဝင်ရောက်လာသူ ၅၀၀၀ ကျော်ရှိ

**မြဝတီ မေ ၂၆**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်မှစ၍ လက်ခံခဲ့ရာ ယနေ့တွင် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၁၃၉၄ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၄၆၂ ဦးသည် ကား ၂၂ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှုအရ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၉၃၂ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻

### ရေဝတီမြစ်ရေကြီးမှု အခြေအနေ

## မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများ ဂရုပြုရန်

**နေပြည်တော် မေ ၂၆**

ရေဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် မေ ၂၃ ရက်မှ ၂၅ ရက်အထိ ၇ ပေခွဲခန့်နှင့် မေ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့တွင် ၇၄၆ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ တစ်ရက်အတွင်း ၈ ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် လေးရက်အတွင်း ၁ ပေခွဲမှ ၇ ပေခန့် မြင့်တက်ခဲ့ပြီးဖြစ်သည်။

ရေဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါ မြစ်ရေများသည် နောက် လေးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၅ ပေမှ ၆ ပေခန့်၊ နောက် ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၆ ပေမှ ၇ ပေခွဲခန့်၊ နောက် ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေခွဲမှ ၆ ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

မိုး/ဇလ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို ကိုဗစ်-၁၉ ကုသဆေးအဖြစ် ဆေးရုံ၊ ဆေးခန်းများတွင် အသုံးမပြုရန် တားမြစ်

စာ ❖ ၁၂

ကာကွယ်ဆေးမရမချင်း ကျောင်းပြန်တက်ဖို့ မစဉ်းစားကြရန် ဖိလစ်ပိုင်သမ္မတပြော

စာ ❖ ၁၃

မေ ၂၆ ရက် ည ၈ နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ ၂၀၆ ဦးရှိ

(၂၆-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ ❖ ၁၅

## နာပိုလီမှ အယ်လန်ကို ခေါ်ယူရန် ပေါင်သန်း ၄၀ ဖြင့် အဲဗာတန် ကမ်းလှမ်း




အဲဗာတန်အသင်းသည် နာပိုလီကစားသမား အယ်လန်ကို ခေါ်ယူရန် ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါကစားသမားသည် နည်းပြ အန်ဆယ်လော့တီ၏ နွေရာသီတွင် ဦးစားပေးခေါ်ယူသွားမည့် ကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။ သို့သော်လည်း နာပိုလီအသင်းသည် ၎င်းတို့ ကွင်းလယ်ကစားသမား၏ ပြောင်းရွှေ့ကြေးကို ပေါင် ၆၃ သန်း သတ်မှတ်ထားခြင်းကြောင့် အဲဗာတန်အသင်းအနေဖြင့် ခေါ်ယူရန် အခက်တွေ့နေကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ်ရှိ ဘရာဇီးကွင်းလယ်ကစားသမား၏ နာပိုလီအသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၂၃ ခုနှစ်အထိ ချုပ်ဆိုထားကြောင်း သိရသည်။ အဆိုပါ ကစားသမားသည် ယခုနှစ်ရာသီတွင် နည်းပြ ဂတ်တူဆိုနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်နေသော်လည်း နာပိုလီအသင်းအနေဖြင့် အဆိုပါကစားသမားအတွက် မြင့်မားသော ပြောင်းရွှေ့ကြေးကို

*စာမျက်နှာ ၁၀ ကော်လံ ၄* ❂

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
၂၀၂၀ ပြည့်နှစ်၊ မေ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့

# တဖြည်းဖြည်းတိုးချဲ့ပြေးဆွဲလာမယ့် ရန်ကုန်မြို့ပတ်ရထားဆိုင်းတွေ



ဇင်လင်းမြင့်၊ ဓာတ်ပုံ - ကေဇင်

ကိုတိုးဝေတစ်ယောက် ထမင်းချိုင့်ဆွဲပြီး အိမ်ကထွက်တော့ မနက် ၇ နာရီ။ အလုပ်ဝင်ချိန်က ၉ နာရီခွဲဖြစ်ပေမယ့် မြို့ပတ်ရထားအချိန်မီစီးနိုင်ရေး စောစောထွက်လာခဲ့ခြင်း ဖြစ်ပါတယ်။ အိမ်ကနေ ဘူတာကို ၁၅ မိနစ်သာသာ လမ်းလျှောက်ရတဲ့အချိန်နဲ့ ရထားစောင့်ရတဲ့အချိန် ၁၅ မိနစ်ဆိုရင် နံနက် ၇ နာရီခွဲ ရထားကို မီနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ကိုဗစ် - ၁၉ ကာလအတွင်း မေ ၁၇ ရက်အတွင်း ရထားတွဲဆိုင်း ငါးဆိုင်းနဲ့ အခေါက်ရေ ၂၈ ခေါက်သာ ပြေးဆွဲနေတာမို့ ရထားတစ်စင်း လွတ်သွားလို့ မဖြစ်ပါဘူး။ ဒီလို အခြေအနေတွေကြောင့် ကိုတိုးဝေတို့လို အခြေခံပြည်သူတွေ မြို့ပတ်ရထားကို အားကိုးပြီး နေ့စဉ်အလုပ်သွားအလုပ်ပြန်သွားလာနေခြင်း ဖြစ်ပါတယ်။ အခုတော့ မြန်မာ့မီးရထားက ရန်ကုန်မြို့မှာ ရုံးချိန်အတွင်း မြို့ပတ်ရထားအခေါက်ရေ တိုးချဲ့ပြေးထားပြီဖြစ်တာမို့ ရထားတစ်စင်းနဲ့တစ်စင်း အချိန်သိပ်မစောင့်ရတော့ပါဘူး။

### တိုးချဲ့ပြေးဆွဲပေးထား

"ရုံးချိန်အတွင်းမှာ ရထားစီးပြည်သူတွေ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာစီးနိုင်ဖို့၊ မြို့ပတ်ရထားစီးပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံရေး အထောက်အကူပြုနိုင်ဖို့ အပြင် သွားလာရေးအဆင်ပြေစေဖို့ မြို့ပတ်ရထားပြေးဆွဲမှုကို မေ ၁၈ ရက်က စတင်ပြီး တိုးချဲ့ပြေးဆွဲပေးထားပါတယ်" လို့ မြန်မာ့မီးရထားလက်ထောက်အထွေထွေ မန်နေဂျာ (သွားလာရေး၊ တိုင်း) ဦးဇော်လွင်က ပြောထားပါတယ်။

### ပြေးဆွဲမှုအခေါက်ရေ ၄၀ အထိ ရှိလာ

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုက ကိုဗစ်-၁၉ ကြောင့် တွဲဆိုင်း ငါးဆိုင်းနဲ့ အခေါက်ရေ ၂၈ ခေါက်သာပြေးဆွဲနေရာက မေ ၁၈ ရက်က စတင်ပြီး ရထားတွဲဆိုင်း သုံးဆိုင်း ထပ်မံပြေးဆွဲနေတာဖြစ်လို့ စုစုပေါင်းမြို့ပတ်ရထားတွဲဆိုင်း ရှစ်ဆိုင်းအထိ ဖြစ်လာပါတယ်။ မြို့ပတ်ရထားအခေါက်ပြေးဆွဲမှုအနေနဲ့ အရင်ရထားတွဲငါးဆိုင်းတုန်းက ၂၈ ခေါက်ပြေးဆွဲခဲ့ပေမယ့် အခုတွဲဆိုင်း ရှစ်ဆိုင်းနဲ့ဆိုရင် မြို့ပတ်ရထားပြေးဆွဲမှုအခေါက်ရေ ၄၀ အထိ ရှိလာပြီဖြစ်ပါတယ်။

### ရထားတွဲတွေပေါ်မှာများနေ

ဒီလို ရန်ကုန်မြို့ပတ်ရထား အခေါက်ရေ တိုးချဲ့ပြေးဆွဲလာတာမို့ ကိုတိုးဝေတို့လို အခြေခံအလုပ်သမားတွေအဖို့ သွားလာရေး အရင်ထက် အဆင်ပြေသွားတော့တယ်။ အရင်ရက်တွေက ရန်ကုန်မြို့မှာ YBS ဘတ်စ်ကားတွေ ပြေးဆွဲတဲ့အစီးရေက နည်းပြီး မြို့ပတ်ရထားကလည်း ပြေးဆွဲမှုအခေါက်ရေနည်းတာမို့ ရထားစောင့်ချိန်ကြာပြီး စီးသူများတာကြောင့် ရထားတွဲတွေပေါ်မှာ ခရီးသည်တွေ များနေပါတယ်။ ကိုဗစ်-၁၉ ကြောင့် တစ်ဦးနဲ့တစ်ဦး သတ်မှတ်အကွာအဝေးမှာ နေထိုင်သွားလာဖို့ဆိုတာလည်း အခြေအနေအရ မဖြစ်နိုင်တာမို့ တစ်ဦးချင်းစီရဲ့ ကျန်းမာရေး ဘေးကင်းနိုင်တဲ့ နှာခေါင်းစည်း၊ လက်အိတ်၊ တစ်ကိုယ်ရေသုံး လက်သန့်ဆေးရည်ဘူးလေးတွေ ကိုယ်စီဆောင်ပြီ သွားလာခဲ့ရပါတယ်။

### စိုးရိမ်သောကဖြစ်မှုနည်းနည်း သက်သာ

အခုတော့ ရန်ကုန်မြို့ပတ်ရထားအခေါက်ရေ တိုးချဲ့ပြေးဆွဲတာဆိုတော့ အရင်ကထက်တော့ နည်းနည်းသက်သာသွားပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ရထားအခေါက်ရေတွေ တိုးချဲ့ပြေးဆွဲလာနိုင်ဖို့၊ ကိုဗစ် - ၁၉ ကူးစက်မှုလုံးဝလျော့နည်းကင်းစင် သွားစေဖို့ကိုပဲ ကိုတိုးဝေတို့လို အခြေခံပြည်သူတွေ ဆုတောင်းနေရတော့တာပါပဲ။ အခုလည်းဘူတာရုံမှာ ရထားစီးခရီးသည် သိပ်မများသလို ရထားတွဲပေါ်မှာလည်း ခရီးသွားတွေအရင်ကလို ပြည့်မနေဘဲ လျော့နည်းသွားတာကြောင့် ကိုတိုးဝေ သက်ပြင်းချပြီး စိုးရိမ်သောကဖြစ်မှုနည်းနည်း သက်သာသွားပါတယ်။

### ရထားတွဲဆိုင်း သုံးဆိုင်း

အခုထပ်မံပြေးဆွဲပေးတဲ့ ရထားတွဲဆိုင်း သုံးဆိုင်းကတော့ ရန်ကုန်-လှော်ကားလမ်းပိုင်းမှာ တစ်စင်း၊ ရန်ကုန်-မင်္ဂလာဒုံ လမ်းပိုင်းမှာ တစ်စင်းနဲ့ ရန်ကုန်-တိုးကြောင်းလေးလမ်းပိုင်းမှာ တစ်စင်းတို့ပဲဖြစ်ပါတယ်။ အရင်မေ ၁၇ ရက်က မြို့ပတ်ရထားတွဲဆိုင်း ငါးဆိုင်းနဲ့ ပြေးဆွဲတဲ့အခါ ရန်ကုန်-လှော်ကားအပိုင်းမှာ မနက်ပိုင်း နှစ်စင်းသာရှိပေမယ့် အခုဆိုရင် သုံးစင်းရှိလာပြီဖြစ်ပါတယ်။ အဲဒီလိုပဲ ကျန်တဲ့ မြို့ပတ်ရထားလမ်းပိုင်းတွေမှာ နံနက်ပိုင်း တစ်စင်း၊ ညနေပိုင်းတစ်စင်းစီနဲ့ တိုးချဲ့ပြေးဆွဲပေးနေဖြစ်ပါတယ်။

### ထပ်မံပြေးဆွဲ

အခုလို မြို့ပတ်ရထားတွဲဆိုင်းတွေ တိုးချဲ့ပြေးဆွဲလိုက်တာမို့ ကိုဗစ်-၁၉ ကာလမှာ မဖြစ်မနေအလုပ်အကိုင်ကြောင့် သွားလာရမယ့် ပြည်သူတွေအတွက် အကျိုးရှိစေပါတယ်။ ကားကျပ်မှု၊ လမ်းကြောပိတ်ဆို့မှုနဲ့ မီးပွိုင့်တွေကြောင့် အချိန်ကြာမြင့်မှုတွေက မြို့ပတ်ရထားနဲ့ သွားလာရင် အဲဒီအခက်အခဲတွေကို မကြုံတွေ့နိုင်ပါဘူး။ ဒါ့အပြင် ဒီလို ရထားတွဲဆိုင်း ထပ်မံပြေးဆွဲပေးမှုကြောင့် ရန်ကုန်-လှော်ကားလမ်းပိုင်းကလာတဲ့ မြို့ပတ်ရထားတွေဟာ ရန်ကုန်ဘူတာကြီးကို မနက်ပိုင်း ညနေပိုင်းတွေမှာ ၁၅ မိနစ်ခြားစီ ဝင်ရောက်လာမှာ ဖြစ်ပါတယ်။

### စိတ်သက်သာမှုအထိုက်အလျောက်လျော့

အဲဒီလိုပဲ ရန်ကုန်-မင်္ဂလာဒုံမြို့ပတ်ရထားလမ်းပိုင်းနဲ့ ရန်ကုန်-တိုးကြောင်းလေး-အုတ်ဖိုစုလမ်းပိုင်းက မြို့ပတ်ရထားတွေဟာလည်း ရန်ကုန်ဘူတာကြီးကို မနက်နဲ့ညနေပိုင်း မိနစ် ၂၀ ခန့်စီခြားပြီး ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ ဒီလို အခြေအနေတွေကြောင့် ကိုတိုးဝေတို့လို အလုပ်ဖွင့်ရက်တွေမှာ နေ့စဉ် မြို့ပတ်ရထားကို အားကိုးစီးနင်းသွားလာရသူတွေအတွက်တော့ ကျန်းမာရေးနဲ့ သွားလာရေးတွေအတွက် စိတ်သက်သာမှုအထိုက်အလျောက် လျော့ကျစေတာဖြစ်ပါတယ်။

### မြို့ပတ်ရထားတွဲဆိုင်း ၂၁ ဆိုင်း

ရန်ကုန်မြို့မှာ ကိုဗစ် - ၁၉ မတိုင်မီက မြို့ပတ်ရထားတွဲဆိုင်း ၂၁ ဆိုင်းနဲ့ တစ်ရက်ကို ရထားအခေါက်ရေ ၁၆၈ ခေါက်အထိ နေ့စဉ်ပြေးဆွဲပေးနေခဲ့တာ ဖြစ်ပါတယ်။ ဒီလိုမြို့ပတ်ရထားအခေါက်ရေပြည့် ပြေးဆွဲပေးတဲ့ကာလတွေမှာ နေ့စဉ် ရထားစီးခရီးသွားပြည်သူ ၅၀၀၀၀ ကျော်နဲ့ ၇၀၀၀၀ ခန့် စီးနင်းသွားလာကြတယ်လို့ ဆိုပါတယ်။

အချပ်ပို(ခ)သို့

- ❒ ရန်ကုန်မြို့ပတ်ရထားလမ်းကို ဂျပန်အကူအညီနဲ့ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်နေသလို ဂျပန်ကရထားတွဲတွေကိုလည်း အသုံးပြုနိုင်ဖို့ မှာယူရောက်ရှိနေပြီဖြစ်
- ❒ ဂျပန်မှာလက်ရှိပြေးဆွဲနေတဲ့ ရထားတွဲ ၃၂ တွဲ ကို ၂၀၂၀ ပြည့်နှစ်အတွင်းမှာ အပြီးလွှဲပေးမှာဖြစ်ပြီး အခုဆိုရင် ရထားတွဲ ၂၆ တွဲခန့် ရောက်ရှိနေပြီဖြစ်

# ပါးစပ်နှာခေါင်းစည်းဖြင့် ပြန်လည်နိုးထရန် ကြံဆောင်နေသော မြို့ရန်ကုန်

ရှင်နော်၊ ဓာတ်ပုံ– အာကာစိုး

အနောက်တောင် မုတ်သုံလေ ဝင်ရောက်ကာ မိုးသားတိမ်လိပ်တို့ ဖြတ်သန်းဆဲကာလမို့ ရန်ကုန်မြို့ကောင်းကင်ယံက လင်းတစ်ခါ မှိန်တစ်လှည့် ဖြစ်လို့နေသည်။ ယခုနှစ်မိုးရာသီ၏ ပထမဆုံးတိုက်ခတ်ခဲ့သော မုန်တိုင်းအဖျားခတ်မှုအရှိန်ကြောင့် ရန်ကုန်မြို့ အပူချိန်က သိသိသာသာ လျော့ကျသွားသည်။ မြို့အပေါ် သက်ရောက်သည့်အပူချိန် လျော့ကျသွားသော်လည်း ရန်ကုန်သူ ရန်ကုန်သားတို့၏ စိုးရိမ်စိတ်ကား လျော့ကျမသွားသေးပေ။ ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကြောင့် ဖြစ်ပေါ်နေသော စိုးရိမ်စိတ်များမှာ ယနေ့အချိန်အထိ လျော့ကျမသွားသေချေ။

**အသိပညာပေးမှုများ လုပ်ဆောင်နေ**

စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်လာခြင်း၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်လာခြင်း၊ အဝေးပြေးယာဉ်လိုင်းကြီးများ ပြန်လည်ပြေးဆွဲမှုနှင့်အတူ အနယ်နယ်အရပ်ရပ်မှ လုပ်သားများ ပြန်လည်ဝင်ရောက်လာခြင်း၊ ကိုဗစ် – ၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိမှုက ရပ်တန့်မနေခြင်းတို့ကြောင့် ရန်ကုန်သူ ရန်ကုန်သားတို့ စိတ်ပူပန်ကြရသည်။ လူတစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးဖြင့် နေထိုင်ရန်၊ နေအိမ်ပြင်ပသွားလာရာတွင် နှာခေါင်းစည်းများ သေချာစွာတပ်ဆင်ရန်၊ လက်ကိုသန့်ရှင်းစင်ကြယ်စွာ ဆေးကြောရန် နိုင်ငံတော်အဆင့် အသိပညာပေးမှုများ လုပ်ဆောင်နေသော်လည်း လိုက်နာသူအများစုရှိသလို မသိလိုက် မသိဘာသာနေသူတို့က ရှိနေဆဲပင်ဖြစ်သည်။

**စနစ်တကျ ဝတ်ဆင်ရန် ထုတ်ပြန်**

ဤနေရာတွင် အလျဉ်းသင့်၍ မြန်မာနိုင်ငံကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ ဝတ်ဆင်ရန် ထုတ်ပြန်ထားခြင်းကို တင်ပြလိုပါသည်။ ပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်းမကိုင်မီ လက်ကိုဆေးကြောရန်၊ ပါးစပ်နှင့် နှာခေါင်းစည်ကို စုတ်ပြဲခြင်း၊ ညစ်ပေခြင်းရှိ/မရှိ စစ်ဆေးရန်၊ သတ္တုချောင်း (သို့) ကော်ချောင်းပါသောဘက်ကို အပေါ်တွင်ထားရန်၊ အရောင်ရင့်သောဘက်ကို မျက်နှာပြင်ဘက်တွင်ထားရန်၊ ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ဝတ်ဆင်ရန်၊ ပါးစပ်နှင့် နှာခေါင်းစည်းကို ဖယ်ရှားမည်ဆိုပါက ကြိုးမှကိုင်၍ ဖယ်ရှားရန်၊ အဖုံးပါသော အမှိုက်ပုံးအတွင်း စွန့်ပစ်ရန် လက်ကို စနစ်တကျ ပြန်လည်ဆေးကြောရန်တို့ကို အသိပေး ထုတ်ပြန်ထားပြီးဖြစ်သည်။

**တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ**

ရှောင်ရန်အချက်အနေဖြင့် ပါးစပ် (သို့) နှာခေါင်းတစ်ခုတည်းသာ ဖုံးအုပ်ခြင်းမပြုရန်၊ မိမိနှင့်ကြီးလွှန်း သေးလွန်းသော ပါးစပ်နှာခေါင်းစည်းကို အသုံးမပြုရန်၊ စုတ်ပြဲညစ်ပေနေသော ပါးစပ်၊ နှာခေါင်းစည်းကို အသုံးမပြုရန်၊ စကားပြောဆိုရန်အတွက် ပါးစပ်နှာခေါင်းစည်းကို လက်ဖြင့်အောက်သို့ လျှော့ချခြင်း၊ မေးတွင် ချိတ်ထားခြင်းကို မပြုလုပ်ရန်၊ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ပြီးပါက လက်ဖြင့် ကိုင်တွယ်ခြင်း မပြုလုပ်ရန်၊ အသုံးပြုပြီးသား ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်းကို ပြန်လည်အသုံးမပြုရန်တို့ကို ပြည်သူများ သိရှိနိုင်စေရန် ထုတ်ပြန်ချက်များ ထုတ်ပြန်ထားပြီး ဖြစ်သည်။ ထို့ပြင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရုံဖြင့် ကိုဗစ် – ၁၉ ရောဂါကို အပြည့်အဝကာကွယ်နိုင်သည် မဟုတ်ဘဲ တစ်ဦးနှင့် တစ်ဦး ခြောက်ပေခွာ၍ နေထိုင်ရန်၊ လက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် စက္ကန့် ၂၀ ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောခြင်းတို့ကိုလည်း ပူးတွဲလုပ်ဆောင်ရန် လမ်းညွှန်ထားသည်။

**လက်ဆေးခြင်းအလုပ်ကို ပြုလုပ်ရန် အားနည်း**

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ကိုဗစ်–၁၉ ကူးစက်ရောဂါပျံ့နှံ့ရောက်ရှိခဲ့သည်မှာ နှစ်လကျော်၊ သုံးလတာ ကာလမျှ အချိန်တိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတကာတွင် ရောဂါကူးစက်ပျံ့နှံ့နေစဉ်နှင့် မြန်မာနိုင်ငံအတွင်း စတင်ဝင်ရောက်စဉ်ကာလများတွင် လူငယ်လူရွယ်တို့၏ ကျောပိုးအိတ်များတွင်လည်းကောင်း၊ အမျိုးသမီးငယ်များ၏ ပိုက်ဆံအိတ်အပြင်ဘက်တွင် လည်းကောင်း လက်သန့်ဆေးရည်ဘူးငယ်လေးများ ချိတ်ဆွဲထားသည်ကို တွေ့မြင်ခဲ့ရသည်။ စားသောက်ဆိုင်များနှင့် လက်ဆေးကန် ပြုလုပ်ထားသော နေရာများတွင် စနစ်တကျ လက်ဆေးခြင်းကို အချိန်ယူ၍ ပြုလုပ်ခဲ့ကြသည်။ သို့သော် ယခုနောက်ပိုင်းကာလများတွင် လက်ဆေးခြင်းအလုပ်ကို ပြုလုပ်ရန် အားနည်းလာကြသည်ကို တွေ့မြင်ရသည်။

**အစားထိုးနေရာယူလာ**

ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်းများမှာ ကိုဗစ် – ၁၉ ရောဂါမဖြစ်ပွားမီက တစ်ခုလျှင် ငွေကျပ် ၂၀၀ ခန့်သာ ရှိခဲ့ရာမှ ယခုအချိန်တွင် တစ်ခုလျှင် ငွေကျပ် ၃၅၀ မှ ၅၀၀ အထိ ရောင်းချနေလျက်ရှိရာ နေ့စဉ်သွားလာ အလုပ်လုပ်နေရသူများအတွက် ကြာလျှင်ငွေကြေး ထိခိုက်နိုင်သောအခြေအနေတစ်ရပ် ဖြစ်သည်။ ထို့ကြောင့်ပင် ရန်ကုန်မြို့တော်၌ တစ်ကြိမ်တစ်ခါသာ အသုံးပြု၍ရသော ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်းများ နေရာတွင် အသင့်ချုပ်ပြီးသော အဝတ်နှာခေါင်းစည်းများက အစားထိုးနေရာယူလာကြပြီ ဖြစ်သည်။ ကိုယ်တိုင်ချုပ် အဝတ်နှာခေါင်းစည်းများမှာ တပ်ဆင်သူအတွက် သက်သောင့်သက်သာရှိသော်လည်း စီးပွားဖြစ်ချုပ်လုပ်ရောင်းချသော အဝတ်နှာခေါင်းစည်များမှာ မျက်နှာနှင့် အံဝင်ခွင်ကျ သိပ်မရှိလှချေ။ စီးပွား ဖြစ်ချုပ်ထည်များဖြစ်သောကြောင့် လုံခြုံစိတ်ချ နူးညံ့ပျော့ပျောင်းမှုကို ဦးစားမပေးဘဲ အရောင်းထိုင်းသော ပိတ်စများကိုသာ အသုံးပြုသည့်အတွက် တပ်ဆင်သူများအဖို့ အဆင်ပြေမှု သိပ်မရှိလှပေ။

**ပြန်လည်ဖွင့်လှစ်လာ**

မဖိတ်မခေါ်ရောက်လာသော ကိုဗစ် ကပ်ဆိုးက မည်မျှအထိ သက်ဆိုးရှည်နေဦးမည် မသိသော်လည်း ရန်ကုန်၏ လှုပ်ရှားမှုအစုစုက ပြန်လည်နိုးထရန်အားယူနေပြီဖြစ်သည်။ လမ်းဘေးဈေးသည်မှသည် ဆိုင်ခန်းကြီးငယ်များ ပြန်လည်ဖွင့်လှစ်လာကြပြီဖြစ်သည်။ YBS အသုံးပြုနေသော မြို့တွင်းခရီးသွားလာမှုက တစ်နေ့တခြား မြင့်တက်လာနေသည်။ လုပ်ငန်းခွင်နှင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးအချို့မှာ ကျန်းမာရေးအရ စစ်ဆေးမှုခံယူနိုင်ရန် ပြင်ဆင်ကြလျက်ရှိသည်။ အကြောင်းကြောင်းအဖုံဖုံကြောင့် နေအိမ်ပြင်ပထွက်ခွာသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်ဆိုင်ရာ အချက်အလက်များကို အလေးထားလိုက်နာရန် ပိုမိုလိုအပ်လာမည်ဖြစ်သည့်အပြင် မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ဒေသဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် ကိုဗစ်ဆိုင်ရာ ကျန်းမာရေးအသိပေးမှုများကို ထပ်ခါတလဲလဲ အသိပေးနေသင့်သည်။ သို့မှသာ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကို လျှော့ချရပ်တန့်နိုင်မည်ဖြစ်သည်။

**ပြန်လည်သက်ဝင်လှုပ်ရှားလာ**

အချုပ်အားဖြင့် တင်ပြရလျှင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများနည်းတူ ရန်ကုန်မြို့တော်ကြီးသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်အသီးသီးကြောင့် မကြာခင်မှာ ပြန်လည်သက်ဝင်လှုပ်ရှားလာတော့မည် ဖြစ်သည်။ လူတန်းစားအသီးသီး သွားလာရန်းကန်ကြရမည့် ရန်ကုန်မြို့ပြတွင် ကျန်းမာရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များက ထုတ်ပြန်ထားသော တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ နေထိုင်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်အသုံးပြုခြင်း၊ လူအများနှင့် ဆက်ဆံသူများအနေဖြင့် မျက်နှာအကာများပါ တွဲဖက်တပ်ဆင်ခြင်းတို့ဖြင့် နိုင်ငံသူနိုင်ငံသား၊ မြို့သူ မြို့သားအပေါင်း၏ ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရပ်တန့်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသား လိုက် ရပေသည်။ ။




ရန်ကုန်မြို့တွင်း ကိုဗစ်ကာလသွားလာလှုပ်ရှားနေသောသူများအား တွေ့ရစဉ်။

---

**တဖြည်းဖြည်းတိုးချဲ့ပြေးဆွဲလာမယ့် ရန်ကုန်မြို့ပတ်ရထားဆိုင်းတွေ ..... မှ**

၁၉၅၄ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုဟာ အခုအချိန်အထိအပြောင်းအလဲတွေ၊ တိုးတက်ဖြစ်ထွန်းမှုတွေ အဆင့်ဆင့်ဖြစ်ပေါ်ခဲ့ပြီး ခေတ်မီမြို့ပတ်ရထားခရီးစဉ်ပြေးဆွဲမှုကို ဦးတည်နေပြီဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်းအရှည် ၄၅ ဒသမ ၉ ကီလိုမီတာခန့်ရှိပြီး မြို့ပတ်ဘူတာပေါင်း ၃၉ ဘူတာရှိတာမို့ ရထားမြို့တစ်ပတ်မောင်းနှင်မှုဟာ အချိန် ၃ နာရီ ၄၅ မိနစ်ခန့်ကြာမြင့်ပါတယ်။ စီးနင်းခလည်း သက်သာတဲ့ မြို့ပတ်ရထားကို နေ့စဉ် ရန်ကုန်မြို့ထဲ အလုပ်သွား အလုပ်ပြန်သွားလာနေရတဲ့ ကိုတိုးဝေတို့လို အခြေခံပြည်သူတွေအတွက်တော့ နေ့စဉ်ဘဝဖြတ်သန်းမှုမှာ အဓိကကျတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ် တည်ရှိနေပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်းကို ဂျပန်အကူအညီနဲ့ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်နေသလို ဂျပန်ကရထားတွဲတွေကိုလည်း အသုံးပြုနိုင်ဖို့ မှာယူရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဂျပန်မှာ လက်ရှိပြေးဆွဲနေတဲ့ ရထားတွဲ ၃၂တွဲကို ၂၀၂၀ ပြည့်နှစ်အတွင်းမှာ အပြီးလွှဲပေးမှာဖြစ်ပြီး အခုဆိုရင် ရထားတွဲ ၂၆ တွဲခန့် ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီရထားတွဲတွေကို ပြုပြင်ပြီး စမ်းသပ်မောင်းနှင်မှုပြုလုပ်ပြီးရင် အချို့တွဲတွေကို မြို့ပတ်ရထားလမ်းပိုင်းမှာ အသုံးပြုတော့မှာ ဖြစ်ပါတယ်။

မြန်မာ့မီးရထားအနေနဲ့ ရန်ကုန်မြို့ပတ်ခရီးစဉ်မှာ အသုံးပြုဖို့အတွက် ဂျပန်က ရထားတွဲအသစ် ၆၆ တွဲကို ဝယ်ယူမှာ ဖြစ်ပါတယ်။ ဒါဆိုရင် မြို့ပတ်ရထားတွဲတွေဟာ ခေတ်မီဆန်းသစ်ပြီး လိုက်ပါစီးနင်သူတွေကို ပိုမိုပြီး သက်သောင့်သက်သာရှိစေမှာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ရန်ကုန်မြို့ပတ်ရထားတွဲဆိုင်းတွေ ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေး အခြေအနေကောင်းတွေ ဖြစ်ပေါ်လာစေဖို့အတွက် ကိုတိုးဝေတို့ ဆုတောင်းနေကြရတာ ဖြစ်ပါတယ်။ ။

# ရန်ကုန်မြို့ရဲ့ အမြန်လမ်းသစ်

ဆွေဦးဝေ

အရှိန်နဲ့မောင်းနှင်သော ကားပေါ်စီးလာရင်း ရန်ကုန်-နေပြည်တော် အမြန်လမ်းရဲ့ အသုံးဝင်မှုကို သတိပြုမိပါတယ်။ လမ်းကြောရှင်းမှု၊ တစ်လမ်းမောင်းစနစ်နဲ့ လမ်းကောင်းမှုတွေက ဒီနေ့ခေတ်အချိန်နဲ့အမျှ သွားလာနေကြတဲ့ ပြည်သူတွေ အတွက် အကျိုးသက်ရောက်မှု ရှိနေပါတယ်။ အန္တရာယ်ဖြစ်အောင် မောင်းနှင်ရင် ဘေးဥပဒ်ဖြစ်နိုင်တာလည်း ဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။ အချိန်ကုန်သက်သာမှု၊ သွားလာရေးအဆင်ပြေမှုတွေက တန်ဖိုးရှိပါတယ်။ အခုဆိုရင် ကားလမ်းတွေ ကျယ်ပေမယ့် ယာဉ်ကြောပိတ်ဆို့မှုနေ့စဉ် ကြုံတွေ့နေရတဲ့ရန်ကုန်မြို့မှာ အမြန်လမ်းသစ်ဖောက်လုပ်ဖို့ စီမံကိန်းရှိနေပြီ ဖြစ်ပါတယ်။

### ခြောက်လမ်းသွား အမြန်လမ်းဖြစ်

ဒီအမြန်လမ်းသစ်က ရန်ကုန်-မန္တလေး အမြန်လမ်းမှနေပြီး ရန်ကုန်မြို့အမှတ် (၇) လမ်းမကြီးအတိုင်း သီလဝါအထူး စီးပွားရေးဇုန်ကို ဖောက်လုပ်မှာဖြစ်ပါတယ်။ ရန်ကုန်အမြန်လမ်းသစ်လို့လည်း ခေါ်တဲ့ ဒီစီမံကိန်းဟာ ခြောက်လမ်းသွား အမြန်လမ်းဖြစ်ပြီး စုစုပေါင်း အရှည်မိုင် ၄၀ ခန့်ရှိမယ်လို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

### မြန်မြန်ဆန်ဆန်မောင်းနှင်သွားလာ

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန် ၂၉ ခုနဲ့ သီလဝါအထူးစီးပွားရေးဇုန်တစ်ခု ရှိတာကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေး အတွက်ရော ခရီးသွားလာရေးအတွက်ပါ ယာဉ်ကြောပိတ်ဆို့မှုကြောင့် အခက်အခဲတွေ ရှိနေပါတယ်။ နေ့စဉ် ကိုယ်ပိုင်အိမ်စီးမော်တော်ယာဉ်တွေ၊ ခရီးသည်တင် ဘတ်စ်ကားတွေ၊ တက္ကစီတွေနဲ့ ကုန်တင်ယာဉ်တွေအပြင် ကျောင်းဖွင့်ရာသီမှာ ကြို၊ ပို့ကျောင်းကားတွေကြောင့် ရန်ကုန်မြို့ရဲ့ ကားလမ်းတွေဟာ မနိုင်ဝန်ထမ်းနေရသလို ဖြစ်နေပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့ဧရိယာအတွင်းမှာ မော်တော်ယာဉ်ကို မြန်မြန်ဆန်ဆန်မောင်းနှင်သွားလာနိုင်ဖို့ မလွယ်ပါဘူး။

ဒါကြောင့်လည်း ရန်ကုန်မြို့ရဲ့ အနားသတ်ဧရိယာမှာ ရန်ကုန်မြို့ရဲ့ အပြင်ပတ်လမ်းလို့ အမည်ပေးထားတဲ့ စီမံကိန်းရဲ့ အရှေ့ဘက်ခြမ်းကို ခြောက်လမ်းသွား အမြန်လမ်းအဖြစ် ဖော်ဆောင်တော့မှာ ဖြစ်ပါတယ်။

တကယ်တော့ ဒီစီမံကိန်းဟာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်နေတဲ့ မဟာရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေး စီမံကိန်းရဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းကနေပြီး သီလဝါအထူးစီးပွားရေးဇုန်ကိုဖောက်လုပ်မယ့် အမြန်လမ်း စီမံကိန်းကို လာမယ့် ၂၀၂၅ ခုနှစ်မှာ အပြီးတည်ဆောက်နိုင်ဖို့အတွက်လည်း ရည်မှန်းထားပါတယ်။

### JICA က ငွေထုတ်ချေးဖို့ စီစဉ်

ဒီအမြန်လမ်းဟာ သီလဝါအထူးစီးပွားရေးဇုန်ကတစ်ဆင့် ဒလအထိ ဆက်လက်ဖောက်လုပ်မှာဖြစ်တယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေမှာ ဖော်ပြထားပါတယ်။ ဒီစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တင်သွင်းပြီး JICA က ငွေထုတ်ချေးဖို့ စီစဉ်ထားတာဖြစ်တယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ၂၀၂၀ ပြည့်နှစ် မေ ၁၈ ရက်က ထုတ်ပြန်တဲ့ ရန်ကုန်မြို့တော် အပြင်ပတ်လမ်း စီမံကိန်းရဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒီအမြန်လမ်း ဖောက်လုပ်တဲ့အခါ လှည်းကူးမြို့နယ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ သန်လျင်မြို့နယ်နဲ့ ကျောက်တန်းမြို့နယ်တွေကို ဖြတ်သန်းသွားမှာ ဖြစ်ပါတယ်။ ဒီလိုဖြတ်သန်းဖောက်လုပ်မှာ ဖြစ်တာမို့ အဲဒီမြို့နယ်တွေရဲ့ လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေးတွေ တိုးတက်လာမယ့်အပြင် ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေလည်း မြင့်တက်လာဖို့ရှိနေပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေလည်း ပေါ်ထွက်လာဖို့ ရှိနေတာမို့ အမြန်လမ်းဖောက်လုပ်ပြီးစီးသွားရင် ဒေသဖွံ့ဖြိုးရေးတွေလည်း တစ်ဆက်တစ်စပ်တည်း ထွက်ပေါ်လာဖို့ ရှိနေပါတယ်။



ရန်ကုန် – မန္တလေး အမြန်လမ်းပိုင်း တစ်နေရာကို တွေ့ရစဉ်။

### ဟန်ချက်ညီညီဆောက်လုပ်

ဒီလိုအမြန်လမ်းကို ရန်ကုန်-မန္တလေး အမြန်လမ်းမှ သီလဝါအထိဖောက်လုပ်တဲ့ အပိုင်းမှာ ပဲခူးမြစ်ကူးတံတား တစ်စင်း တည်ဆောက်ရမယ့် စီမံကိန်းလည်း ပါဝင်နေပါတယ်။ အရှည်ပေ ၄၅၀၀ ကျော်ရှိမယ့် ဒီပဲခူးမြစ်ကူးတံတားကို သပြုနဲ့ဒါးပိန်းဘက်နားမှာ ဖော်ဆောင်ဖို့ လုပ်ငန်းတွေ အကောင်ထည်ဖော်တဲ့အခါ တစ်ပြိုင်နက်တည်း စနစ်တကျ ဟန်ချက်ညီညီ ဆောက်လုပ်သွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီအမြန်လမ်းစီမံကိန်းကိုတော့ လာမယ့် ၂၀၂၁ ခုနှစ်မှာ စတင်အကောင်ထည်ဖော်သွားဖို့ စီစဉ်နေပါတယ်။

အခုအမြန်လမ်းကို ခြောက်လမ်းသွား အဖြစ်ဖော်ဆောင်ပြီး တစ်နာရီကီလိုမီတာ ၁၀၀ နှုန်းအထိ မောင်းနှင်သွားလာနိုင်မယ့် လမ်းဖြစ်တာမို့ ကုန်ကျစရိတ်လည်း များပြားမှာဖြစ်ပါတယ်။ ဒီလမ်းပိုင်းမှာ လမ်းနယ်က ပေ ၃၀၀ ထားရှိမှာဖြစ်ပြီး လမ်းလွှဲ ခုနစ်ခုနဲ့ လမ်းဆုံ နှစ်ခုပါဝင်မှာ ဖြစ်တယ်လို့ဆိုပါတယ်။ နိုင်ငံတကာ အမြန်လမ်းစံချိန်စံညွှန်းတွေနဲ့အညီ ဖောက်လုပ်မှာဖြစ်တာမို့ အားနည်းချက် အနည်းဆုံးနဲ့ ပေါ်ထွက်လာမယ့် အမြန်လမ်းလည်း ဖြစ်လာပါလိမ့်မယ်။

ရန်ကုန်မြို့မှာ မဟာရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစီမံကိန်း အဖြစ် ဖော်ဆောင်တဲ့အခါ ရန်ကုန်မြို့အပြင်ပတ်လမ်းနဲ့ ရန်ကုန်မြို့ အတွင်းပတ်လမ်းဆိုပြီး စီမံကိန်း နှစ်ခုအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။ အခုအမြန်လမ်းစီမံကိန်းဟာ ရန်ကုန်မြို့ အပြင်ပတ်လမ်း စီမံကိန်းမှာပါဝင်နေတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ အပြင်ပတ်လမ်း စီမံကိန်းမှာလည်း အပိုင်း လေးပိုင်းခွဲပြီး တည်ဆောက်ဖို့ အစီအစဉ်ရှိနေပါတယ်။

အဲဒီအပိုင်း လေးပိုင်းပါရှိပြီး သီလဝါအထူးစီးပွားရေးဇုန်- လှည်းကူးမြို့နယ်အထိ အရှေ့ဘက်ခြမ်း၊ လှည်းကူးမြို့နယ်မှ လှိုင်သာယာမြို့နယ်အထိမြောက်ဘက်ခြမ်း၊ လှိုင်သာယာမြို့နယ်မှ ဒလမြို့နယ်အထိ အနောက်ဘက်ခြမ်း၊ ဒလမြို့နယ်မှ သန်လျင်မြို့နယ်အထိ တောင်ဘက်ခြမ်းဆိုတဲ့ အပိုင်း လေးပိုင်း ပါဝင်တာ ဖြစ်ပါတယ်။

### ၂၀၂၁ ခုနှစ်မှာ စတင်မှာဖြစ်

အခုအမြန်လမ်းက အရှေ့ဘက်ခြမ်းဖြစ်တဲ့ လှည်းကူးမြို့နယ်မှ သီလဝါအထူးစီးပွားရေးဇုန် အပိုင်းမှာ ပါဝင်နေတာဖြစ်ပြီး ပထမဆုံးဦးစားပေးအကောင်အထည်ဖော်မယ့် စီမံကိန်း အပိုင်းလည်းဖြစ်ပါတယ်။ ဒီအမြန်လမ်းအပိုင်းကို ၂၀၂၁ ခုနှစ်မှာ စတင်မှာဖြစ်ပြီး ၂၀၂၅ ခုနှစ်မှာ ပြီးစီးဖို့ မျှော်မှန်းထားသလို သီလဝါအထူးစီးပွားရေးဇုန်မှ ဒလအပိုင်းကိုတော့ လာမယ့် ၂၀၃၅ ခုနှစ်ခန့်မှာ အပြီးသတ်ဆောင်ရွက်သွားမယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ရန်ကုန်မြို့ပတ်လမ်းစီမံကိန်းရဲ့ အချို့နေရာတွေမှာ မိုးပျံလမ်း ပုံစံမျိုးတွေ ဆောက်လုပ်သွားမှာဖြစ်သလို လမ်းပိုင်းအများစုကတော့ အမြန်လမ်းပုံစံမျိုး တည်ဆောက်သွားမှာ ဖြစ်တယ်လို့ဆိုပါတယ်။ ဒီလိုဆိုရင် ရန်ကုန်မြို့ပြင်ပတ်လမ်းမှာ ကားလမ်းဖော်ဆောင်ရင်တော့ အမြန်လမ်း အစိတ်ပိုင်းတွေ ထွက်ပေါ်လာမှာမို့ ရန်ကုန်မြို့ပြင်ပတ်ကားလမ်းလာအသွင်သစ် ဖြစ်ပေါ်လာမှာ သေချာနေပါတယ်။

### အမြန်လမ်းသစ်ဖြစ်လာ

ယာဉ်ကြောပိတ်ဆို့မှုတွေအပြင် မြို့တွင်းကားလမ်းမတွေပေါ်မှာ မော်တော်ယာဉ်မျိုးစုံ ပြည့်ကျပ်နေမှုအတွက်ကြောင့် ရန်ကုန်မြို့ပြရဲ့ မွန်းကျပ်မှုဟာ အခုလို ရန်ကုန်မြို့ပြင်မှာ အမြန်လမ်းသစ် ပေါ်ထွက်လာရင်တော့ ယာဉ်ကြောပိတ်ဆို့မှုတွေ၊ မွန်းကျပ်မှုတွေ လျော့ကျပြီး ကုန်စည်စီးဆင်းမှုတွေ လျင်မြန်လာကာ အချိန်ကုန်သက်သာလာမှာဖြစ်တာမို့ ရန်ကုန်မြို့ရဲ့ အသွင်သစ်တစ်ရပ် ဖော်ဆောင်မယ့် အမြန်လမ်းသစ်ဖြစ်လာမှာ အမှန်ပါပဲ။ ။

**“ရန်ကုန်မြို့မှာ မဟာရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစီမံကိန်း အဖြစ် ဖော်ဆောင်တဲ့အခါ ရန်ကုန်မြို့အပြင်ပတ်လမ်းနဲ့ ရန်ကုန်မြို့ အတွင်းပတ်လမ်းဆိုပြီး စီမံကိန်းနှစ်ခုအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အခု အမြန်လမ်းစီမံကိန်းဟာ ရန်ကုန်မြို့အပြင်ပတ်လမ်း စီမံကိန်းမှာ ပါဝင်နေတာဖြစ်ပါတယ်။ ရန်ကုန်မြို့အပြင်ပတ်လမ်း စီမံကိန်းမှာလည်း အပိုင်း လေးပိုင်းခွဲပြီး တည်ဆောက်ဖို့ အစီအစဉ်ရှိနေ”**

---

*ရန်ကုန်မြို့က စားသောက်ဆိုင်ကြီးအချို့ ပြန်ဖွင့်ပြီ ..... မှ*

တတိယအကြိမ်အထိ ဖြစ်လာရင်တော့ ကာလတစ်ခုအထိ ဆိုင်ကို ပိတ်မယ်၊ ခြွင်းချက်အနေနဲ့ အရင်လိုပဲ သတ်မှတ်စည်းကမ်းချက်တွေကို လိုက်နာပါ့မယ်လို့ တင်ပြလာရင်တော့ စစ်ဆေးမှုတွေ ပြုလုပ်ပြီး သတ်မှတ်စည်းကမ်းတွေနဲ့ ညီမှသာ ပြန်ဖွင့်ခွင့်ရကြမှာပါ။

### အစဉ်မပြတ်ကြီးကြပ်

အဲဒီလိုစည်းကမ်းတွေကို စနစ်တကျ လိုက်နာကြစေဖို့ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်တွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှ တာဝန်ရှိသူတွေက အစဉ်မပြတ် ကြီးကြပ်သွားဖို့တော့ လိုပါလိမ့်မယ်။

အဲဒီလိုမှမဟုတ်ဘဲ ဆိုင်တွေကလည်း လျော့၊ စားသုံးသူတွေကလည်း ပေါ့၊ တာဝန်ရှိသူတွေကလည်း ဂရုမမူရင်တော့ မူလအတိုင်း ချိုင့်ဆွဲ(ပါဆယ်)အဆင့်ကို ပြန်ရောက်သွားမှာပါ။ ချိုင့်ဆွဲ(ပါဆယ်)အဆင့် ပြန်ရောက်ရတာက အရေးမကြီးပါဘူး။ ရောဂါပိုး ပျံ့နှံ့တာ ပိုအရေးကြီးပါတယ်။ ဒါက ဆိုင်ကြီးတွေ အပိုင်းပါ၊ ငွေကြေးတတ်နိုင်ပြီး ခမ်းခမ်းနားနား ဖွင့်နေတဲ့ ဆိုင်ကြီးတွေရဲ့ အခြေအနေပါ။ ရပ်ကွက်အတွင်း၊ ရုံးနားဝန်းကျင်၊ ဈေးများအတွင်းက တစ်ပိုင်တစ်နိုင် ဖွင့်နေတဲ့ ဆိုင်တွေကလည်း ရန်ကုန်မြို့မှာ အများကြီးပါ။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရုန်းကန်နေရသလို အခြေခံလူတန်းစားအများစု စုစည်းရာ ရပ်ဝန်းလည်းဖြစ်ပါတယ်။ အဲဒီလို ဆိုင်ငယ်လေးများအတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ စဉ်းစားစီစဉ်မှုက ကွက်လပ်လေးတစ်ခုပမာ ဖြစ်နေတယ်လို့ အခြေခံလူတန်းစားများ ပြောနေကြပါတယ်။

ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဈေးအတွင်းရှိ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်က “လူကြီးတွေက ဆိုင်အကြီးကြီးတွေအတွက် အဓိကစဉ်းစားသွားတာပေါ့နော်၊ ဆိုင်ကြီးတွေအနေနဲ့က လုပ်နိုင်တယ်လေ ငွေကြေးပြည့်စုံကြတယ်၊ ဆိုင်ကလည်း ကျယ်ကျယ်ဝန်းဝန်းဆိုတော့ အဆင်ပြေတာပေါ့။ ကျွန်မတို့လို တစ်နေ့ရှာင်းရတဲ့ငွေက နောက်တစ်နေ့အတွက် အရင်းအနှီးလို ဖြစ်နေတဲ့ ဆိုင်လေးတွေက အခက်အခဲတွေ အများကြီးရှိပါတယ်။ ပါဆယ်ဆိုတာကလည်း နဂိုကတည်းက အနည်းစုပဲ ဝယ်ကြတာပါ၊ ဆိုင်သောက်များတာပါ။ ကြာလာတော့လည်း မခံနိုင်တော့ဘူး” ဟု လက်ရှိတွေ့ကြုံနေရသော အခက်အခဲကို ရင်ဖွင့်ပြောပြပါတယ်။

အဲဒီအကြောင်းတွေနဲ့ ပတ်သက်လို့ စည်ပင်ကရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကို စေ့ငုကြည့်တော့ “ကျွန်တော်တို့လည်း ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် အကြီးအသေး အားလုံးကို တစ်ပြိုင်နက်တည်း ပြန်ဖွင့်ပေးလိုက်ရင်မဖြစ်ဖူး။ ဖြစ်လာခဲ့သော် ဆိုသလိုပါပဲ သတိကြီးကြီးထားရမယ့် အခြေအနေမှာပဲ ရှိနေပါသေးတယ်။ အားလုံးကောင်းဖို့အတွက် နားလည်ပေးကြပါလို့ပဲ ပြောချင်ပါတယ်။ အခြေအနေကောင်းတစ်ခု ရောက်လာတာနဲ့ မြို့နယ် ကိုဗစ်ကော်မတီနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးလာနိုင်မှာပါ”လို့ စကားစပ်လို့ ပြောခဲ့ကြဖူးပါသေးတယ်။

ဒ့ါကြောင့် ဒီကနေ့ ဒီအချိန်၊ ဒီအခါ၊ ဒီအဆင့်အထိ ရှိနေတာလေးကနေ ပိုလို့ ကျမသွားဖို့က အရေးကြီးပါတယ်။ အားလုံးမှာလည်း တာဝန်ကိုယ်စီ ရှိကြပါတယ်။ စည်းပေါက်ရင်တော့ ချိုင့်ဆွဲ(ပါဆယ်)အဆင့်ကို ပြန်ရောက်သွားနိုင်ပါတယ်။

ဇာတ်စကားနဲ့ပြောရရင်တော့ အားလုံးပဲ “အောင်မောင်းတောင့်ထား” လို့ပဲ ပြောပါရစေ။ ။



ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်အဝင်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုများနှင့်အညီ လက်ဆေးနေမှုကို တွေ့ရစဉ်။



ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုများနှင့်အညီ စားသုံးသူများကို တွေ့ရစဉ်။

# ရန်ကုန်မြို့က စားသောက်ဆိုင်ကြီးအချို့ ပြန်ဖွင့်ပြီ

သျှင်ဝင်းသျှင်၊ ဓာတ်ပုံ - တင်ဝင်းတင်

ရန်ကုန်မြို့က မြို့နယ်အချို့မှာရှိတဲ့ လက်ဖက်ရည်ဆိုင်ကြီးတွေနဲ့ စားသောက်ဆိုင်ကြီးတွေ တရားဝင်ပြန်ဖွင့်လာတာကို ယနေ့တွေ့မြင်နေရပါပြီ။ ဒါဟာ ကောင်းတဲ့ လက္ခဏာဖြစ်လို့ ဝမ်းသာစရာပါပဲ။

**ပေါ့ပေါ့ပါးပါး စကားပြောဆို**

စာရေးသူတို့အပါအဝင် လက်ဖက်ရည်ကြိုက်ကြသူအတော်များများက ချိုင့်ဆွဲ (ပါဆယ်) ဝယ်သောက်ရတာထက် ဆိုင်မှာထိုင်သောက်ရတာကို ပိုနှစ်သက်ကြပါတယ်။ ဖျော်တဲ့လက်ဖက်ရည်က တစ်ဦးတည်းလက်ရာဖြစ်ပေမယ့် ချိုင့်ဆွဲ(ပါဆယ်)ထက် ဆိုင်မှာ ထိုင်သောက်ရတာက ပိုလို့အရသာရှိတယ်လို့စွဲလမ်းမှုတွေ ရှိနေကြပါတယ်။ နောက် မိတ်ဆွေအချင်းချင်းတွေ့ဆုံပြီး ပေါ့ပေါ့ပါးပါး စကားပြောဆိုလို့ ရတာလည်း ပါပါတယ်။

ဆရာကြီး မင်းသိခ်ရေးခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ထဲကလို မုန့်ဟင်းခါးစားပြီးကာမှ မုန့်ဟင်းရည်နည်းနည်းလောက်ဆိုပြီး တောင်းသောက်တာကို ဘယ်သူကစခဲ့တာလည်း မသိဘူးဆိုသလို လက်ဖက်ရည်ဆိုင်ထိုင်တဲ့ အကျင့်ကို ဘယ်သူတွေက စခဲ့တာလည်း မေးရမလိုဖြစ်နေပါပြီ။ ဟိုတုန်းက လက်ဖက်ရည်ဆိုင်လို့ မခေါ်ပါဘူး။ “ကာကာဆိုင်” လို့ပဲ ခေါ်ပါတယ်။

**ပိုစုရုံးခြင်း လုပ်လို့မရ**

အခုတော့ ကိုဗစ်-၁၉ ကြောင့် လက်ဖက်ရည်ဆိုင်တွေမှာ ထိုင်သောက်လို့ မရတော့ပါဘူး။ အခြားနိုင်ငံများနည်းတူ ကိုဗစ်-၁၉ ကြီးက မြန်မာနိုင်ငံကို မတ် ၂၃ ရက်က စတင်ရောက်ရှိလာလို့ပါပဲ၊ အဲဒါကြောင့် လူစုလူဝေးဖြစ်စေတဲ့ ပွဲလမ်းသဘင်နဲ့ အစည်းအဝေးများအပြင် လူငါးယောက်ထက် ပိုစုရုံးခြင်း လုပ်လို့မရတော့ပါဘူး။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးမှုတွေ၊ သတိပေးမှုတွေ၊ တားမြစ်ညွှန်ကြားမှုတွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဒေသန္တရအမိန့်တွေ နေ့စဉ်ရက်ခြားဆိုသလို ထွက်လာခဲ့ပါပြီ။

လက်ဖက်ရည်ဆိုင်ကအစ စားသောက်ဆိုင်တွေအဆုံး ဆိုင်တွေမှာ ထိုင်ပြီးစားသောက်ခြင်းကို လုံးဝခွင့်မပြုတော့ဘဲ ချိုင့်ဆွဲ(ပါဆယ်) စနစ်နဲ့သာ အရောင်းအဝယ်လုပ်စေခဲ့ပါတယ်။ အဓိက ဆိုင်ထိုင်စားသုံးသူတွေ များလာမှသာ အရောင်းအဝယ်ကောင်းတာမို့ ရန်ကုန်မြို့က ဆိုင်ကြီးဆိုင်ငယ်တွေအားလုံး ပိတ်သိမ်းထားကြပါတယ်။

မြန်မာပြည်က အများကြီး ကံကောင်းပါတယ်။ တကယ့်ကို အဘက်ဘက်က တိုးတက်နေတဲ့ နိုင်ငံကြီးတွေမှာ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုဟာ ကြောက်စရာကောင်းလောက်အောင် မြင့်မားမှုတွေနဲ့အတူ ကမ္ဘာ့အဝန်းသုံးသိန်းကျော် သေဆုံးမှုတွေ ရှိနေတဲ့အကြားက မြန်မာနိုင်ငံအနေနဲ့ မေ ၂၃ ရက် ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ ရောဂါပိုးတွေ့ရှိသူ ၂၀၁ ဦးပဲ ရှိခဲ့ပြီး ခြောက်ဦးပဲ သေဆုံးမှုရှိခဲ့တာဟာ ဘုရား တရား သံဃာရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့်ပါ။

**ထင်တိုင်းမပေါက်**

မိဋ္ဌမမ္မတွေ့မြင်ရမှုအပိုင်းကို ပြန်ကြည့်ရင်လည်း နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ ဌာနအသီးသီးရဲ့ စီမံကွပ်ကဲမှု စောင့်ရှောက်မှုဆိုတာကလည်း မျက်ဝါးထင်ထင်ပါ၊ ဒါ့အပြင် ပြည်သူအများစုကလည်း သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ လိုက်နာနေထိုင်မှုကြောင့် ဒီ ကိုဗစ်-၁၉ က ထင်တိုင်းမပေါက် ဝင်တိုင်းမရောက်နိုင်ခဲ့တာလည်း အကြောင်းအချင်းအရာတစ်ရပ် ဖြစ်ခဲ့ပါတယ်။

ဒါပေမယ့် နေရပ်ပြန်အပြင် လူစုလူဝေးတစ်ရပ်ကတစ်ဆင့် ရန်ကုန်က ပိုခံစားလိုက်ရပါတယ်။ ဒါ့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အရ မေ ၂၃ ရက် ည ၈ နာရီအထိ ရောဂါပိုးတွေ့ရှိသူ ၂၀၁ ဦးအနက် ရန်ကုန်က ၁၅၅ ဦးအထိ ရှိလာတာကို တွေ့ရှိရပါတယ်။ သေဆုံးသူခြောက်ဦးမှာတော့ ရန်ကုန်ကတစ်ဦးတည်းပဲ စာရင်းပေါက်ခဲ့ပါတယ်။

**ပြန်နာလန်ထူနိုင်**

ဒီကပ်ဆိုးကြီးဟာ မြန်မာနိုင်ငံအပေါ် အခြားအခြားသော နိုင်ငံကြီးတွေက တွက်ချက်တဲ့အဖြေနဲ့ဆို ပြောင်းပြန်ဖြစ်သွားခဲ့ပါပြီ၊ အခုဆိုရင် ရန်ကုန်မြို့က ပိတ်ထားခဲ့တဲ့ ဈေးကြီးတွေ ပြန်ဖွင့်နေပါပြီ။ ထိုဈေးကြီးတွေကို မျက်ခြည်မပြတ် စောင့်ကြည့်မှုများ ရှိနေရာ ယနေ့တိုင် စိုးရိမ်စရာမတွေ့ရဘဲ မကြာမီ အရောင်းအဝယ် ပြန်နာလန်ထူနိုင်တော့မယ်ဆိုတာကို ယုံကြည်မိပါတယ်။

တစ်ဆင့်တိုးလို့ လက်ဖက်ရည်ဆိုင်များက အစပြုပြီး စားသောက်ဆိုင်တွေ ပြန်ဖွင့်နိုင်ရေးအတွက်ကို ဆိုင်တွေက လိုက်နာရမယ့် စည်းကမ်း၊ စားသုံးသူတွေဘက်က လိုက်နာရမယ့် အချက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မေ ၁၇ ရက်က ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

စားသောက်ဆိုင်တွေမှာ ပြင်ဆင်ထားရမယ့်အချက်က ၁၁ ချက်၊ စားသောက်ဆိုင်မှ တာဝန်ရှိသူတွေ၊ ဝန်ထမ်းတွေ လိုက်နာရမယ့် အချက်ကလည်း ၁၁ ချက်ပါ၊ နောက်ပြီး စားသုံးသူများ လိုက်နာရမယ့်အချက်က ရှစ်ချက်ပါဝင်ပြီး ဆိုင်များက သန့်ရှင်းရေးဆိုင်ရာ အထူးပြုဂရုစိုက်ရမယ့် အချက်က လေးချက်ရှိတာကို တွေ့ရပါတယ်။

**မျက်နှာတစ်ခုလုံးကို အကာအကွယ်ပေး**

ဆိုင်ထဲကိုမဝင်မီ အပြင်လက်ဆေးကန်မှာ လာတဲ့သူ တစ်ဦးမကျန် လက်ဆေးရပါတယ်။ ဝန်ထမ်းတစ်ယောက်ကို ပုံသေထားပြီး အပူချိန်တိုင်းတာစေပြီးမှ ဆိုင်ထဲ ဝင်ခွင့်ပေးတာကို တွေ့ရပါတယ်။ ဆိုင်ဝန်ထမ်းများအားလုံးက နှာခေါင်းစည်းကိုယ်စီတပ်ထားတဲ့အပြင် မျက်နှာတစ်ခုလုံးကို အကာအကွယ်ပေးနိုင်တဲ့ မျက်နှာအကာကိုယ်စီနဲ့ပါ။ စားသုံးသူတွေအတွက် စိတ်ပိုရှင်းရတာပေါ့။

**လေးခုံခွဲထိုင်လိုက်ကြရ**

ဆိုင်ရဲ့အပြင်အဆင်က အတော့်ကို ပုံစံပြောင်းသွားပါတယ်။ အရင် ရောက်ခဲ့ဖူးစဉ်က လေးပေ နှစ်ပေခွဲခန့် စားပွဲအမြင့်ကို(အရင်က မိသားစုလေးငါးယောက် တစ်စုတည်းထိုင်လို့ရပါတယ်) အခုစားပွဲအရှည်ဟိုဘက်ထိပ်မှာ ကုလားထိုင်တစ်လုံး၊ ဒီဘက်ထိပ်မှာ ကုလားထိုင်တစ်လုံးသာ ချထားပေးပါတယ်။ စားပွဲရဲ့အလယ်မှာ အမြင့်နှစ်ပေခန့်ရှိ ပလတ်စတစ်အဖြူ(အကြည်) တစ်ချပ်ကို ပိုက်များနဲ့ ချိတ်ဆက်ကာပေးထားပါတယ်။ စားပွဲခုံတစ်လုံးနဲ့တစ်လုံးကိုလည်း သုံးလေးပေခန့် ခြားထားတာကို တွေ့ရပါတယ်။ အဲဒီနေ့က လေ့လာရင်း စားဖို့သွားတဲ့ မိသားစုက ခုနစ်ယောက်ဆိုတော့ လေးခုံခွဲထိုင်လိုက်ကြရတယ်။

ကောင်းပါတယ်။ စနစ်တကျ ပြင်ဆင်ထားတာကို တွေ့ရပါတယ်။ အဲဒီလိုသာ ရေရှည်သွားနိုင်ရင် ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာဆိုသလို လုပ်ငန်းရှင်(ဆိုင်ရှင်)၊ ဆိုင်ဝန်ထမ်း၊ စားသုံးသူတွေအတွက် အဆင်ပြေလှပါတယ်။ ဒီစနစ်၊ ဒီစည်းကမ်းတွေကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်းသွားဖို့ပဲ လိုပါတော့တယ်။

အဲဒီလိုမှမဟုတ်ဘဲ တဖြည်းဖြည်းနဲ့ လျော့နည်းလာမယ်၊ ပျက်လာမယ်ဆိုရင်တော့ ပထမအကြိမ်မှာ သတိပေးမယ်၊ ဒုတိယအကြိမ်မှာ ဒဏ်ငွေရိုက်မယ်၊

*အချပ်ပို (ဂ) သို့*

> **“စားသောက်ဆိုင်တွေမှာ ပြင်ဆင်ထားရမယ့် အချက်က ၁၁ ချက်၊ စားသောက်ဆိုင်မှ တာဝန်ရှိသူတွေ၊ ဝန်ထမ်းတွေ လိုက်နာရမယ့် အချက်ကလည်း ၁၁ ချက်ပါ၊ နောက်ပြီး စားသုံးသူများ လိုက်နာရမယ့်အချက်က ရှစ်ချက်ပါဝင်ပြီး ဆိုင်များက သန့်ရှင်းရေးဆိုင်ရာ အထူးပြုဂရုစိုက်ရမယ့် အချက်က လေးချက်ရှိတာကို တွေ့ရပါတယ်”**